

www.burmeseclassic.com
နှလုံးသားခံစစ်
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❖ ၅၀၀၅၈၇၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၅၀၀၉၃၀၀၈၀၇

❋ထုတ်ဝေသူ❋

ဦးနေမျိုး(၀၄၀၅၈)၊ နေမျိုးစာပဒေသာ
အမှတ်–၁၊ သုမင်္ဂလာလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

❋မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ❋


ဦးနိုင်လေး (သီရိပိဋကတ်စာပုံနှိပ်တိုက်)
အမှတ် (၃၃၃)၊ ဗိုလ်ဆွန်ပက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့် ဒီဇိုင်း ❖ မမွှေး
ကွန်ပျူတာစာစီ ❖ နရသီ (☎ ၃၈၉၇၉၃)
ပုံနှိပ်ခြင်း ❖ ပထမအကြိမ်
ထုတ်ဝေသည့်လ ❖ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ ❖ ၅၀၀
တန်ဖိုး ❖ ၅၀ ကျပ်
မြန်ရှိရေး ❖ မြတ်မြတ်ချောစာပေ

# ချစ်သူနှင့်နလုံးသားတိုက်ပွဲမှာ ခံစစ်ကိုပဲ အသုံးပြုပါတယ်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

အေးပိုင်က ကင်ထားသည့် ဇရက်တစ်ကောင်၏ ရင်အုံ တစ်ခြမ်းကို မင်းဆက်မှူးကို လှမ်းပေးသည်။

အဘညက်က ထန်းလျက်တစ်ခဲကို ကိုက်၍ အဖန်ရည် တို့ တစ်ကျိုက်မော့သောက်သည်။ ပြီးမှ စကားကိုဆက်၏။

"ဆက်အောင် ရွာရောက်လာတုန်းက မင်းဆက်မှူး က အသက် ဘာရှိဦးမှာလဲ၊ ငါးနှစ်သားအရွယ် လောက် ရှိမှာပေါ့၊ ထွန်းခရဲ့ သူငယ်ချင်းဆိုတော့ တို့ကလည်း ခင်မင်တာပေါ့ကွာ၊ နောက်ပြီးဆက် အောင်ကလည်း လူပေါင်းဆန့်တယ်၊ လူချစ်လူခင် များအောင် နေတတ်တယ်"



www.burmeseclassic.com

မင်းဆက်က စကားဖြတ်ဝင်၏။

"ဒါပေမယ့် အဖေက အရက်ကို နေ့တိုင်းသောက်တာ အဘညာဏ်ရ"

"ဒါကတော့ သူ့ကို အပြစ်ပြောလို့ မရဘူးလေကွာ၊ သူ့ သူငယ်ချင်း ထွန်းခကလည်း အရက်သမားပဲဟာ၊ သူတို့ သူငယ်ချင်းနှစ်ယောက်က အရက်သမားဖြစ်ပေမယ့် ဘယ်သူ့ကိုမှ ရန်လိုရန်မူတဲ့ကောင်တွေ မဟုတ်ဘူး၊ အရက်မူးရင် စကားတောင် ကျယ်ကျယ်ပြောတတ်တာ မဟုတ်ဘူး၊ အလုပ်ဆိုလည်း ဘာလုပ်သလဲ မမေးနဲ့၊ အလုပ်ကို ဘယ်တော့မှ မရွေးဘူး၊ ရေစည်တိုက်မလား၊ ရွာထဲမှာ အိမ်အမိုး လိုက်မိုးပေးရမလား၊ ထင်းခွဲပေးရမလား၊ ဘာအလုပ်မှ မရှိရင် သူငယ်ချင်းနှစ်ယောက် မြစ်ထဲ၊ ချောင်းထဲဆင်းပြီး ငါးရှာကြတာ၊ အရက်သောက်တယ် ဆိုတာကလည်း အလုပ်တွေပြီးလို့ ညနေရောက်မှ သောက်ကြတာပါကွာ၊ နေထွက်ကနေ နေဝင်ထိ သောက်နေကြတာ မဟုတ်ပါဘူး"

မင်းဆက်မှူးကတော့ အဘညာဏ်စကားကို နားထောင်ရင်း ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။ အေးပိုင်ကတော့ ဇရက်တောင်ပံရိုးကို တကျွတ်ကျွတ်ဝါးနေ၏။





"အင်း... ထွန်းခ အသည်းခြောက်ရောဂါနဲ့ဆုံးတုန်းက ဆက်အောင်တစ်ယောက် အရက်ဖြတ်ပြီထင်တာ၊ သူငယ်ချင်းအတွက် စိတ်ထိခိုက်တယ်ဆိုပြီး အရက်ကို ပိုပြီးတော့တောင် သောက်တော့တာပဲ"

မင်းဆက်မှူး အတွေးတွေဝေသွားသည်။

ဘာပဲဖြစ်ဖြစ် သူတို့သားအဖ ဦးလေးထွန်းခကိုတော့ သူ့ငှူးတင်ရမည်။

ဦးလေးထွန်းခက တစ်ကိုယ်ရေလူလွတ် လူမျိုကြီး။ ပိုင်ဆိုင်သည့် ခြံဝိုင်းကလေးနှင့် အိမ်ကလေးမှာ သူတို့သားအဖကို ထိုလိုလားလား ခေါ်ထားသည့် သူ့အဖေ၏ကျေးဇူးရှင် သူငယ်ချင်း။

ဦးလေးထွန်းခဆုံးတော့ ဦးလေးထွန်းခ၏ အမွေအဖြစ် အိမ်နှင့်ခြံဝိုင်းကလေးကို သူငယ်ချင်းဖြစ်သူ အဖေက ဆက်ခံရသည်။ သို့ကြောင့်လည်း သရက်ကုန်း ကျေးရွာကလေးမှာ သူနှင့်အဖေ အခြေမပျက် နေထိုင်နိုင်ခြင်းလည်း ဖြစ်သည်။

"ဦးလေးထွန်းခက သရက်ကုန်းရွာသားလား အဘညာဏ်"

"မဟုတ်ဘူးကွ၊ ရွာဦးဆရာတော် ဘယ်ကခေါ်လာမှန်းလည်း တို့ မသိဘူး၊ ရွာသူရွာသားတွေနဲ့ အဆင်ပြေအောင် ပေါင်းတတ်တော့ တို့ရွာသားလိုဖြစ်သွားတာပေါ့ကွာ၊ မင်းအဖေလိုပေါ့၊ သာရေးနာရေးကိစ္စတွေမှာ ထွန်းခကတော့ ဘာအတူအညီရသလဲ မပြောနဲ့"

www.burmeseclassic.com



"ကဲ... အဘာညာဏ်၊ ကျွန်တော်တို့ ခြံစည်းရိုးတွေ ဆက်ကာ ပေးမယ်နော်"

"အေးအေးဆေးဆေး အနားယူကြပါဦးလားကွ၊ အဖန်ရေလေးလည်းသောက်လေကွာ၊ နေပါဦး မင်းတို့ စားနေကြတဲ့ ဇရက် အယ်အပင်ပေါ်က ရတာလဲ"

"စည်းရိုးပေါ်မှာ လာနားနေတာ အဘရဲ့ အေးပိုင်က လောက်လေးတစ်ချက်ပဲ ဆော်ထည့်လိုက်တာ"

"အေး... ဒီကောင်ကတော့ ငယ်ငယ်လေးကတည်းက လက်ဖြောင့်တာ၊ တစ်ခါရွာထိပ်က ဒေါ်ခင်မိုးကြီးရဲ့ ကြက်မကို လေးနဲ့ပစ်လာတာလေ၊ အဖွားကြီးက ကိုင်းခုတ်ဓါးနဲ့လိုက်တာ၊ ဒင်းအပြေးသန်လို့သာပဲ"

အေးပိုင်က ရယ်နေ၏။

"အေးပေါ့ကွာ၊ သည်အရွယ်ကတော့ သည်လိုပဲပေါ့၊ အဘအသက်ဆယ်နှစ်၊ ဆယ့်နှစ်နှစ် အရွယ်တုန်းကလည်း မင်းတို့လိုပါပဲ၊ လောက်လေးခါးကြားထိုးပြီး ရွာရိုးကိုးပေါက် ငှက်လျှောက်ပစ်နေတာ"

အဘညာဏ် စကားများကို နားထောင်ရင်း သူနှင့်အေးပိုင် လက်ကျန်စည်းရိုးများကို ဆက်တာသည်။

အားလုံးပြီးစီးတော့ သူနှင့်အေးပိုင်ကို အဘညာဏ်က ညနေစာကျွေးပြီး အပြန်မှာ မုန့်ဖိုးငါးဆယ်စီပေးသေး၏။





သူအိမ်ပြန်ရောက်တော့ အဖေ့ကို ပုလင်းတစ်လုံးနှင့် တွေ့သည်။

"ဘာအမြည်းမှ မရှိဘူးလား အဖေ"

"မရှိပါဘူး သားရယ်"

သူ အဖေ့ကို တစ်ချက်စောင်းငဲ့ကြည့်ပြီး ခါးပုံစကို ဖြည်ထိုတ်သည်။ ပလပ်စတစ်အိတ်ကလေးနှင့် ထုပ်ထားသည့် ဇရက်နှင်အုံသားလေးကို အဖေ့ကို ထုတ်ပေး၏။

"လိမ္မာလိုက်တဲ့ သားရယ်၊ ဒါပေမယ့် အဖေ့ကို အဲသလောက် မသိတတ်ပါနဲ့ကွာ"

"ဘာဖြစ်လို့လဲ အဖေ"

"အဖေ အရက်သောက်နေတာကိုက အဖေ့သားလေးပေါ်မှာ အပြစ်ကြီးတစ်ခု ကျူးလွန်ထားသလို ဖြစ်နေတာပါကွယ်"

မင်းဆက်မှူး ဘာမျှပြန်မပြော။

အဖေ့နံဘေးမှာ အသာလဲလျောင်းလိုက်သည်။

"သား ထမင်းစားပြီးပြီလား"

"စားပြီးပြီ အဖေ၊ အဘညာဏ်ကျွေးလိုက်တယ်၊ မုန့်ဖိုးလည်း ငါးဆယ်ပေးလိုက်တယ်၊ အဖေယူထားလေ"



www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့ ကျောင်းစာအုပ်ဖိုး သိမ်းထားလေ၊ အဖေ
လည်း ဦးမိုးသာတို့ ရေစည်လှည်းတိုက်ပေးတာ ငွေ
တစ်ရာရတယ်၊ သားကျောင်းစရိတ်အတွက် အဖေ
ဖယ်ထားတယ်၊ အဖေအရက်သမားကြီးဆိုပြီး အား
မငယ်ပါနဲ့ သားရယ်၊ အဖေက သူများအဖေတွေနဲ့
မတူတဲ့ အရက်သမားအဖေပါ"

မင်းဆက်မှူး ပင့်သက်ကို ခပ်လေးလေးကလေး ချလိုက်သည်။ အရက်သောက်မှုအတွက် သူအဖေ့ကို မမုန်းတာတော့ အမှန်ပါပဲ။

☆ ☆ ☆

[ ၂ ]

ကျောင်းမှ ပြန်ရောက်ရောက်ချင်း အဖေ့ကို ကွပ်ပျစ်ပေါ်မှာ ပက်လက်ကလေးတွေ့ရသည်။ အဖေ့နံဘေးက ပုလင်းထဲမှာ လက်ကျန်အရက်က ဖင်ကပ်မျှလောက်သာရှိတော့သည်။

"အဖေကတော့ ဒုက္ခပါပဲဗျာ၊ အဖေ့ဘဝမှာ ကျွန်
တော်နဲ့အရက်ပဲ ရှိတော့တယ် ထင်ပါရဲ့"

မင်းဆက်မှူးက သိုင်းလွယ်ထားသည့် လွယ်အိတ်ကလေးကို ချွတ်ပြီး ဝါးကပ်နံရံမှာ ချိတ်လိုက်သည်။ ဗိုက်က ဆာလောင်နေသဖြင့် အဖေ့ကို ပြန်လှည့် မကြည့်အားသေး။ ထမင်းအိုးကို လှန်ပြီး မနက်ကကျန်သည့် ထမင်းကြမ်းကို သံပန်းကန်ပြားထဲ ထည့်လိုက်သည်။ ဟင်းကတော့ ထုံးစံအတိုင်း ငါးပိရည်ကျဲကျဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြမ်းကိုနှင့် ငါးပိရည်ကို နယ်ဖတ်စားပြီး ညနေစာကို ပြီးစီးရသည်။ စားသောက်ပြီးတော့ သူအဖေ့နား ပြန်လာခဲ့သည်။ အဖေကတော့ တုတ်တုတ်ကို မလှုပ်။

"အဖေ... အဖေ"

သူ အဖေကို လှုပ်နှိုးသည်။

ချွေးဆီပြန်နေသော အဖေ့ မျက်နှာသည် အပူအပင်ကင်းမဲ့လွန်း၏။

"အဖေ... အဖေ... သေများ သေနေပြီလား"

အဖေက မလှုပ်။

"အဖေရာ၊ အဖေသေလို့တော့ မဖြစ်သေးဘူးဗျ၊ အဖေသေရင် ကျွန်တော်ကျောင်းကို ဘယ်လို ဆက်တက်ရမှာလဲ၊ နောက်ပြီး ကျွန်တော် ဘယ်သူနဲ့ နေရမှာလဲ"

သူ့စကားတွေက ရင်ထဲက ပွင့်ထွက်လာသည်။ အဖေကတော့ တစ်ချက်ကလေးမျှပင် လှုပ်လှုပ်မလာ။

"ကဲ... လက်ကျန် အရက်ကို ထပ်တိုက်မယ်ဗျာ၊ အဖေ မျက်လုံးလေးကို ဖွင့်ကြည့်ပါတော့"

မင်းဆက်မှူးက အဖေ့နံဘေးမှ အရက်ပုလင်းကို လှမ်းဆွဲယူသည်။ ပြီး လက်ကျန်အရက်ကို အဖေ့ပါးစပ်ထဲသို့ လောင်းထည့်လိုက်၏။





"ဟော၊ အဖေသတိရလာပြီ၊ အဖေ့တို့ အရက်သမားတွေကတော့ အံ့ပါဗျာ၊ အရက်နဲ့နှိုးတော့မှ နိုးတော့တာပဲ"

"သားကျောင်းက ပြန်ရောက်လာပြီကိုး၊ သား ထမင်းစားပြီးပလားဟင်"

မှက်လက်အနေအထားမှ အဖေ ထထိုင်သည်။

"ခုပဲ စားပြီးတယ်"

"ဟင်... သား ဘာဟင်းနဲ့စားလိုက်လဲ"

"အဆန်းလုပ်လို့ အဖေရာ၊ ငပိရည်ကလွဲလို့ ဘာဟင်းနဲ့များ စားစရာရှိလို့လဲ"

"ဩော်... သားရယ်၊ အဖေအရက်ဆိုင်က သားအတွက် လယ်ကြွက်ကင်ကလေး ဝယ်လာတယ်၊ သားက ကြောင်အိမ်ထဲ ဘာထဲမှ မကြည့်ဘဲကိုး"

သူ အဖေ့ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွားသည်။

အဖေသည် အရက်ကို ဘယ်လောက်ပင် သောက်ထားသောက်ထား၊ အိမ်ကို ဘယ်တော့မှ ရုပ်ပျက်ဆင်းပျက် ပြန်လာလေ့မရှိ။ နောက်ပြီး အဖေ့လုပ်အားခ ပိုပိုလျှံလျှံလေးရလျှင် ရံဖန်ရံခါမှာ အဖေသည် သူ့အတွက် အရက်ဆိုင်က အမြည်းတစ်ခုခုကို ဟင်းအဖြစ် ဝယ်လာတတ်သည်ကို သူမေ့လျော့နေသည်မှာလည်း သူ၏မိုက်မဲမှုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညကျမှ အဆာပြေစားတာပေါ့ အဖေရာ"

အဖေက သူ့မျက်နှာကို တွေတွေကလေး စိုက်ကြည့်နေ၏။ သူက ကွပ်ပျစ်ပေါ်မှာ ခြေတွဲလျောင်းချထိုင်ရင်းမှ...

"အဖေ"

"ဘာလဲ သား"

"အဖေ အရက်မသောက်ဘဲ နေလို့ မရဘူးလားဗျာ၊ အဖေ့မှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ရပြီး ထမင်းကို ဟင်းကောင်းကောင်းနဲ့ စားတယ်လို့ ဘယ်နှစ်ခါများ ရှိခဲ့လို့လဲ၊ အဖေ အရက်သောက်မစ်တဲ့ ပိုက်ဆံကို ဟင်းကောင်းကောင်းချက်ရင် ရပါတယ်ဗျာ"

"အရက်က အဖေ ဝယ်သောက်တာထက် သူများ တိုက်တာက များပါတယ် သားရယ်၊ သူတို့က အဖေ့ ကို လုပ်အားခ မပေးဘူး၊ အရက်ပုလင်းပဲ ပေးကြတာ"

"မယူနဲ့ပေါ့ အဖေရ၊ ပိုက်ဆံပဲ တောင်းပေါ့"

"မတောင်းရက်ပါဘူး သားရယ်"

သူအဖေ့ မျက်နှာလှမ်းကြည့်တော့ ဝေသီနေသည့် မျက်လုံးအိမ်ကိုတွေ့သည်။

သူအဖေ့ကို စကားတစ်ခွန်းတော့ မေးချင်နေ၏။ သည်စကားအပေါ်မှာ အဖေ စိတ်သောက ရောက်မည်ကိုလည်း စိုးရိမ်သည်။





ဘာပဲဖြစ်ဖြစ် သူမေးချင်သည့် စကားကိုတော့ အဖေ့ မျက်နှာကို မကြည့်တော့ဘဲ ပြောချပစ်လိုက်၏။

"အဖေ ဒီလိုသာ အရက်သောက်နေရင် ကျောင်းစာတွေ အများကြီးတတ်တဲ့ ပညာတတ်ကြီး ဖြစ်ဖို့ ကျွန်တော့်မှာ မျှော်လင့်ချက်ရှိပါဦးမလား အဖေ"

ပြောပြီး သူအဖေ မျက်နှာကိုကြည့်တော့ အဖေ ခေါင်းကြီး ငိုက်ကျသွားသည်ကို သူမြင်လိုက်ရပါ၏။

"ကျွန်တော့်ကို ဆရာဦးမောင်မိုးက ပြောတယ်၊ မင်း ဆက်မှုက ဉာဏ်ရည်ထက်မြက်တယ်တဲ့၊ သင်ပြရင် နားဝင်လွယ်တယ်တဲ့၊ မင်းအဖေက မင်းကို ပညာဆုံးခန်းတိုင် သင်မပေးနိုင်မှာကိုပဲ ဆရာစိုးရိမ်တယ်တဲ့"

စကားအဆုံးမှာတော့ အဖေက သူ့ကို ဇက်ကျိုးနေရာမှ အားယူကြည့်သည်။

အဖေ့ မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေ့နေပါ၏။

ဩော်... တကယ်ဆို သူသည် စကားကို အဖေ့ကို ပြန်မပြောသင့်ပါဘူး။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

မြင်ကွင်းက ဘယ်လိုမှ သက်သာခြင်း မရှိ။

ခြေအစုံကိုရပ်ပြီး မင်းဆက်မှူးက လှုပ်ရှားနေမှုများကို စူးစိုက်ကြည့်သည်။

နှစ်ယောက်နှင့်တစ်ယောက်။

ပထမတော့ သူငယ်ချင်းချင်း သတ်ပုတ်တန်း ကစားနေသည်ဟု သူထင်ခဲ့၏။

ဘယ်ဟုတ်ပါမည်လဲ။

နှစ်ယောက်ကတစ်ယောက်ထဲ သမားကို အသားကုန်ဝိုင်းထိုးနေသည့်ရန်ပွဲ၊ ခံနေရသူက...

"ဟာ... အေးပိုင်ပါလား"





မင်းဆက်မှူးက အကြောချဉ်တွေ တောင့်တင်းသွားသည်။ အဝေးကရပ်ပြီး ငေးကြည့်နေရာမှ ရန်ပွဲဆီသို့ တဟုန်ထိုးပြေးသွားသည်။

"ဩ... ညိုမောင်နဲ့ အောင်စံကိုး၊ မင်းတို့ တော်တော်မတရားနိုင်တဲ့ ကောင်တွေပဲ"

ပြောလည်း ပြောသည်။

လက်သီးလုံးတွေကလည်း တရစပ်ပါသည်။

နှစ်ယောက်ချင်း ဖြစ်သော်လည်း ညိုမောင်နှင့် အောင်စံတို့ကို ဘယ်လိုမှ မယှဉ်နိုင်။ ကိုယ်အလုံးအဖန်မှာ အေးပိုင်နှင့် ဆူညီမှုရှိသော်လည်း မင်းဆက်မှူးနှင့်ယှဉ်ရင်တော့ အလုံးအထည်ကသေးသည်။

အားကိုး ရောက်လာသဖြင့် အေးပိုင်ကလည်း လဲမြို့မနေတော့။ နှစ်ယောက်သား အသာစီးမှ ဖိထိုးနေဆဲမှာ...

"ဟဲ့... ဟဲ့... ရပ်ကြစမ်း၊ ကြည့်ကြစမ်းပါဦးဗျာ၊ တစ်ရွာတည်းသား သူငယ်ချင်း အချင်းချင်း အသေအကြေ လုပ်နေလိုက်ကြတာဗျာ"

ရွာလယ်ပိုင်း ဦးပေါဖြူ ရောက်လာတော့မှ ရန်ပွဲက ပြီးတော့သည်။ ပြီးဆုံးသည့် ရန်ပွဲမှာ မင်းဆက်မှူး၏ လက်သီးလုံးများကြောင့် ညိုမောင်နှင့်အောင်စံ မျက်နှာမှာ ဖူးယောင်မဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အခြားရွာက ကောင်တွေနဲ့ဖြစ်ရင် ငါ မပြောပါဘူး ကွာ၊ ခုတော့ အချင်းချင်းတွေ ထိုးကြိတ်နေလိုက် ကြတာများ မင်းတို့ကိုယ်မင်းတို့ ဗိုလ်ဒီယိုရိုက်နေကြ တယ်ဗျား ထင်နေသလား၊ သွားကြ... သွားကြ၊ ကိုယ့်လမ်းကိုယ်သွားကြ၊ သည်တစ်ခါ ရန်ဖြစ်တာ တွေ့ရင်တော့ မင်းတို့လေးယောက်ကို လူကြီးတွေဆီ ဖမ်းပို့မယ်"

ညိုမောင်နှင့်အောင်စံ ပေစောင်းစောင်းနှင့် ထွက်သွား သည်။

ဦးပေါ်ဖြူ ထွက်သွားမှ သူနှင့်အေးပိုင် ညောင်ပိုင်ကြီး၏ ညောင်အမြစ် တစ်ခုပေါ်မှာ ထိုင်လိုက်ကြသည်။

"မင်းသာ ရောက်မလာရင် ဒီကောင်တွေ လက်ချက် နဲ့ ငါသေများသေမလား မသိဘူး"

"ကိုယ့်တစ်ရွာထဲသားတွေ ရန်ဖြစ်တာ ဘယ်ကောင်း မလဲကွာ၊ ငါက မင်းကိုထိလို့ ဝင်ထိုးရတာ၊ နေပါဦး ဘယ်လိုက စဖြစ်တာလဲ"

"မင်းနဲ့ ပတ်သက်ပြီး စဖြစ်တာပေါ့ကွ"

"ငါနဲ့ ပတ်သက်ပြီး ဟုတ်လား"

မင်းဆက်မှူး မျက်လုံး နည်းနည်းပြူးသွားသည်။

သူသည် ရွာထဲမှာ ငြိမ်ငြိမ်အေးအေးနေသူ။





သူ မည်သူ့ကိုမျှ စော်ကားမော်ကားပြုမူနေခြင်း မရှိသလို သူ့ကို ထိပါးလျှင်လည်း မြွေဟောက်တစ်ကောင်လိုတော့ တုန့်ပြန် တတ်သည်။

"ဟုတ်တယ် မင်းဆက်မှူး၊ ပထမ သူတို့နဲ့ငါ ဒိုးပစ်နေ တာ အေးအေးဆေးဆေးပဲ၊ မောလို့ သစ်ရိပ်အောက် ထိုင်ကြမှ ပြဿနာဖြစ်တော့တာ"

အေးပိုင်က စကားကို ခဏရပ်ထားသည်

မင်းဆက်မှူးက နားကို စွင့်ထား၏။

"ညိုမောင်က ပြောတာ၊ မင်းနဲ့ပေါင်းနေတဲ့ကောင်က တို့ရွာသား မဟုတ်ဘူးတဲ့၊ အမေလည်း မရှိဘူးတဲ့၊ သူ့အမေက ဒီကောင်ငယ်ငယ်လေးထဲက နောက် ယောကျ်ား နောက်လိုက်သွားလို့ သူ့အဖေနဲ့အတူ တို့ရွာကို မျက်စိလည်လမ်းမှား ရောက်လာတာတဲ့"

"မဟုတ်တာကွာ၊ ငါငယ်ငယ်လေးကတည်းက အ မေ ဆုံးသွားတယ်ဆိုတာ မင်းကို ငါပြောဘူးသားပဲ"

"မင်း အမေကို မြင်ဘူးလိုက်သေးလား"

"ငါ မွေးတင်းစအရွယ် အမေဆုံးတာဆိုတော့ ငါ ဘယ်လိုလုပ်မှတ်မိမှာလဲ"

"အေးလေ၊ ငါက အဲဒါကို ပြောပြတယ်၊ ဒီကောင် တွေ မတရားပြောလာတော့ ငါနဲ့ထချကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်တော့ ရန်မဖြစ်ပါနဲ့ အေးပိုင်ရာ၊ ငါ့ဘ၀ ကုသိုလ်ကံကလည်း ကောင်းခဲ့တာမှ မဟုတ်ပဲ"

"နောက်ပြီး ငါ မခံချင်ဆုံး စကားတစ်ခွန်းပါတယ်ကွ"

"ဘာစကားလဲ"

"မင်းက အရက်သမားသားထိလို့ နာသလားဆိုတဲ့ စကားပဲ၊ အဲဒီ စကားအပြောမှာ ငါက ထထိုးတာ၊ နှစ်ယောက်တစ်ယောက်ဆိုတော့ ငါ ခံရတာပေါ့၊ မင်းဆက်မှုရာ၊ မင်းသာ ရောက်မလာရင် ဒီကောင်တွေ ငါ့ကိုအရေခွံချွတ်မှာပဲ"

ညောင်ရွက်လေတိုးသံကို တဖျတ်ဖျတ် ကြားနေရသည်။

သူက ဘာစကားမှ ပြန်မပြောတော့ဘဲ အေးပိုင် မျက်နှာမှ ဖူးယောင်နေသည့် ဒဏ်ရာကို လက်ပွတ်ပေးသည်။

"မင်းက လူကောင်ကြီးထွားပြီး သိပ်သည်းခံတတ်တဲ့ ကောင်ပဲ၊ ကိုယ့်ကို မတရားပြောရင် ဆော်သာဆော် ပစ်ကွာ၊ သူလည်း အသက်တစ်ချောင်း ကိုယ်လည်း အသက်တစ်ချောင်းပဲ"

ဘာပဲဖြစ်ဖြစ် အေးပိုင်က သူ့ဘက်မှနာသည်။

"အေးပါ၊ နောက်ဆို ငါသည်းမခံတော့ပါဘူး"

အေးပိုင်သူနှင့် အိမ်လိုက်လာသေးသည်

ညနေစောင်း အဖေပြန်လာခါနီးမှာ အေးပိုင်ပြန်သွား၏။

☆ ☆ ☆



[ ၄ ]

လမ်းမပေါ်မှာ အဝေးပြေးခရီးသည်တင် ကားကြီးများ အစုန်အဆန် ပြေးလွှားနေကြသည်ကို အဖေက ငေးမောကြည့်နေသည်။

သူက ကားလမ်းနံဘေး ဇရပ်ပျက်ကလေးမှာ အဖေနဲ့ အတူ ထိုင်နေရင်း အဖေ့မျက်နှာကို ခပ်ငေးငေးကြည့်ပြီး...

"အမေ အဖေ့ကိုပစ်ပြီး နောက်ယောကျ်ားနောက် လိုက်သွားတယ်ဆိုတာကတော့ မဟုတ်ပါဘူးနော် အဖေ"

သူ့စကားကြောင့် အဖေငေးနေရာမှ တွန့်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးသားရာ၊ သားခြောက်လသားအရွယ်
မှာ သားအမေဆုံးသွားတာပါ"

"အမေ ဆုံးသွားတဲ့နေ့ကစပြီး အဖေအရက်သောက်
တော့တာပဲလား"

ညနေစောင်းစ လေအေးက ခပ်ရမ်းရမ်းတိုက်သွားသည်
သည့်နေ့မှာ အဖေသည် ထူးထူးခြားခြား အရက်မသောက်
သူနှင့်အတူ ရွာအပြင်ဘက် တားလမ်းနဘေး ဇရပ်ပျက်ကလေး
မှာ လာထိုင်ခြင်းဖြစ်သည်။

သို့သော်လည်း တစ်ခုတော့ သူစဉ်းစားလို့ရပါသည်
အဖေသည် အရက်သောက်ရန် ပိုက်ဆံမရှိသည့်အခါများ
သူ့ပခုံးကိုဖက်ပြီး ရွာအပြင်ဘက်ထွက်၍ သည်ဇရပ်ပျက်ကလေး
မှာ သားအဖနှစ်ယောက် လာရောက်ထိုင်နေကျလည်းဖြစ်သည်

"ကျွန်တော်မေးတာကို အဖေဖြေလေဗျာ"

"ဘာကိုလဲ သား"

"အမေဆုံးတဲ့ နေ့ကစပြီး အဖေအရက်သောက်တာ
လားလို့"

"မ... မဟုတ်ပါဘူးသားရယ်"

"ဟင်း... ဒါဆို အဖေက အမေနဲ့ မရခင်ကတည်း
က အရက်သမား ဖြစ်နေတာကိုးဗျ"

သူ့စကားကို အဖေမဖြေတော့။

ခေါင်းကို ငိုက်စိုက်ချသွားသည်။





အဖေ ပုံစံကိုကြည့်ပြီး သူ အဖေ့ကို အရမ်းသနားသွား
သည်။ တကယ်ဆို ပြင်းထန်သော စကားများကို အဖေ့အတွက်
သူ့နှုတ်မှ မထွက်သင့်ပေ။

"အဖေ"

သူ အသံတိမ်တိမ်လေးနှင့် အဖေ့ကိုခေါ်သည်။

"ဘာလဲသား"

"အဖေ ကျွန်တော့်ကို ချစ်တယ်မို့လားဗျာ"

"ချစ်တာပေါ့ သားရယ်"

"ချစ်ရင် အဖေ အရက်မသောက်ပါနဲ့လားဗျာ၊ ရွာထဲ
မှာ အလုပ်ကြမ်းတွေကိုလည်း အဖေလုပ်ရ၊ သည်
နှစ်ထဲမှာ အဖေဘယ်လောက် အိုစာနိုင်သွားတယ်ဆို
တာ မှန်ထဲမှာပြန်ကြည့်ပါဦးဗျာ၊ နောက်ပြီး ကျွန်
တော်ကိုလည်း ရွယ်တူသူငယ်ချင်းတွေက အရက်သ
မားသားဆိုပြီး မပေါင်းသင်းချင်ကြဘူး၊ သူငယ်ချင်း
တွေထဲမှာ အေးပိုင်တစ်ယောက်ပဲ ကျွန်တော့်ကို ညှာ
ညှာတာတာရှိတယ်၊ သူ့မုန့်ဖိုးထဲကဆို ကျွန်တော့်ကို
အမြဲတစ်ဝက်ခွဲကျွေးတယ်"

သူ့စကားကို နားထောင်ရင်း အဖေ့မျက်နှာတွေတွေ ငေး
ငေးဖြစ်နေ၏။ ကုန်လွန်ခဲ့သော အတိတ်ကိုလည်း အဖေ တွေး
တောနေပုံရပါသည်။

အဖေ အမေ့ကို သတိရနေသလား။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့စိတ်ကြောင့် အမေ သေရတာတော့ မဖြစ်နိုင်ပါ။ အဖေသည် စိတ်သဘောထားကောင်းပြီး တစ်ဖက်သားအပေါ် နိုင်လိုမင်းထက် စိတ်သဘာဝမျိုး မရှိသည်ကိုတော့ သူကောင်းကောင်းသိသည်။

သားအဖနှစ်ယောက် တိတ်ဆိတ်ငြိမ်သက်နေဆဲမှာပဲ ခေါင်းစိမ်းရောင် ခေတ်ပေါ်ဆလွန်းကားကြီးတစ်စီး ဖြတ်မောင်းသွားသည်ကို လှမ်းကြည့်နေခိုက်မှာ ကားကြီးက သူတို့သားအဖထိုင်နေသည့် ဇရပ်နှင့်ခပ်လှမ်းလှမ်း အကွာမှာ ထိုးရပ်သွားသည်။

သားအဖနှစ်ယောက် ငေးစိုက်ကြည့်နေဆဲမှာ ကားက လမ်းမကြီးအတိုင်း နောက်ပြန်မောင်းလာပြီး ထိုင်နေသည့် ဇရပ်ဖျက်ကလေး ရှေ့မှာရပ်သွား၏။

"ဆက်အောင်... ဆက်အောင်၊ မင်းဆက်အောင်ဟုတ်တယ်မို့လား"

ကားပေါ်မှ အသက်ခြောက်ဆယ်စွန်းစွန်းရှိ ခန့်ခန့်ဝဝ လူကြီးတစ်ယောက်က အဖေ့ကို စူးစိုက်ကြည့်ပြီး ခေါ်သည်။

"ဟာ... ဆ... ဆရာ"

အဖေ ပျာပျာသလဲနှင့်ထပြီး ကားဆီသို့ အပြေးကလေးသွား၏။

"ဆက်အောင်ရယ်၊ မင်းရုပ်က လူရုပ်မပေါက်တော့ဘူး၊ ငါတပည့် အရင်းခေါက်ခေါက်မို့ လူရုပ်ကို ဖမ်းမိတာ"





"မမျှော်လင့်ဘူး ဆရာရယ်၊ သည်လမ်း သည်နေရာမှာ ဆရာ့ကို တွေ့လိမ့်မယ်လို့ ကျွန်တော် ဘယ်လိုမှ မမျှော်လင့်ဘူး"

သူ အဖေနား ပြေးကပ်လာခဲ့သည်။

အဖေက ဆရာဟု ခေါ်သည့် လူကြီးက ကားတံခါးဖွင့်ပြီး ကားပေါ်မှ ဆင်းလာ၏။ ကားမောင်းသည့် ဒရိုင်ဘာအဘိုးကြီးကတော့ အဖေနှင့်အဖေ့ဆရာကို အငေးသား ကြည့်နေ၏။

"မင်းအရင်လို အရက်သောက်တုန်းပဲလား"

"ကျွန်တော် လျှော့သောက်ပါတယ် ဆရာ"

"တယ်ခက်ပါလား ဆက်အောင်ရာ၊ မင်းဘဝမှာ အရက်ကြောင့် မဖြစ်သင့်တာတွေလည်း ဖြစ်ခဲ့ပြီ၊ ဒါနဲ့ သည်ကလေးက..."

"သားလေဆရာ၊ ကျွန်တော့်သား"

"ဟုတ်လား၊ မင်းသားတောင် သည်အရွယ်ရောက်ပြီပဲ၊ ဒါနဲ့ထွန်းခ တစ်ယောက်ကော ဘယ်ရောက်နေလဲ"

"သည် သရက်ကုန်းရွာမှာဆရာ"

"ငါ တွေ့ချင်တယ်"

"ထွန်းခ ဆုံးသွားပြီဆရာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အကြောင်းမြှုပြီးတော့ သရက်ကုန်းရွာကို ကျွန်တော် ရောက်လာတာပါ ဆရာ၊ သည့်တုန်းက သားလေးအသက်က ငါးနှစ်ပဲရှိပါသေးတယ်၊ သူငယ်ချင်းနှစ်ယောက် ကျဘမ်းအလုပ်ကလေးတွေ လုပ်ရင်း ပျော်ပျော်ရွှင်ရွှင်နေရင်းက..."

"အရက်ကြောင့် ထွန်းခ ဆုံးတယ်ဆိုပါတော့ကွာ"

အဖေ ခေါင်းကြီးစိုက်ကျသွားသည်။

အဖေ့ဆရာသည် အဖေနှင့်ဦးလေးထွန်းခ အကြောင်းကို အတော်သိပုံရပါ၏။

"အခု မင်း သရက်ကုန်းရွာမှာပဲပေါ့"

"ဟုတ်ပါတယ် ဆရာ၊ သူငယ်ချင်းထားခဲ့တဲ့ တဲနဲ့ခြံဝိုင်းကလေးမှာ ကျွန်တော်တို့သားအဖ နေပါတယ်"

"အသက်လည်း မငယ်တော့ဘူး ဆက်အောင်ရာ၊ ကိုယ့်သားလေး လူတစ်လုံး သူတစ်လုံးဖြစ်ဖို့အတွက် မင်းမှာ တာဝန်ရှိသေးတယ်၊ ကဲ... ရော့၊ မင်းသုံးဖို့ ငါမင်းကို အရက်ဖိုးပေးတာ မဟုတ်ဘူးနော်"

အဖေ့ဆရာက အဖေ့ကို တစ်ထောင်တန်ဆယ်ရွက် ထုတ်ပေးသည်။ သူ့အတွက် မုန့်ဖိုးငါးထောင်မေးတော့ သူ့လက်တွေက မယူရဲဖြစ်နေသေး၏။





"ဘဘက လူကလေးကို မုန့်ဖိုးပေးတာ၊ ယူပါကွဲ့၊ ဘဘကို ကြောက်စရာမလိုပါဘူး"

ဆိုတော့မှ သူ ငွေစက္ကူရွက်များကို လက်ကလေး ကတုန်ကယင်နှင့်လှမ်းယူသည်။

"ငါ သွားတော့မယ် ဆက်အောင်၊ လိမ်လိမ်မာမာ နေပါကွာ"

"ဆရာ ဘယ်က လာတာလဲဟင်"

"မိတ္ထီလာက ဆင်းလာတာ"

"ဆရာ ပင်စင်ယူလိုက်တယ်ဆိုတာတော့ ကျွန်တော် ကြားပါတယ်"

"ဟုတ်တယ်၊ ဆေးပင်စင်တင်ပြီး ကုမ္ပဏီ ထောင်ထားတယ်"

ကားဘီးအလှိမ့်မှာ အဖေက လက်အုပ်ကလေးချီသည်။ အဖေ့ ဆရာက ခေါင်းညိတ်ပြီး အသိအမှတ်ပြုပါ၏။ သူ အတော့ထံပါးမှ ဘီးလိမ့်ထွက်သွားသော ကားကြီးကို အငေးသား ကြည့်နေမိသည်။ ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲမှာတော့ ပျော်နေ၏။

သူ့ အသက်ဆယ်နှစ်နှစ် ရှိပါပြီ။

သူ့ဘဝမှာ သည်လောက် ငွေများများကို သည်တစ်ခါပဲ ကိုင်ဖူးခြင်းဖြစ်ပါသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

"စိတ်ရှည်မှပေါ့ သမီးရယ်၊ မသကာ လက်မောင်းလောက်၊ ပခုံးလောက် ရိုက်လိုက်ရင်ပြီးတဲ့ဟာ၊ ခုပါးကို နှစ်ချက်တောင် ဆင့်ရိုက်တယ်ဆိုတော့ သမီးဘက်က လွန်တယ်လို့ ဖေဖေထင်တယ်"

"ဖေဖေ သမီးကို လွန်တယ် မပြောနဲ့၊ ခြံစောင့်သမီးဘယ်လောက် လူပါးဝတယ်ဆိုတာကိုတော့ ဖေဖေမသိဘူး"

'မဟော်' ၏ အသံက မာဆတ်နေ၏။

ဦးမျိုးမောင်က စီးကရက်ကို တစ်ချက်ရှိုက်ရင်း သမီးဖြစ်သူ
မျက်နှာကို ကြည့်နေသည်။ ဒေါ်မေမေသွင်ကတော့ သမီး
ဖြစ်သူ၏ လုပ်ရပ်ကို မနှစ်သက်စွာဖြင့် မျက်နှာကို တည်ထား၏။





"ကိုစန်းမောင် သမီးအေးကြင်က သမီးကို ဘယ်လိုလူပါးဝလိုက်လို့လဲ"

"ညနေက ခြံထဲကိုဆင်းတော့ သမီးခြေထောက် ရွှံ့နည်းနည်းပေသွားတယ် ဖေဖေ၊ အဲဒါ သမီးက အေးကြင် ရေတစ်ဖလားယူလာပြီး ငါ့ခြေထောက် လာဆေးပေးစမ်း ဆိုတာကို ဘုံဆိုင်အောက်မှာ သွားဆေးပါလားတဲ့၊ ကဲ... ဘယ်လောက် လူပါးဝတဲ့စကားလဲ၊ အဲဒီစကားအတွက် သမီးသူ့ကိုပါးနှစ်ချက်မရိုက်သင့်ဘူးလား ဖေဖေ၊ နောက်ပြီး 'ကေသရီ' ခြံကြီးမှာ အလုပ်သမားတွေ အပါအဝင် ဘယ်အလုပ်သမားရဲ့ သားသမီးက သမီးကို ပြန်ပြောနိုင်ခွင့်ရှိလို့လဲ"

ဦးမျိုးမောင် ရှိုက်သွင်းထားသည် စီးကရက်ငွေ့များကို ထုးခနဲ မှုတ်ထုတ်သည်။

ဒေါ်မေမေသွင်က ခင်ပွန်းဖြစ်သူ၏ မျက်နှာကိုလှမ်းကြည့်၏။

"ဖေဖေ သမီးကို ပြောဘူးတယ်လေ"

ဦးမျိုးမောင်က မျက်ခုံးနှစ်ဖက်ကိုမြင့်ပြီး...

"ဘာများ ပြောခဲ့မိပါလိမ့်"

"သည် တိုက်နဲ့ခြံကြီးကို ဝယ်တုန်းကလေ၊ ထက်ထက်မြက်မြက်ရှိတဲ့ သမီးလေးကို ရည်ရွယ်ပြီး သည်ခြံကြီးကို ကေသရီလို့ အမည်ပေးမယ်၊ ကေသရီဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ခြသေ့်မကို ခေါ်တာ၊ သမီးက ဒီကေသရီခြံကြီးကို ခြသေ့်စိတ်ဓါတ်နဲ့ အုပ်ချုပ်တဲ့သူ ဖြစ်ရမယ်လို့ ဖေဖေ ပြောခဲ့တယ်လေ၊ သမီးက အဲဒီစကားကို ဘယ်တော့မှ မမေ့ဘူး"

"ဖေဖေက ရဲရဲရင့်ရင့် အုပ်ချုပ်ဖို့ကို ရည်ရွယ်ပြီး ပြောတာပါ၊ ရက်ရက်စက်စက် အုပ်ချုပ်ဖို့ ရည်ရွယ်ပြီး ပြောတာမဟုတ်ဘူး"

"ရဲရင့်တယ်ဆိုတဲ့ စကားအဓိပ္ပါယ်မှာ ရက်စက်မှုလည်း ပါတန်သလောက်တော့ ပါရမှာပဲ ဖေဖေ"

ပြောပြီး မဟော် အပေါ်ထပ်သို့ ပြေးတက်သွားသည်၊ မဟော် မရှိတော့မှ ...

"သမီးကတော့ အနက်အဓိပ္ပါယ်တွေ တစ်မျိုးကောက်နေပြီ အစ်ကို၊ အသက်ဆယ့်နှစ်နှစ်နဲ့ သမီး စိတ်ဓါတ်တွေ ခက်ထန်နေရင် ကြီးလာရင်တော့ ခက်မယ်"

"သည်လောက် မပူပါနဲ့ မေရယ်၊ အသက်အရွယ်နဲ့ အသိဉာဏ်က သမီးရဲ့စိတ်ဓါတ်တွေကို ပြောင်းလဲသွားမှာပါ"

"မေကတော့ ရင်တထိတ်ထိတ်ပါပဲ"

ဦးမျိုးမောင်က ခပ်နက်နက်ကလေး ပြုံးလိုက်ပါ၏။

☆ ☆ ☆



# [ ၆ ]

"ကိုစန်းမောင် စဉ်းစားဆုံးဖြတ်ပြီးပလား"

"ဆုံးဖြတ်ချက်ဆိုတဲ့ စကားကတော့ ဆရာ့အပေါ်မှာ ကျေးဇူးကန်းရာ ကျပါတယ် ဆရာ၊ ဆုံးဖြတ်ချက်ဆိုတဲ့ စကားကို ကျွန်တော် မသုံးပါရစေနဲ့၊ ခုဟာက တွဲတေးမှာ မခင်ရီရဲ့ အမေကလည်း တစ်ယောက်တည်းဆိုတော့ သူ့သမီးကို သူနဲ့အတူ နေစေချင်တဲ့ သဘောလည်း ပါတယ် ထင်ပါတယ်ဆရာ၊ နောက်ပြီး အဖွားကြီးရဲ့ ယာလုပ်ငန်းကလည်း ကျွန်တော်ပဲ ဦးဆောင်ရမှာမို့ တောကို မပြန်မဖြစ် ပြန်ရတာပါ ဆရာ၊ ဆရာတို့ မိသားစုရဲ့ ကျေးဇူးကို ကျွန်တော်တို့ အမြဲ သတိရနေမှာပါ"

"ကောင်းပြီလေ၊ ဒါတွေက ကိုစန်းမောင်တို့ရဲ့ အကြောင်းကိစ္စတွေပါ၊ ဘယ်တော့ ပြောင်းကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်မနက်ပါ ဆရာ၊ ဒါကြောင့် ဆရာနဲ့ ဆရာကတော်ကို ကျွန်တော်တို့ လာရောက်နှုတ်ဆက်တန်တော့တာပါ၊ ဟဲ့... ခင်ရီ ဝင်လာလေ၊ အပေါက်ဝကြီးမှာ ဘာရပ်လုပ်နေတာလဲ"

ကိုစန်းမောင်ခေါ်မှ မခင်ရီ ခပ်ရှိုးရှိုး ဝင်လာသည်။

ဦးချကာန်တော့တော့ ဒေါ်မေမေသွင်က မခင်ရီကို အကဲခတ်သလို ကြည့်သည်။

"ကျွန်တော်တို့ကို ခွင့်ပြုပါဆရာ"

"ကောင်းပြီ ကိုစန်းမောင်"

ဒေါ်မေမေသွင်က...

"အေးကြွင်ကို သမီးပါးချတာ မခင်ရီက ကျေနပ်ပုံမရဘူး အစ်ကို"

"ဒါကတော့ ဘယ်ကျေနပ်နိုင်မလဲ မေရယ်၊ ကိုယ့်အလုပ်သမားဆိုတာ အလွန်ဆုံး ဆူပူငေါက်ငမ်းရုံပဲပေါ့၊ သမီးကတော့ လွန်ပါတယ်"

"သမီး မမှားဘူးလို့ မေမပြောပါဘူး၊ ဒါပေမယ့် မေတို့ ပြုခဲ့ဖူးတဲ့ ကျေးဇူးတွေကို ထောက်ထားပြီး သူတို့သည်းခံရမှာပေါ့၊ တွဲတေးပြန်ပြီး ယာလုပ်မယ်၊ ကိုင်းလုပ်မယ် ဆိုတာ သက်သက်အကြောင်းပြတာ"

"မနေချင်လည်း သွားပေါ့ကွယ်"





လင်မယားနှစ်ယောက် စကားပြောနေတုန်း အပေါ်ထပ်မှ မယော် ဆင်းလာသည်။

"ဆားဖင့်ကွာတာမှာ သိမ်းကြုံဆည်းကြုံနဲ့ ဘာဖြစ်နေကြတာလဲ မေမေ"

မယော်က သူ့အမေကို လှမ်းမေးသည်။

"ကိုစန်းမောင်တို့ မိသားစု မနက်ဖြန် သူတို့ရွာပြန်ကြမယ်တဲ့၊ မေမေနဲ့ သမီးဖေဖေကို လာကန်တော့ကြတယ်"

"ဘာလဲ၊ သူတို့သမီးကို ပါးရိုက်လို့ မကျေနပ်တဲ့ သဘောလား"

"ဟုတ်မယ် မထင်ပါဘူးသမီးရယ်၊ သူတို့အကြောင်းနဲ့ သူတို့ ရှိမှာပါ"

"ပြောင်းတာ ကောင်းတယ်မေမေ၊ နို့မို့ရင် သမီးလက်ဝါးနဲ့ အေးကြွင့်ရဲ့ပါးက ဂဟေဆက်ဦးမှာ အမှန်ပဲ"

"ဘာဖြစ်လို့လဲ သမီး"

"မနက်က ခြံထဲမှာ အမှိုက်ရှင်းရင်း မြခင်မကို ပြောတယ်တဲ့၊ သူ့ဌေးသမီးဆိုပြီး သိပ်ကြီးကျယ်တာပဲတဲ့၊ ရွာမှာဆို ဆံပင်ဆောင့်ဆွဲပြီး နဘန်းလုံးပစ်တယ်တဲ့ သမီးက ပါးထပ်ရိုက်မလို့ မြခင်မ ဆွဲထားတာနဲ့ မရိုက်ဖြစ်လိုက်တာ"

"သည်ကလေးတွေ ဘယ်ခက်ပါလား၊ ဒီစကားကို သမီးကို ဘာလို့ပြန်ပြောရတာလဲ၊ ခေါ်စမ်း မြခင်မ



www.burmeseclassic.com

www.burmeseclassic.com



ကို၊ ဒီကောင်မလေး တစ်နေ့တို ခေါင်းတစ်ချက် အခေါက်မခံရရင် နေသာထိုင်သာ မရှိဘူးထင်တယ်"

"ဟာ...မေမေကလည်း မြခင်မကို ရန်မရှာစမ်းပါနဲ့၊ မြခင်မက သမီးသိအောင် ပြောပြတာ"

ဒေါ်မေမေသွင် ပင့်သက်ချ၏။ မြခင်မသည် ကေသရီခြံကြီး၏ ထမင်းချက် ဒေါ်ချစ်မူ၏ သမီး။ အရွယ်ကတော့ မဟော်နဲ့ သက်တူရွယ်တူ၊ အိမ်၏ဗာဟိရ အလုပ်မှန်သမျှကို မြခင်မက တာဝန်ယူရသည်။

"ကေသရီခြံရဲ့ အလုပ်သမားတွေထဲမှာ အေးကြင်လူပါးအဝဆုံး မေမေ၊ မြခင်မတို့ မိကောင်းတို့ ခင်နှောင်းတို့ဆိုရင် သမီးကိုပြန်ပြောဖို့ မပြောနဲ့၊ သမီး မျက်နှာကိုတောင် စေ့စေ့ကြည့်ရဲကြတာ မဟုတ်ဘူး"

သည်စကားကတော့ မှန်သည်။

အေးကြင်မှအပ အားလုံးသည် မဟော်၏ အလိုကို လိုက်သည်။ မဟော်၏အလိုက်ကို သိသည်။ မဟော် မျက်လုံးတဝင့်အကြည့်မှာ ဘာဆန္ဒတွေရှိသည်ကို သူတို့အားလုံးသိကြ၏။

နောက်တစ်နေ့ နံနက်ခင်းမှာပင် ကိုစန်းမောင်တို့မိသားစု ကေသရီခြံကြီးကို ကျောခိုင်း ထွက်သွားကြသည်။ သည်အတွက် ပူဆွေးသောကရောက်သူလည်း တစ်ဦးတစ်ယောက်မျှ မရှိချေ။

☆ ☆ ☆



[ ၇ ]

"သူခိုး... သူခိုး... သူခိုး"

အသံများသည် အိပ်ပျော်နေသော မဟော်၏ နားစည်ထဲသို့ ကျယ်လောင်ပြင်းပြစွာ ဝင်ရောက်လာ၏။

မဟော်က အအိပ်ဆတ်သူ။

အသံကြားကြားခြင်း အိပ်ရာမှ လူးလဲထလိုက်သည်။ တစ်ဆက်တည်းပင် မီးခလုတ်ကြိုးဆွဲဖွင့်ပြီး စားပွဲပေါ်မှ နာရီကို ကြည့်လိုက်၏။

ညဥ့်နာရီပြန် နှစ်ချက်တိတိ။

"သူခိုး...သူခိုး"



www.burmeseclassic.com

www.burmeseclassic.com



သည်အသံက ကားဒရိုင်ဘာကြီး ဦးဘိုးထင်၏ မိန်းမ ဒေါ်လှတုတ်၏အသံ။

မပေါ်က အိပ်ခန်းတံခါးဂျက်ကို လှည့်ဖွင့်ပြီး ဝရံတာသို့ အပြေးထွက်ခဲ့သည်။ အောက်ကို ငုံ့ကြည့်တော့ ခြံဝင်းထဲမှာ ကေသရီခြံကြီး၏ အလုပ်သမားများ ပျားပန်းခတ်နေ၏။

ဝရန်တာကနေ လှမ်းအကြည့်တွင် လမ်းမပေါ်မှာ လူရိပ် သဏ္ဌာန်တစ်ခု ပြေးလွှားနေသည်ကို မပေါ်မြင်လိုက်၏။

"လိုက်ကြလေ၊ ဟိုမှာ သူခိုးကပြေးပြီ၊ ဦးဘိုးထင်တုတ်ကြီးကိုင်ပြီး ဟန်ရေးပြနေတာလား၊ ဟိုမှာ သူခိုးက ပြေးပြီ"

မပေါ်၏ အသံကမာမာ။

တကယ်တန်းကျ အလုပ်သမားအားလုံး ကေသရီခြံကြီးထဲက မထွက်ရဲ။ ဖေဖေနှင့်မေမေလည်း သူမထံပါးသို့ အပြေးကလေး ရောက်လာကြသည်။

ဖေဖေက...

"သမီးရယ်၊ ဦးဘိုးထင်က အသက်ကြီးပြီ၊ ဘယ်လိုလုပ် သူခိုးနောက် လိုက်နိုင်မှာလဲ၊ သူခိုးတလည်းပြေးပါပြီ"

ပြောပြီး ဖေဖေနှင့်မေမေ အောက်ထပ်ဆင်းသွားသည်။ မပေါ်ကတော့ အောက်ကိုဆင်း မလိုက်။ ဝရံတာမှာ မျက်နှာထားတင်းတင်းနှင့် ရပ်နေ၏။





"ကျွန်မက တစ်ရေးနိုးလို့ ရေထသောက်တာ ဆရာ၊ တန်းလျားထောင့်က လူရိပ်ကို ဖျတ်ခနဲ မြင်လိုက်တာနဲ့ ကျွန်မအော်တော့တာ"

"တဲ... တဲ... အားလုံး သွားအိပ်ကြတော့၊ ခြံစောင့်မရှိတဲ့ အချိန်မှာတော့ နိုးနိုးကြားကြား နေကြပေါ့ကွာ"

ဖေဖေနှင့်မေမေ အပေါ်ပြန်တက်လာသည်။

အလုပ်သမား တန်းလျားမှာတော့ မီးပွင့်တွေ လင်းနေ၏။ ဆော်တော်နှင့် မအိပ်ကြသေး။

"ဦးဘိုးထင်က အိုးပေါ်လောကြီးပဲ"

"အသက်က ခုနှစ်ဆယ်နားကပ်နေပြီ သမီးရယ်၊ တကယ်ဆို ကားမောင်းတဲ့ တာဝန်တောင် ဖေဖေ သူ့ကို မပေးသင့်တော့ပါဘူး၊ သူ့ကို အနားပေးပြီး ကုမ္ပဏီမှာ နားနားနေနေ ပေါ့ပေါ့သေးသေး တာဝန်တစ်ခုလောက်ပဲ ပေးသင့်ပါပြီ"

"အို ဖေဖေကလည်း ဦးဘိုထင် ကားမောင်းရတာ ဘာပင်ပန်းလို့လဲ၊ မေမေ့ကို ဈေးလိုက်ပို့တယ်၊ သမီးကို ကျောင်းလိုက်ပို့ရတယ်၊ အလုပ်တိုက်ကို ကားကို ဖေဖေ ကိုယ်တိုင်မောင်းသွားတဲ့ဟာ"

"တဲ... တဲ... သမီးလည်း သွားအိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



မဟော် အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။

ကြောက်စိတ်ကတော့ မဟော်မှာမရှိ။ သူခိုးကို မြင်လိုက်ရ သော်လည်း သားနှင့် မမိရသည်ကို စိတ်က အခဲမကျေ ဖြစ်နေသည်။

သည်သို့နှင့် ...

ကေသရီခြံကြီးသို့ သူခိုးဝင်သည်ကို အကြောင်းပြုပြီး ဖေဖေနှင့်မေမေသည် ...။

☆ ☆ ☆

[ ၈ ]

အနားမှာ မဟော်မရှိ။

ဦးမျိုးမောင် ပြောနေသည့် စကားများကို ဒေါ်မေမေသွင် စူးစိုက်နားထောင်သည်။

"ခြံစောင့်ဆိုတာက ညရေးညာတာ တာဝန်ကို လုံးဝ ယူရတာ၊ ခါတ်သိထဲက မဟုတ်တဲ့သူကို အလုပ်ခန့်ဖို့ ဆိုတာ တော်တော် စဉ်းစားရမယ်မေ၊ သတင်းစာမှာ ထည့်ခေါ် လိုက်ရင်တော့ ရောက်လာကြမှာပေါ့၊ ဒါ ပေမယ့် သူတို့ရဲ့ အကျင့်စာရိတ္တကို ဘယ်သူ တာဝန် ယူမလဲ၊ ကိုယ့်ကိုယ်တော့ လူရိုးလူကောင်းပါလို့ ပြော ကြမယ့် လူတွေချည်းပဲ"





www.burmeseclassic.com

www.burmeseclassic.com



"မေ သဘောပေါက်ပါတယ်။ မေ စဉ်းစားနေတာက အစ်ကို စောစောကပြောတဲ့ ဆက်အောင် ကိစ္စကို စဉ်းစားနေတာ၊ ဆက်အောင်က ဆယ့်နှစ်ရာသီ မူးရူးနေတော့ သည်နေရာမှာထားလို့ ဖြစ်မဖြစ်ကို မေ စဉ်းစားနေတာ၊ အရက်သောက်တာတလွဲပြီး သူ ဘယ်လို ရိုးသားဖြောင့်မတ်တယ်၊ အကျင့်စာရိတ္တ ကောင်းတယ်၊ အစ်ကိုနဲ့မေ့အပေါ် မှာ ဘယ်လိုကျိုးနွံတယ် ဆိုတာကို မေသိသားပဲ၊ ထွန်းခကသာ စာရိတ္တ နည်းနည်း ချို့ယွင်းချင်တာ"

"ထွန်းခလည်း ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ခဲ့ပါဘူး မေရယ်၊ ချောင်ပြီဆိုပြီး အစိုးရပစ္စည်းကို မရိုးမသား လုပ်လိုက်တာ၊ သူယူမိတဲ့ ပစ္စည်းကလည်း ဘာမှ တန်ဖိုးကြီးတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဥပဒေက တော့ ဥပဒေပဲပေါ့လေ၊ နည်းနည်းများများ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ကို ခံစားရမှာပဲ၊ ခုတော့လည်း ဆုံးရှာပါပြီလေ၊ သေသူအကြောင်း ပြောရတာ မကောင်းပါဘူး၊ နှစ်ယောက်စလုံးကတော့ အစ်ကို့အပေါ် သစ္စာရှိခဲ့ကြတာပဲ"

အစိုးရ အရာထမ်းဘဝက ဆုံတွေ့ခဲ့ရသည့် တပည့်နှစ်ယောက်။





ဦးမျိုးမောင် ခရီးထွက်တိုင်း၊ နယ်ပြောင်းတိုင်း သည်တပည့်နှစ်ယောက် သူနောက်လိုက်ပါရသည်။ အခုတော့လည်း ဘဝ ရှုပ်ငြိမ်းသူ ချုပ်ငြိမ်း၊ အရက်ကြောင့် အလုပ်ပြုတ်ပြီး ဘဝပြောင်း ည်းသူက ပြောင်းလဲ။ သည်တုန်းက ရရစားစားဘဝမို့ တပည့် တွေကို ထိုက်ထိုက်တန်တန် သူပြန်မကြည့်နိုင်ခဲ့။

"အစ်ကို စဉ်းစားလေ ဆက်အောင်ကို အရက်ဖြတ်ဖို့ မေနဲ့အစ်ကို ဖျောင်းဖျောင်းဖျဖျ ဆုံးမရင် သူနားဝင်မှာပါ။ သူ့သားလေးကလည်း သမီးအရွယ် ဆယ့်နှစ်နှစ်စွန်းစွန်းဆိုပေမယ့် အစ်ကိုပြောသလို ထွားထွားကျိုင်းကျိုင်းဆိုတော့ ကေသရီခြံကြီးအတွက် အဖော်တော့ ရမှာပါ"

"တစ်ခုပဲ စိုးရိမ်တယ်"

"ဘာလဲ အစ်ကို"

"သမီးနဲ့ တည့်ပါ့မလား ဆိုတာပဲ၊ တောင်လေး ကြည့်ရတာ ရိုးသားပေမယ့် မဟုတ်မခံစိတ်တော့ ရှိပုံရတယ်"

"ဒါကတော့ သည်းခံသင့်တာကိုတော့ သူ သမီးကို သည်းခံရမှာပေါ့ အစ်ကို၊ ဆက်အောင်ကလည်း သူ့သားကို နားလည်အောင်တော့ ပြောထားမှာပေါ့၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



တွေက ထားပါဦးလေ အစ်ကိုသွားခေါ်ရင် ဆက်အောင်ကပဲ လိုက်ပါစေဦး"

"လိုက်မယ်လို့တော့ ထင်တယ်မေ၊ သရက်ကုန်းမှာ ဆွေမရှိမျိုးမရှိနဲ့ ဒီကောင် ခွမ်းခွမ်းပါးပါး နေရပုံပဲ၊ ရွှေအပါတ်ထဲ အစ်ကိုသွားလိုက်မယ်လေ၊ မေလည်း လိုက်ချင်လိုက်ခဲ့ပါလား"

"အစ်ကိုပဲ သွားပါ၊ သမီးကို ထားခဲ့လို့ မဖြစ်ပါဘူး"

ကေသရီခြံကြီး၏ လုံခြုံရေးအတွက် ပြဿနာကိုတော့ ဦးမျိုးမောင်နှင့်ဒေါ်မေမေသွင် သည်သို့ တိုင်ပင် ဆွေးနွေးခဲ့ကြပါ၏။

☆ ☆ ☆



[ ၉ ]

မင်းဆက်မှူး အဖေ့ကိုကြည့်ပြီး သနားနေမိသည်။

သူ့ ကျောင်းက ပြန်လာတိုင်း အဖေသည် ကွပ်ပျစ်ကလေးပေါ်မှာ ငုတ်တုတ်ကလေး ထိုင်လျက်သား အမြဲရှိနေ၏။

မှတ်မှတ်ရရ အဖေ အရက်မသောက်တာ ရက်သတ္တပတ်နှစ်ပတ်ကျော်နေပါပြီ။

"အဖေ နေထိုင်လို့ကော ကောင်းရဲ့လားဗျာ၊ ကျွန်တော့်ကို ငဲ့ပြီး ကျန်းမာရေး အချို့တဲ့ခဲ့ပြီးတော့ အဖေ အရက်မသောက်ဘဲ မနေပါနဲ့၊ အဖေ အရက်သောက်ရင်လည်း ကျွန်တော်အပြစ် မပြောပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး သားရယ်၊ အဖေ ကိုယ်တိုင်ကလည်း အရက်ဖြတ်ချင်နေတာပါ။ လက်တုန်တာတို့ ရင်မှာ လှပ်ဟာဟာ ဖြစ်တာတို့ကတော့ အရက်ဖြတ်စမှာ ဒီလိုပဲ ဖြစ်တာပေါ့ကွယ်"

"အရက်ကို တစ်ခါတည်း မဖြတ်ရဘူးလို့ ပြောသံ ကြားဘူးတယ် အဖေ"

အဖေက ပြုံးသည်။

ဘာပဲဖြစ်ဖြစ် အဖေ အရက်ဖြတ်လိုက်သည့် ရက်ပိုင်း အတွင်းမှာပင် အဖေ့အသားတွေ စိုစိုပြေပြေ ဖြစ်လာသည်။ တော့အမှန်။

"ရွာက လူတွေကတော့ အဖေ့ကို ချီးကျူးနေကြတာ ပဲဗျာ၊ ရွာဦးကျောင်းက ဆရာတော်ဘုရားကဆိုရင် အဖေ့အတွက် ဆေးတွေတောင် ပေးလိုက်သေးတယ်"

"ဘာဆေးတွေလဲ သား"

"မသိဘူး၊ အထုပ်ကလေးတွေမှာ ဆရာတော်ဘုရား က နေ့ညသောက်ဖို့ ရေးပေးထားတယ်၊ အဲဒီဆေး ကိုတော့ အဖေသောက်ဖို့ ရေးပေးထားတယ်၊ အဲဒီ ဆေးကိုတော့ အဖေသောက်ဗျာနော်၊ အဖေ ကျန်း မာနေမှဗျ၊ အဖေသေရင် ကျွန်တော် ဘယ်သူနဲ့ သွားနေရမှာလဲ၊ ကျွန်တော့်ကို ဘယ်သူက ကျောင်း ထားပေးမှာလဲ"





အဖေ့ထံမှ အသံထွက်မလာ။

မင်းဆက်မှူးက ကျောင်းလွယ်အိတ်ကို နံရံမှာချိတ်ပြီး အဖေ့ထံပါး ပြန်လာသည်။

"ဟင်... အဖေငိုနေတယ် ဟုတ်လား"

"မငိုပါဘူး သားရဲ့"

"အဖေ့ မျက်လုံးထဲမှာ မျက်ရည်တွေပါဗျာ၊ မငိုပါနဲ့ အဖေရာ၊ ကျွန်တော် အဖေ စိတ်မကောင်းအောင် ပြောတာမဟုတ်ပါဘူး၊ အဖေကလည်း ကျန်းကျန်း မာမာကြီး ရှိနေတာပဲဗျာ၊ ဘဝကံဆိုးလို့ အမေ ကျွန် တော့်ကို ထားရစ်ခဲ့ရင်လည်း ကျွန်တော် အားငယ်မ နေပါဘူး အဖေရဲ့ ယောကျ်ားပဲဗျာ၊ အဖေ ပြုစုကျွေး မွေးထားတဲ့ အင်အားတွေ ကျွန်တော့်မှာ အပြည့်ရှိ နေတာပဲဟာ"

ပြောမှပဲ အဖေ့ မျက်လုံးအိမ်မှ မျက်ရည်တွေ ပေါက်ပေါက် ကျတော့သည်။

"အဖေ မငိုပါနဲ့ဗျာ၊ အဖေပဲ ကျွန်တော့်ကို ခဏခဏ ပြောတယ်မို့လား၊ ယောကျ်ားဆိုတာ ဘယ်တော့မှ မျက်ရည် မကျရဘူးဆိုတဲ့ စကားလေ၊ အဖေ မေ့ သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အဖေက မျက်ရည်များကိုသုတ်သည်။ ပြီးတော့ သူ့ကြင်ကြင်နာနာ သိုင်းဖက်သည်။

"ခုတစ်လော အလုပ်အကိုင်လည်း အဆင်မပြေဘူး သားရယ်၊ သားဝယ်ခိုင်းတဲ့ ကျောင်းစိမ်းလုံချည် ကလေးတစ်ထည် ဝယ်မပေးနိုင်တာကို အဖေ့ရင်ထဲမှာ မချိဘူး"

"အဲဒီအတွက် စိတ်သောက များမနေပါနဲ့အဖေရာ၊ အခု ဝတ်နေတဲ့ လုံချည်က အကောင်းကြီး ရှိပါသေးတယ် အဖေရ"

အဖေ ပင့်သက်ချသည်ကို သူသိသည်။

ညဘက် အိပ်ရာဝင်တော့ အဖေ တော်တော်နှင့် အိပ်မပျော်သည်ကိုလည်း သူသိပါ၏။

"အဖေ"

"ဘာလဲသား"

"နက်ဖြန် ကျွန်တော် ကျောင်းတစ်ရက် ခွင့်ယူမယ်"

"သား နေမကောင်းလို့လား"

"မဟုတ်ဘူး အဖေ ရွာအနောက်ဘက် လယ်စပ်ကချောင်းမှာ အေးပိုင်နဲ့အတူ ကျွန်တော် ငါးသွားပက်မလို့၊ ငါးတွေရလို့ ရောင်းစားရင် ပိုက်ဆံ မနည်းဘူးရမှာ အဖေရ"





"ကျောင်းပဲတက်ပါ သားရယ်"

အဖေ့အသံ တိမ်ဝင်နေ၏။

မင်းဆက်မှူး အဖေ့ကို ဘာစကားမှ မပြောတော့။ ဘဝရဲ့ ရွှေရေးကိုလည်း မင်းဆက်မှူး မျှော်ငေးမကြည့်ချင်။ အဖေနဲ့ သူ့ဘဝ ဘယ်မျှထိ ကြမ်းတမ်းဦးမှာလဲ။

အဖေ့ကိုတော့ သူ အသက်ရှည်စေချင်ပါသည်။

ဘာဖြစ်လို့လဲဆိုတော့ မွေးကျေးလူတွေ သူ့အဖေ့ကို ဆပ်ချင်သေး၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၈ ]

"အဖေ... အဖေ"

အပြေးတစ်ပိုင်းနှင့်အတူ ရောထွေးလာသည့် မင်းဆက်မျှ အသံက မောဟိုက်သံပါနေ၏။

အိမ်ရှေ့သို့ ရောက်သောအခါ အမောကြောင့် အသံက တော်တော်နှင့်ထွက်မလာနိုင်သေး။

"အမောတကြီးနဲ့ ဘာဖြစ်လာတာလဲ သားရဲ့"

"ကားကြီးရွာထဲကို ဝင်လာတယ်ဗျ၊ ကားကြီးရွာထဲကို ဝင်လာတယ်"

"ဒါများ အဆန်းလား သားရယ်၊ အကြောင်းကိစ္စ တစ်ခုခုရှိရင် သူတို့ကိစ္စနဲ့ သူတို့ရွာထဲကို ကားတွေ ဝင်လာတတ်ကြတာပဲဟာ"





"ခုဝင်လာတဲ့ ကားကြီးက ဘဲခေါင်းစိမ်းရောင် ကားကြီး အဖေရဲ့ ကားပေါ်မှာ အဖေ့ဆရာဆိုတဲ့ လူကြီး ပါလာတယ်၊ ဟော. . . ဟိုမှာ အဘဘိုးလူက လက်ညှိုးထိုးညွှန်ပြလို့ ကျွန်တော်တို့ဆီ ကားကြီး မောင်းလာနေပြီ အဖေရဲ"

အဖေ့ မျက်နှာပေါ်မှာ အံ့သြရိပ်များ ပြေးတက်လာသည်။ အဖေတအံ့တသြ ဖြစ်နေစဉ်မှာ ကားကြီးက သူတို့အိမ်ဝိုင်း အလေးရှေ့မှာ ထိုးရပ်လာ၏။

"ဆရာ..."

"ဝါ မင်းဆီ သက်သက်လာတာပဲ ဆက်အောင်"

"အိမ်ထဲ ကြွပါဆရာ"

ကားပေါ်မှ အဖေ့ဆရာဆိုသည့်ပုဂ္ဂိုလ်ကြီး ဆင်းလာသည်၊ အိမ်ထဲမှာ နေရာထိုင်ခင်းက ပြည့်စုံသည်မဟုတ်။

ပုဂ္ဂိုလ်ကြီးက ကွပ်ပျစ်ပေါ် ထိုင်ရင်း အိမ်ကလေး၏ အခြေအနေကို ကြည့်သည်။ ပြီးတော့ အဖေ့မျက်နှာ...။

"မင်းမျက်နှာကငါတစ်ခေါက်တွေ့တုန်းကနဲ့မတူပါလား"

"ရုပ်အရမ်း ကျသွားလို့ပါ ဆရာ"

"မဟုတ်ဘူး၊ မင်းအသားအရေတွေ စိုလာသလိုပဲ"

"ကျွန်တော် အရက်ဖြတ်လိုက်တယ် ဆရာ"

"ဟုတ်လား ဖမ်းသာလိုက်တာ ဆက်အောင်ရာ၊ ငါတော့ ဒီတစ်သက်မင်းအရက်ဖြတ်နိုင်မယ်မထင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဖေကပြုံးပြီး...

"သားလေးကို လူတစ်လုံး သူတစ်လုံး ဖြစ်စေချင်တယ် ဆရာရယ်၊ အဲဒီစိတ်ဓါတ်နဲ့အတူ ငါ အရက်ဖြတ်မှ ဖြစ်တော့မယ်ဆိုတဲ့ အသိကလည်း ဝင်လာပါတယ်"

သူက အဖေ့နံဘေးမှာ ကြုံ့ကြုံ့ကလေး ထိုင်နေ၏။ အဖေက သူ့ပခုံးကို သိုင်းဖက်ပြီး...

"သား... ဘဘကိုသိတယ် မဟုတ်လား၊ သားကို အဖေ ပြောပြထားတယ်လေ"

"သိပါတယ် အဖေ၊ ဟိုတစ်ခါက အမေနဲ့ကျွန်တော့်ကို မုန့်ဖိုးတွေအများကြီး ပေးသွားတာ"

ဘဘဦးမျိုးမောင်က သူ့ကို စိုက်ကြည့်နေ၏။ သည်အကြည့်တွေမှာ ညှာတာသနားမှု အရိပ်ရောင်တွေ ပြည့်လျှံနေသည်ကို သူသိပါသည်။

"မင်း ဒီရွာမှာ နေရေးစားရေး အဆင်ပြေရဲ့လား ဆက်အောင်"

"နေဖို့ကတော့ သူငယ်ချင်းထွန်းခရဲ့ တဲကလေးမှာ သားအဖနှစ်ယောက် ကျော့ချလို့ရပါတယ် အစားစားရေးသောက်ရေးနဲ့ သားလေးပညာရေးအတွက်ကတော့..."





စကားမဆက်နိုင်လောက်အောင် အဖေ့အသံ တိမ်ဝင်သွားသည်။

စကားသံ အတော်တိတ်သွားပြီးတော့မှ...

"မင်း... ငါနဲ့ ရန်ကုန်မှာ လိုက်နေမလား"

"ခင်ဗျာ"

"ခြံမှာ အလုပ်လုပ်တဲ့ အလုပ်သမားတစ်ယောက်က ထွက်သွားတယ်၊ ခြံစောင့်ဆိုတာထက် ခြံရဲ့လုံခြုံရေးကို တာဝန်ယူရတာပေါ့ကွာ၊ ဒရဝမ်လို တစ်ညလုံး ထိုင်စောင့်နေရတဲ့ အလုပ်မျိုးလည်း မဟုတ်ပါဘူး၊ ညရေးညတာမှာ သာမန်လူထက် အိပ်ချိန်ကလေး တော့ လျှော့ပေးရတာပေါ့၊ မင်းလုပ်မယ်ဆိုရင် နေရေးစားရေးလည်း ပူစရာမလိုဘူး၊ နောက်ပြီး မင်းသားရဲ့ပညာရေးကိုလည်း ငါက တာဝန်ယူပေးမယ်၊ နေရေးစားရေးအပြင် လစာကိုလည်း မင်းပြည့်ပြည့်ဝဝရမှာပါ"

"တ... တကယ်လား ဆရာ"

"ငါ ရန်ကုန်ကနေ မိုင်နှစ်ရာလောက်ဝေးတဲ့ မင်းဆီကို သက်သက်ပယ်လာပြီး စကားအပို ပြောမလားကွ"

"ဝမ်း... ဝမ်းသာလိုက်တာ ဆရာရယ်၊ သားလေးရဲ့ပညာရေးကို တာဝန်ယူပေးတယ် ဆိုရင်ပဲ ကျွန်တော့်အတွက်လစာကို ပေးဖို့မလိုပါဘူး ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲကွာ၊ သုံးဖို့ဖွဲ့ဖို့ဆိုတာက ရှိသေးတာပေါ့"

အဖေ့ မျက်လုံးမှ မျက်ရည်တွေ ပေါက်ပေါက်ကျသည်။ ဝမ်းသာလွန်း၍ အဖေ မျက်ရည်ကျသည်ကို သူသိပါသည်။

"အဖေ"

"ဘာလဲ သား"

"ဒါဆို ကျွန်တော်တို့ ရန်ကုန် ပြောင်းရတော့မှာပေါ့နော်၊ မြို့ကျောင်းမှာ ကျွန်တော် ကျောင်းနေရတော့မှာပေါ့နော်"

"ဒါပေါ့ သားရယ်၊ ဘဘမောင်ရဲ့ ကျေးဇူးတွေဟာ အဖေ့အပေါ်မှာ အခုမှ ရှိတာမဟုတ်ပါဘူး၊ အရင်ထဲက ရှိခဲ့တာသားရဲ့"

သူက ကြည်ညိုလေးစားမှုများနှင့် ဘဘမောင်၏ မျက်နှာကို မော့ကြည့်သည်။ ဘဘမောင်က ခေါင်းညိတ်ပြီး သူ့ကို ပြုံးပြ၏။

"ကျွန်တော်တို့ ခု ဘဘမောင်နဲ့တစ်ခါထဲ လိုက်သွားရမှာလား အဖေ"

"ဟုတ်တယ် သား"

"ဒါဆို ကျွန်တော် အေးပိုင်ကို သွားနှုတ်ဆက်ဦးမယ် အဖေ၊ အေးပိုင်က ကျွန်တော့်ကို အရမ်းခင်တာ"

"အေး...အေး၊ မြန်မြန်သွားပြီး မြန်မြန်လေး ပြန်လာနော်၊ အဖေတို့မှာ သယ်ပိုးစရာဆိုလို့ ဘာပစ္စည်းမှ ရှိတာမဟုတ်ဘူး၊ တို့ သားအဖနှစ်ယောက်ရဲ့ အဝတ်





ထည်လေးတွေကို လွယ်အိတ်ထဲ ထည့်လိုက်ရုံပဲ၊ သား ဘဘမောင် အကြာကြီး စောင့်နေရမှာစိုးလို့"

"ဖြည်းဖြည်းပေါ့ ဆက်အောင်ရာ၊ သွား... သွား... လူကလေး သူငယ်ချင်းနဲ့နှုတ်ဆက်စကားကို ကြာကြာလေးပြောကြ၊ နောက်ကို တွေ့ဖို့ဆုံဖို့က အခွင့်အလမ်းနည်းသွားမှာ"

သူ ဝိုင်းထဲမှ အပြေးကလေး ထွက်ခဲ့သည်။ အေးပိုင်တို့ အိမ်ကလေးရောက်တော့ အေးပိုင်ကို ပလိုင်းတစ်လုံး ယက်နေသည်ကို တွေ့ရ၏။

"အေးပိုင်၊ ငါ မင်းကို လာနှုတ်ဆက်တာ"

"မင်းက ဘယ်သွားမှာမို့လဲ"

"ငါနဲ့အဖေ ရန်ကုန်ကို ခုပြောင်းတော့မှာ"

"ဟင်"

အံ့အားတသင့်ဖြင့် အေးပိုင် မျက်လုံးပြူးဝိုင်းသွားသည်။ ပြီး ယက်လက်စ ပလိုင်းကို နံဘေးသို့ ပစ်ချပြီး ထိုင်ရာမှ ကပျာကသာ ထ၏။

- "မင်း... ငါ့ကို အစည်ပေါက်နဲ့ လာနောက်နေတာလား မင်းဆက်မှူး"

"မနောက်ပါဘူး သူငယ်ချင်းရာ"

သူ အကျိုးအကြောင်းတို့ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဆရာ ဘဘမောင်က သူ့ကို မြို့ကျောင်းမှာ ပညာသင်ပေးမည်ဆိုသည့် အကြောင်းစကားရောက်တော့ သူ့အသံမှာ တက်ကြွမှုတွေ ပါနေ၏။

"ငါ ရန်ကုန်မှာ နေရတယ်ဆိုတာထက် မြို့ကျောင်းမှာ နေရမှာကို ဝမ်းသာမိတာပါ အေးပိုင်ရာ၊ ဒါပေမယ့် ငါမင်းနဲ့ခွဲသွားရတာကိုတော့ အရမ်းဝမ်းနည်းတယ်၊ သရက်ကုန်းမှာ မင်းဟာ ငါ့ညီအစ်ကို့သူငယ်ချင်းပါ၊ ငါ့ဘဝကို အညာတာဆုံး သူငယ်ချင်းပါ"

"ငါ မင်းအပေါ် ကောင်းတာကိုသိရင် ဝမ်းသာပါပြီ သူငယ်ချင်းရာ၊ မင်းနဲ့ခုလို ခွဲရမယ်ဆိုတော့ ငါအရမ်း စိတ်ထိခိုက်တာ အမှန်ပါပဲ၊ ဒါပေမယ့် မင်းဘဝ အတွက် ငါ အရမ်းဝမ်းသာပါတယ်၊ မင်းက စာတော်တဲ့ကောင် မင်းဘဝ ထူးချွန်မှာပါ"

သူ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အေးပိုင် မျက်ရည် ပေါက်ပေါက်ကျသည်။ သူကတော့ ဘာသားနှင့်ထုထားတာမို့လဲ။

သူငယ်ချင်းနှစ်ယောက် ဖက်ငိုရင်းက...

ဘဝတွေ ခြားသွားပြီကို တွေးသိခံစားပြီးသည့်နောက်ပိုင်း ...

☆ ☆ ☆



# အပိုင်း – နှစ်

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၁ ]

ကေသရီခြံကြီးကိုရောက်ပြီး သုံးရက်မြောက်နေ့တွင် …တော်' ဆိုသည့် ကောင်မလေးနှင့် သူထိပ်တိုက်တွေ့ရတော့ …

"ဟော့... ဒီကို လာစမ်းပါဦး"

ဆေးရောင်စုံသုတ်ထားသည့် နှစ်ယောက်စီးဒါန်းပေါ်မှာ …င်ပေါ် ခြေတစ်ဖက်တင်ထိုင်ပြီး သူ့ကို ခပ်တည်တည်မျက်နှာ …နှင့်ခေါ်သည်။

သူမထံပါးသို့ ခပ်သွက်သွက်ကလေး လျှောက်သွားပြီး...

"ခိုင်းစရာရှိရင် ခိုင်းပါ"

"အလဲ.. တယ်ဟုတ်ပါလား၊ သည်လိုကျိုးနွံတာကို တော့ တို့က အရမ်းသဘောကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကျွဲနွားတာ မဟုတ်ပါဘူး၊ ကျေးဇူးရှင်ကခိုင်းရင် ဘာပဲဖြစ်ဖြစ်လုပ်ပေးရတယ်လို့ အဖေက မှာထားတယ်”

“ကျေးဇူးရှင် ဟုတ်လား၊ နေပါဦး ကျေးဇူးရှင်ဆိုတာ ဘယ်သူလဲ”

“ဘဘမောင်တို့ မိသားစုလေ၊ ဘဘမောင်တို့ မိသားစုဆိုတော့ နင်လည်းပါတာပေါ့၊ ဘဘမောင်က တို့သားအဖကို နေစရာပေးထားတယ်၊ စားစရာပေးထားတယ်၊ လခလည်း ပေးတယ်၊ ဘယ်လောက် ကျေးဇူးကြီးလဲ၊ ငါ့ကိုလည်း ကျောင်းထားပေးတယ်”

“ဒီမယ်၊ အစိုတွေ ပြောမနေနဲ့ နားထောင်”

“ပြောပါ”

“ငါ့ကို နင် နင်နဲ့ မပြောပါနဲ့”

“နင်နဲ့ငါက ရွယ်တူလောက်ရှိတာ၊ နင်နဲ့ငါနဲ့ မပြောလို့ ဘာနဲ့သွားပြောရမှာလဲ”

“အမယ်... တောသားက တယ်ပြီးစွာပါလား”

မပေါ်၏ တင်းသွားသည့် မျက်နှာကိုကြည့်ပြီး သူစ[illegible] အရှိန်ကို တန့်လိုက်သည်။ ကော်သရီခြံကို စရောက်ပြီး နောက်[illegible] နေ့ညမှာ အဖေပြောသည့် စကားကိုသူအမှတ်ရလိုက်၏။

“ဆရာနဲ့ဆရာကတော်မှာ သမီးလေးတစ်ယောက် ရှိတယ်သား၊ နာမည်က မပေါ်တဲ့၊ စိတ်ဆတ်တယ်



စိတ်ကြီးတယ်၊ မပေါ်နဲ့ပတ်သက်ရင် သားက အရာရာတိုင်းကိုသည်းခံရမယ်၊ သူ့တို့ကျေးဇူးတွေတို့ သားအဖမှာ ရှိတယ်ဆိုတာကို အမြဲနှလုံးသွင်းထားရမယ်”

အဖေ့ စကားကို သူကြားယောင်နေဆဲမှာ...

“နင့် နာမည်က ဘယ်သူလဲ”

နင်နှင့်ငါ ပြောသနာသည် အရေးတကြီးဖြစ်သည့် ကိစ္စ မ[illegible]ဟုတ်တော့မှန်း သူသိလိုက်၏။

“မင်းဆက်မှူး”

“နာမည်က နင်နဲ့တန်တောင်မတန်ဘူး”

“ဘာဖြစ်လို့လဲ”

“မင်းဆက်မှူးဆိုတဲ့ နာမည်က အပျံစားနာမည်၊ မြို့နာမည်၊ နင်က တောသားဆိုတော့ တကယ်ဆို နင့်နာမည်က ငခွေးတို့၊ ငအေးတို့၊ ဂွတိုတို့၊ ဂွစာတို့ ဖြစ်သင့်တာပေါ့”

“ဒါကတော့ အဖေပေးထားတဲ့ နာမည်ပဲဟာ ဘာတတ်နိုင်မှာလဲ၊ နင်က ငါ့ကို အဲဒီနာမည်တွေပဲ ခေါ်ချင်တယ်ဆိုရင်လည်း ခေါ်ပါ။ ငါ စိတ်မဆိုးပါဘူး”

သည်တစ်ခါတော့ သူမက သူ့ကို မျက်လုံးကလေး စွေ[illegible]းပြီး ကြည့်၏။

“နင်ဘယ်နှစ်တန်း ရောက်ပြီလဲ”





www.burmeseclassic.com

www.burmeseclassic.com



"ခြောက်တန်း"

"ဟင်...ဒီအရွယ်ကြီးနဲ့ ခြောက်တန်းဆိုတော့ နင်တော်တော် အသုံးမကျတာဘဲ"

"စကားပြောရင် မမိုက်ရိုင်းပါနဲ့ဟာ၊ စကားလုံးရိုင်းရိုင်းတွေ သုံးတာ မကောင်းပါဘူး"

"ငါ မိုက်ရိုင်းတာ မဟုတ်ဘူး၊ နင့်အရွယ်ကြီးနဲ့ အသုံးမကျတာကို ပိုပြီး လေးနက်သွားအောင် ပြောတာ၊ ငါဆို ခုနစ်တန်း၊ နင့်အသက်နဲ့ ငါ့အသက်က နင်ပြောသလို ရွယ်တူလောက်ရှိတာ"

သူ တွေတွေကလေး ဖြစ်နေ၏။

"လာဦး၊ ငေးမနေနဲ့၊ ငါ ဒါန်းစီးမယ်"

"အဲဒါ ငါ ဘာလုပ်ပေးရမလဲ"

"ဟဲ့... တောသားရဲ့၊ လွဲပေးရမှာပေါ့"

သည်လောက်ကတော့ ဖြစ်ပါသည်။ ကံဇာတာကိုက သူ့
ခိုင်းသမျှ လုပ်ပေးရမှာပဲဟာ။

မင်းဆက်မှူးက ဘာစကားမှ မဆိုတော့ဘဲ သူမ နောက်
ကျောဘက်မှနေ၍ ဒါန်းကိုလွှဲပေးသည်။

"ဖြည်းဖြည်းလွှဲနော်၊ ငါပြုတ်ကျရင် နင် အသေပဲ"

သူ မဟော်ကို သည်လို ထိပ်တိုက်ရင်ဆိုင်တိုးခဲ့ပါ၏။

☆ ☆ ☆



# [ ၁၂ ]

ကေသရီခြံကြီးတွင် ဘဘမောင်(ဦးမျိုးမောင်)၊ ကြီးကြီးမေ (ဒေါ်မေမေသွင်) အပါအဝင် မိသားစုအားလုံးသည် သူ့ကို ချစ်ချစ်ခင်ခင် ရှိကြပါသည်။ သည်နေရာတွင် "မဟော်"ကိုတော့ သူ ခြွင်းချက်ထားရပါမည်။

မဟော်သည် သူ့အပေါ် ခင်မင်ခြင်း မရှိသော်လည်း မုန်းတီးခြင်းလည်း မရှိပေ။ သို့သော် ရံဖန်ရံခါများတွင် သူ့အပေါ် အနိုင်ယူလိုမှုနှင့် အနိုင်ယူလိုခြင်းက မဟော်စိတ်ထဲ ပိုတဲနေသည်တို့တော့ သူလုံးဝယုံကြည်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက် ဒေါ်ချစ်မှုံ၏သမီး မြခင်မနှင့် အိမ်ဖော်မယေ မိကောင်း၊ နောက်ပြီး ကားဒရိုင်ဘာကြီး ဦးဖိုးထင် ဒေါ်လှတုတ် ၏သမီး ခင်နှောင်းဆိုလျှင် သူ့ကို အစ်ကိုတစ်ယောက်လို ခင်မေ ကြသည်။ ရင်းရင်းနှီးနှီးနေကြသည်။ ညဖက် အားလပ်ချိန်တွင် အလုပ်သမားတန်းလျား၏ အလယ်ခန်း ဦးဖိုးထင်တို့၏ အခန် တွင် သူတို့ စုဝေးပြီး သူက တောမှာ ငှက်ပစ်၊ အမဲလိုက်၊ ငါးဖမ်း ပျားဖွပ်သည့်အကြောင်းများ ပြောပြလျှင် သူတို့သည် စိတ်ဝင် တစားနှင့် နားထောင်ကြသည်။

တစ်ခါတရံတွင် နားထောင်ရင်း ခင်နှောင်းက အတွေ ပေါက်ပြီး...

"ပျားဖွပ်တော့ ကိုမှူးကို ပျားတွေက ဝိုင်းမတုပ်ကြဘူး လား"

"ဆေးရိုးမှိုင်း တိုက်ပေးရတယ်လေ၊ သစ်ပင်က တော် တော်မြင့်ရင် ဆေးပြင်းလိပ်ကို မီးညှိဖွာပြီး ပြောင်း ရှည်နဲ့ သစ်ပင်ပေါ် တက်မှုတ်ရတာ"

"အဲဒီအခါကျ ပျားတွေ ထွက်ပြေးရောလား"

"ပြေးတာပေါ့၊ မပြေးနိုင်တဲ့ကောင်တွေကလည်း မူး ပြီး ပြုတ်ကျကြတာ၊ အဲဒီတော့မှ ပျားအုံကို တက် ဖြုတ်ရတာ ခင်နှောင်းရဲ့"

"ပျားတွေ ထွက်ပြေးအောင် တော်တော် မှုတ်ရမှာပဲ"

"ငါက မှုတ်တဲ့နေရာမှာ ချန်ပီယံပဲ"





"သက်စွန့်ဆံဖျားကြီး ကိုမှူးရာ၊ ရတဲ့ပျားရည်ကို ဘာ လုပ်လဲ"

"ရောင်းစားပြီး စာအုပ်ဘောလ်ပင် ဝယ်ရတာပေါ့၊ ကိုမှူးရဲ့ အဖေက ရွာမှာ အဆင်းရဲဆုံးလေ၊ အဲဒီ တော့ တစ်ဖက်တစ်လမ်းက ဝင်ငွေလေးရအောင် ကိုမှူးက ပျားဖွပ်၊ ငါးပက်၊ ငှက်ပစ်ငှက်ထောင် အ တတ်ကိုလည်း တတ်ထားရတာပေါ့"

သူ့ကို အားလုံးက ဝိုင်းသနားနေကြသည်။

မြခင်မဆိုလျှင် အဖေနှင့်သူ့အတွက် အသားဟင်းကောင်း ကောင်းလေးများကို သီးသန့် ယူလာတတ်သည်။

ခင်နှောင်းကတော့ ငါးပြေမ ဟင်းချက်လျှင် အတော်အ တန်ကြီးသည့်ကောင်ကို သူ့အတွက် ဖယ်ထားတတ်၏။

"ပျားအုံတွေက ဘယ်မှာရှိတာလဲ ကိုမှူး"

"တောထဲမှာရှိတာ ခင်မရဲ့"

သူက မြခင်မကို ခင်မဟုခေါ်ပြီး အားလုံးကတော့ သူ့ကို ကိုမှူးဟု ခေါ်ကြသည်။

"တစ်ချို့ပျားအုံကြီးတွေဆိုရင် ဆန်ကောဝိုင်း လောက်ကို ကြီးတာ"

"ဟယ်... အဲဒါကို ကိုမှူးတစ်ယောက်တည်း တက် ဖွပ်တယ်၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ ရွာမှာ ကိုမှူး သူငယ်ချင်း အေးပိုင်ဆိုတာ ရှိတယ်၊ သူက ကိုမှူးကို အမြဲကူညီတယ်၊ သရက်ကုန်းမှာ ပျားဖွတ်၊ ငှက်ပစ် တဲ့ နေရာမှာ ကိုမှူးကတော့ ပြိုင်စံမပေါ် နိုင်ငံကျော် ပဲ"

မြခင်မ၊ မိကောင်းနှင့်ခင်နှောင်းတို့ကတော့ သူစကား မှန် သမျှကို ယုံကြသည်။

"ကိုမှူးက အရမ်းတော်တာပဲ"

"သည့်ထက် တော်တာတွေ အများကြီးရှိသေးတယ်"

"တစ်ကယ်"

"တစ်ကယ်ပေါ့၊ သည့်ထက် တော်တာတွေကို နင်တို့ အုပ်စုကိုတော့ ခေါ်ပြီး လက်တွေ့ကိုပြချင်ကာ"

သူ ရင်ကလေးကော့ပြီး ပြောမိ၏။

လိမ်ညာ၍ ပြောခြင်းမဟုတ်သော်လည်း သည်လိုမျိုးတော် ကြောင်းတက်ကြောင်း ပြောခဲ့မိသည်ကြောင့် တစ်ခုသော ကျောင်း ပိတ်ရက်မှာ သူနှင့်မပော် ထိပ်တိုက်တွေ့ရပြန်တော့၏။

☆ ☆ ☆





# [ ၁၃ ]

မှတ်မှတ်ရရ နေ့လည်စာ ထမင်းစားပြီးချိန်လောက်မှာ ဖြစ် ပါသည်။ အဖေ့ကို ဘဘမောင်က ကားနှင့်အပြင်ခေါ်သွား ချိန်မှာ မပော် ရောက်လာ၏။

ရောက်လာသည်ဆိုသော်လည်း မပော်သည် အလုပ်သ မားတန်းလျား (သူဌေးများအခေါ် အစေခံတန်းလျား) ပေါ်သို့ အသိတော့မှ မတက်။ သူမ တွေ့ချင်သည့်သူ၊ ခိုင်းရန် အလိုရှိ သူတို့ တန်းလျားအောက်မှနေ၍ အော်ခေါ်တတ်၏။

ခုလည်း သူနှင့်အဖေနေသည့် တန်းလျား၏ အစွန်ခန်း ရှေ့သို့ရောက်လာပြီး သူ့ကို အော်ခေါ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်မှူး"

"မင်းဆက်မှူး"

ဒါကတော့ ပြဿနာမဟုတ်။

ရွယ်တူတန်းတူဖြစ်ပြီး သည်တောင်မရောက်၊ မြောက်မရောက် အရွယ်မှာ ခင်ဗျားနှင့်ကျွန်တော်တော့ ဘယ်လိုမှ မပြောတတ်။ နင်နဲ့ငါ အသုံးအနှုန်းမှာလည်း မပော်က သိပ်ပြီး ဂရုထားပုံမပေါ်။ ခင်နှောင်းတို့၊ မိကောင်းတို့၊ မြခင်မတို့ကတော့ သူထက် အသက်တစ်နှစ်လောက် ငယ်ကြ၍ သူ့ကိုလည်း ခင်မင်ကြ၍ ကိုမှူးလို့ ခေါ်ကြသည်။ မပော်ကိုတော့ သူတို့အားလုံးက မမလေးဟု ခေါ်ကြ၏။ အသေအလဲ ကြောက်ကြသည်။

သူကကော မပော်ကို မကြောက်ဘူးလား။

မကြောက်ပါ။

သို့သော် မပော်ခိုင်းဖို့ အတွက်တော့ သူအမြဲလိုလို အဆင်သင့်ဖြစ်နေရ၏။

"ဟဲ့... မင်းဆက်မှူး၊ ငါခေါ်နေတာမကြားဘူးလား"

"ကြားပါတယ်"

"ကြားရင် မြန်မြန်ဆင်းလာပါလားဟဲ့"

"ပြနေတဲ့လုံချည်ကို ဖါနေတာ တန်းလန်းကြီးနဲ့မို့ပါ"

"ငါ့အတွက် နင်တို့မှာ ဆင်ခြေဆိုတာ မရှိရဘူး"

သူ အိမ်ပေါ်မှ ကပျာကရာ ဆင်းလိုက်ရသည်။





အောက်ရောက်၍ မပော်အနား ရောက်သည်နှင့် ကိုစွကာကြီးသေး၊ သူ့မ ရှေ့မှခပ်ယို့ယို့ကလေး ရပ်ရသေး၏။

"ခိုင်းပါ မပော်"

"လာ... မြနောက်ဖက် ပိန္နဲပင်ကြီးဆီ သွားရအောင်"

ဘာကိစ္စမှန်းတော့ မသိ။

သူ့မ ဦးဆောင်ရာကို လိုက်ခဲ့ရသည်။

"နင်က ကေသရီခြံကြီးထဲမှာ အတော်ကို နာမည်ကြီးနေတာပဲ"

"ငါ နာမည်ကျော်အောင် ဘာမှမလုပ်ခဲ့ပါဘူး မပော်"

"နင်ကတော့မှာ ငှက်ပစ်လည်း တော်တယ်၊ ပျားဖွတ်လည်းတော်တယ်၊ ငါးပက်လည်း တော်တယ်ဆို"

"အဲဒါတော့ ဟုတ်ပါတယ်"

"ခင်နှောင်းတို့ တစ်သိုက်ကတော့ နင့်ကို တော်တော်အထင်ကြီးကြတာပဲ၊ သည်အကြောင်းတွေကိုလည်း သူတို့ငါ့ရှေ့မှာ ချီးမွမ်းခန်း လာဖွင့်လို့ ငါသိရတာ"

ခင်နှောင်းတို့ကတော့ လုပ်တော့မည်။

တကယ်ဆိုလျှင် သူ၏တောနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုများသည် သူ့ဌေးသမီးမပော်နှင့် ဘာမှ ပတ်သက်နိုင်ခြင်းအကြောင်း တရားမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း...

ခြံထောင့် ပိန္နဲပင်ကြီးအောက်ရောက်တော့ မဟော်ဏ
လှမ်းနေသည့် ခြေအစုံကို ရပ်လိုက်၏။

"ဟိုမှာတွေ့လား"

ပိန္နဲပင်ပေါ်ကို လက်ညှိုးထိုးပြသည်။

သူမ လက်ညှိုးညွှန်ရာသို့ သူက လိုက်ကြည့်၏။

"အား... လား... လား၊ ပျားအုံကြီးပါလား"

"အေး... ငါတွေ့ထားတာ လေးငါးရက်ရှိပြီ၊ ငါဘယ်သူ့ကိုမှ မပြောဘူး။ ခု နင်က ပျားဖွပ်တော်တယ်ဆိုတာ သိရတော့ အရမ်းကို အဆင်ပြေသွားတာပဲ"

သူ မျက်ခုံး အနည်းငယ်လှုပ်သွားသည်။

ပျားအုံက သေးသေးကွေးကွေးလေး မဟုတ်။

အကြီးကြီးမှ အပြားဝိုင်းကြီး။ သည်အုံကြီးကို ဖွပ်လိုက်လျှင်
ငှက်ပျောဖူး တစ်ပူလင်းကတော့ ပျားရည်တွေ ရနိုင်၏။ သို့သော်
လည်း သည်ပျားအုံကြီးဖွတ်ဖို့ ကိစ္စက...

သူအနည်းငယ် မှုပန်နေတုန်းမှာပင်...

"ပျားရည် အစစ်က အရမ်းဆေးဘက်ဝင်တာ၊ ဆိုင်တွေမှာ ရောင်းတဲ့ ပျားရည်ကဘယ်စစ်မလဲ"

ဒါကတော့ သူမပြောမှလား...

တေိမ တောသားထက်ပိုပြီးတတ်ကြောင်း ပြချင်နေသေး၏။





"ငါက ကျွမ်းကျင်သူကိုပဲ ခိုင်းချင်တာ၊ မကျွမ်းကျင်တဲ့သူသွားဖွပ်ခိုင်းလို့ ပျားတုတ်သေရင် ကိုယ်ကနေရင်းထိုင်ရင်း တရားခံဖြစ်ရဦးမယ်"

"ငါ့ကို တက်ဖွပ်ခိုင်းမလို့လား မဟော်"

"အေးပေါ့၊ နင်က ပျားဖွပ်ကျွမ်းကျင်တဲ့ဟာ၊ ကဲ... စကားပြောနေတာ ကြာပါတယ်၊ ဘ၊ သစ်ပင်ပေါ်တက်ပြီး ပျားအုံကြီး ဖြုတ်ချလိုက်"

"ဟာ... သည်လို အလွယ်လုပ်လို့ ရမလားဟ"

"နင်က ချန်ပီယံဆို"

"ပျားဖွပ်တယ်ဆိုတာ ဆေးရွက်ကြီးနဲ့ မှိုင်းတိုက်ပြီးပြောင်းနဲ့မှုတ်ရတယ်ဟ၊ ပျားတွေပြေးတော့မှ အုံကိုဖြုတ်ချရတာ"

"ဒါကတော့ နင်ကျွမ်းကျင်သလိုပေါ့"

ကိစ္စကတော့ အတော်ကို ဂွကျလာပြီ။

ကေသရီခြံကြီးနဲ့သည် အနီးဝန်းကျင်မှာလည်း ဆေးရွက်
ကြီးဆိုတာ ရှိမည်မဟုတ်၊ ပြောင်းအတွက်ကတော့ ကိစ္စမရှိ တစ်
ထတ်မပလပ်စတစ် ရေပိုက်ဟောင်းတွေ ကားဂိုဒေါင်ထဲမှာရှိ
သည်။ အသုံးချလို့ရသည်။

"ဒါဖြင့် ငါ့ကို ဆေးပြင်လိပ်သုံးလိပ်လောက် ဝယ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရတယ်၊ မြခင်မကို လမ်းထိပ်က ဆိုင်မှာ ဝယ်ခိုင်းလိုက်မယ်"

ပြောပြီး မပေါ်က မြခင်မကို အော်ခေါ်၏။

မပေါ်၏ ခေါ်သံကြောင့် မြခင်မ အပါအဝင် ခင်နှောင်းနှင့် မိကောင်းပါအနားသို့ အပြေးကလေး ရောက်လာကြသည်။

"မမလေး၊ ဘာခိုင်းမလို့လဲဟင်"

"မြခင်မ၊ နင်လမ်းထိပ်က ကွမ်းယာဆိုင်မှာ ဆေးပြင်းလိပ် သုံးလိပ်သွားဝယ်၊ မင်းဆက်မှူး ပျားဖွပ်မလို့"

"ပျားအုံက ဘယ်နားမှာရှိလို့လဲ မမလေးရဲ့"

"ဟိုမှာလေ၊ ပိန္နဲကိုင်းမှာ ကပ်နေတဲ့ အဝိုင်းပြားကြီးကို မတွေ့ဘူးလား"

"အေးဟယ်... ဟုတ်တယ်တော့၊ တို့တော့ ပျားရည် စစ်စစ် သောက်ရတော့မယ်"

တေိမတွေ လက်ခုပ်လက်ဝါးတီးပြီး အော်ကြ၏။ မြခင်မကတော့ မပေါ်ဆီက ငါးရာတန်တစ်ရွက်ယူပြီး လမ်းထိပ်မှာ ဆေးပြင်းလိပ် ပြေးဝယ်သည်။ မြခင်မ ပြန်လာတော့ သူ လုပ်ငန်းစရတော့၏။ သည်လုပ်ငန်းကလည်း မစလို့ မဖြစ်။

ကေသရီခြံမှာ မပေါ်ဖြစ်ချင်တာမှန်သမျှ အားလုံး ဖြစ်ရမည်။ သည် သဘောတရားကို ကေသရီခြံ၏ အလုပ်သမားအားလုံးနားလည် သဘောပေါက်ထားရ၏။





သူ့ပုဆိုးကို ခါးတောင်းကျိုက်ပြီး အရှည်လက်တလံ ...တ် ပလပ်စတစ်ပိုက်ကို ခါးကြားမှာ ထိုးပြီး ပိန္နဲပင်ပေါ် တက် ...သည်။ သူ့ခါးပုံထဲမှာ မီးခြစ်နှင့် ဆေးပြင်းလိပ်ကိုလည်း ...ဆောင်ထား၏။

"ကိုမှူးက သစ်ပင်တက် ကျွမ်းတာပဲ"

"အဆက်အသွယ်ရှိရင် တာဇံလို ကားမျိုး ဗီဒီယိုရိုက်လို့ ရတယ်ကိုမှူး သိလား"

မပေါ်မှလွဲပြီး အားလုံးက ဝိုင်းပင့်ပေးကြသည်။ အကြည့် ...တလည်း သူ့ဆီ ရောက်နေ၏။ သည်လို အမြှောက်အပင့် ...းတွေကိုတော့ သူလည်း လူသားပီပီ သဘောကျသည်။

ဩဘာပေးနေသည့် အသံများကို နားထောင်ရင်း သူဆေး ...လိပ်ကို ထုတ်ယူမီးညှိလိုက်၏။ ပြီး ခပ်ပြင်းပြင်းဖွာလိုက်ပြီး ...တဆင့် ဆေးပြင်းလိပ်ငွေ့များကို ပျားအုံကြီးနှင့်ကပ်ပြီး မှုတ် ...လိုက်သည်။ ဆေးပြင်းလိပ်နံ့ကြောင့် ပျားတွေ ဝရုန်းသုန်း ... ဖြစ်ကုန်၏။ သူ ဒုတိယအကြိမ် ဆေးပြင်းလိပ်ကို ဖွာလိုက် ...သည်။ ပလပ်စတစ်ပိုက်မှ ဖူးခနဲမှုတ်အထုတ်ကွင်...

ပျားတွေ ရှေ့တူရှုသို့ ပျံပြေးရမည့်အစား...

အင်အားမသေးသော ပျားအုပ်က သူ့ဆီသို့ တစ်ဟုန်ထိုး ...င်လာပါတော့၏။

"အား... တုပ်တယ်... တုပ်တယ်"

လက်မှာ ကိုင်ထားသည့် ပြောင်းလဲလွတ်ကျသည်



www.burmeseclassic.com

www.burmeseclassic.com



ဖျားမျှား ဝိုင်းတုပ်နေသည့်ကြားမှ အောက်သို့ ပြုတ်မ...
အောင် ဆက်ခနဲမတ်တပ်ရပ်၍ ကိုယ့်ကိုယ်ကို ကာကွယ်ရ...
လက်လှမ်းမီရာ သစ်ကိုင်းကိုဖမ်းအဆွဲ...

ကျိုက်ထားသည့် ခါးထောင်း ရှတ်တစ်ရက် ပြုတ်ကျမှု...
အတူ...

"ဟယ်... ကိုမှူး... ကိုမှူး၊ လုံချည်ကြီးကွင်းလုံး ကျွတ်ကျပြီ"

"အမလေး... အောက်ခံဘောင်းဘီလည်း မပါဘူး တော့"

အော်သံတွေ။ အထိတ်တလန့် အသံတွေ။

ပိန္နဲပင်အောက်မှ ပြေးထွက်သည့် ခြေသံတွေ။

သူ့အာရုံစိုက်နားထောင်ရင်းမှ ဖျားတုပ်သည့် ဒဏ်ကို မ...
ရပ်နိုင်စွာ သစ်ပင်ပေါ်မှ ဝုန်းခနဲခုန်ချပြီး သစ်ပင်ပေါ် မော့ကြ...
တော့ ပိန္နဲပင်၏ အောက်ဆုံးအကိုင်းမှာ ချိတ်ရက်သားလေး ...
နေသည့် အညိုရောင်လုံချည်အကွက်လေးက သူ့ကို လှော...
ပြောင်သလို ရှိနေပါတော့သည်။

"အရှက်ကတော့ ဟက်တက်ကွဲပြီ"

ထိုသည့်နေ့မှစ၍ ရက်သတ္တနှစ်ပတ်တိတိအထိ မဟေ...
အပါအဝင် ကေသရီခြံမှ ဇာတိမအားလုံးသည် သူ့ကိုမြင်လျှ...
တစ်ပြေးတည်း ထွက်ပြေးနေတော့သည်။

☆ ☆ ☆



[ ၁၄ ]

ခြံစောင့် တာဝန်ဆိုသော်လည်း တာဝန်က တကယ့်ကို
...ပေါ့ပါးပါးလေး၊ ညရေးညတာမှာ သူ့ဝီရိယကောင်းနေလျှင်
...တ်ဝိုင်းမှာ ဆရာနှင့်တွေ့လျှင်...

"အအိပ်ကြီးပျက်ခံပြီး ခြံထဲလှည့်မနေနဲ့ဆက်အောင်၊ ဆိတ်ငြိမ်ရပ်ကွက်ထဲကို တော်တန်ရုံသူခိုး ဝင်မလာရဲပါဘူး၊ အိပ်ရေးကိုတော့ ဝအောင်အိပ်၊ မင်း အသက်ငယ်တော့တာလည်း မဟုတ်ဘူး၊ ကျန်းမာရေး ထိခိုက်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဆရာ၊ ကျွန်တော်က ညဘက်ဆို အအိပ်အနေနည်းပါတယ်၊ သားကလည်း တစ်ရေးနိုးတယ်ဆို လက်နှိပ်ဓါတ်မီးကောက်ကိုင်ပြီး ခြံကို သုံးလေးပတ်လောက်ပတ်ပြီး စစ်ဆေးတော့တာ"

"မောင်မှူးကတော့ ကေသရီခြံကြီးအတွက် အတော်ကို အဖေါ်ရတယ်၊ အလုပ်လုပ်တဲ့ နေရာမှာလည်း တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်နဲ့"

သားနှင့်ပတ်သက်သည့် ချီးကျူးစကား အပေါ်မှာ သူ ကျေနပ်ပီတိ ဖြစ်ရသည်။ သားကို လိမ္မာရေးခြားရှိအောင် ကေသရီခြံ၏ အရှင်သခင်များ အပေါ်မှာ နားလည်မှု ရှိနိုင် တော့ သူအထူးပြုပြီး ဆုံးမသည်။

ကေသရီခြံကြီးမှာ သူ အထူးပြု ဂရုစိုက်လုပ်ရတာက ဆရာကတော်၏ နှင်းဆီပန်းခင်းပင်။ ပြီးတော့ ပန်းအလှမျိုး လည်း ဆရာကတော်က စိုက်သေး၏။

သည်ပန်းပင်တွေ ရေလောင်းသည့်တာဝန်ဆိုတာကလ တာမှ ပင်ပင်ပန်းပန်း ရှိလှသည်မဟုတ်။ ရံဖန်ရံခါတွင် ဆရာကတော်က သူ့ကို ပန်းအိုးတွေ အပြောင်းအလဲ လုပ် မြေဆွေးတွေ ထည့်ခိုင်းသည်။ ဒါကို သားက ခြံပြင်ထွက်ပြီး ပင် သစ်ဆွေးများအောက်က မြေဆွေးများကို သံပုံးနှင့်သယ် ပေးလျှင် ဆရာကတော် သဘောကျမဆုံး ဖြစ်တတ်၏။ သာ လည်း ဆရာနှင့်ဆရာကတော် ချစ်ခင်အောင်ပေါင်းတတ်သ





ခုလည်း ဆရာကတော် အလိုကျ ပန်းအိုးများ ပြောင်းရွှေ့ ဆေးအပြီးမှ ဆရာကတော်က...

"ဆက်အောင်... လာ၊ လက်ဖက်ရည်သောက်ရအောင်၊ လက်ဖက်ရည်ခန်းမှာ နင့်ဆရာရှိတယ်"

"ကျွန်တော် မသောက်တော့ပါဘူး ဆရာကတော်"

"နင့်ဆရာက ခေါ်ခိုင်းတာ"

သူ ငြင်းဆန်ရန် မဝံ့တော့။

ဆရာကတော်နောက်ပါးမှ သူ ယို့ယို့ကလေး လိုက်ခဲ့သည်။ လက်ဖက်ရည်ခန်းရောက်တော့ ဆရာ့ကို ထိုင်လျက်တွေ့ရ၏။

"လာ ဆက်အောင်၊ ပန်းအိုး မရွှေ့ခင်ကတည်းက ပြီးရင် ဆက်အောင်ကို လက်ဖက်ရည်သောက် ခေါ်ခဲ့လို့ မင်းအစ်မကို ငါမှာထားတာ"

ခင်နှောင်းက လက်ဖက်ရည်ပွဲပြင်ပေးသည်။ သစ်သီး အိတ်ချပ်များကလည်း ပန်းကန်ပြားပေါ်မှာ အပြည့်အမောက်။

သူ့ကို ဆရာက လက်ဖက်ရည်ခန်းခေါ်ပြီး လက်ဖက်ရည် တိုက်ခြင်းသည် ပြောလိုသည့် အကြောင်းစကားတစ်ခုခုရှိမည် ဟုတော့ သူတွေးမိ၏။

"သောက်... ဆက်အောင်"

ဆရာ အမိန့်ပေးမှ ကိုင်တွယ်ရသည့် အကျင့်ကတော့ ဆရာနှင့်အတူ ရုံးဌာနမှာ လုပ်ကတည်းကပါပဲ။ သူ လက်ဖက် ရည်ခွက်ကို မ,ယူသောက်တော့ ဆရာကတော်က သူ့မျက်နှာကို အစေ့ကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"နွဲ့ယဉ်နဲ့တုန်းက နှင်သည်လိုမျိုး အရက်ဖြတ်ခဲ့ရင်
သူခမျာ ဘယ်လောက် ဝမ်းသာရှာမလဲ"

အတိတ်...

ဪ... သူရဲ့အတိတ်ကို ဆရာကတော်က လုံးဝ
မမေ့ပါလား။

ဘယ်မေ့နိုင်မလဲလေ။ တည်ကြည်ရိုးသားပြီး ရှုံးလမ်းထိ
မှာ အကြော်ထိုင်ရောင်းတဲ့ အကြော်သယ်ကလေး နွဲ့ယဉ်နဲ့သူ
ဆရာနဲ့ဆရာကတော်က ပေးစားခဲ့တာပဲဟာ။

"ငါတို့ အမှားပါပဲ"

သူခေါင်းကို ငုံ့ထားသည်။

ဆရာကတော်က သတိတရအနေနှင့် ပြောသော်လည်
ယောကျ်ားတစ်ယောက်တာဝန် မကျေပွန်ခဲ့သော သူ့အမှားဝေ
ကို ယနေ့တိုင် ဖြေဆည်မရ။ သို့သော်လည်း သူမြို့သိပ်နေခဲ့
သည်။

"အဲဒီတုန်းက နှင်အရက်သမားမှန်း ငါသိသားပဲ၊ ဒါ
ပေမယ့် နွဲ့ယဉ်လို့ လိမ္မာရေးခြားရှိတဲ့ မိန်းကလေး
တစ်ယောက်နဲ့ အကြောင်းပါခဲ့ရင် နှင့်ကိုယ်နှင် ပြု
ပြင်မယ်ထင်ပြီး နှင့်ဆရာနဲ့ငါက တိုင်ပင်ပြီး ပေးစား
လိုက်တာ၊ နှင့်ဟာက မိန်းမရမှ ပိုဆိုးတော့တာပဲ၊
သောက်လိုက်တဲ့အရက်၊ နေ့ညကို မရွေးဘူး၊ ဒါ
ကြောင့် အလုပ်ကပြုတ်တာ"





ဆရာတ သူ့ကို အားနာစွာကြည့်ပြီး...

"မေကာလည်းကွာ၊ ဆက်အောင်ကို လက်ဖက်ရည်
ခေါ်တိုက်ပြီး အတိတ်က ဆိုးခဲ့တာတွေကို ခေါ်ဆူသ
လို ဖြစ်နေပြီ"

"ဆရာကတော် ပြောသမျှ အမှန်စကားတွေချည်းပါ
ဆရာ၊ ကျွန်တော်ကလည်း မိန်းမရပြီး လိမ္မာခဲ့တာမှ
မဟုတ်ဘဲ"

"ငါ နှင့်ကို ဆူတာ မဟုတ်ပါဘူး ဆက်အောင်၊ နှင်
အရက် ဖြတ်သွားတာမြင်ပြီး နွဲ့ယဉ်ကို သတိရလို့ပါ။
ခုနေများလမ်းမှာ မင်းဆက်မှုကိုတွေ့ရင် သူသားဆို
တာတောင် ခများသိရှာမှာ မဟုတ်ဘူး"

"ကျွန်တော်က သားကို သားအမေ သားကိုမွေးပြီး
ခြောက်လအကြာမှာ ဆုံးသွားတယ်လို့ ပြောထား
တယ် ဆရာကတော်၊ နွဲ့ယဉ်နဲ့ပတ်သက်သမျှ သားကို
ဘာမှ အသိမပေးဘူး၊ သားကလည်း သူ့အမေ ငယ်
ငယ်ကတည်းက ဆုံးသွားတယ်လို့မှတ်ယူထားတယ်"

"အင်း... နွဲ့ယဉ်ဟာ တည်ကြည် ရိုးသားပေမယ့်
တယ်ပြီး စိတ်ကြီးတာပဲ၊ နှင့်ဒဏ်ကို မခံနိုင်လို့ မွေး
ကင်းစ ကလေးလေးကို နှင်နဲ့ထားခဲ့ပြီး ထွက်သွား
လိုက်တာ သတင်းအစနတောင် ရှာမရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မိခင်စိတ်မရှိတဲ့ မိန်းမတစ်ယောက်ပါ ဆရာကတော်၊ ကျွန်တော့် ဘဝထဲမှာ နွဲ့ယဉ်သေဆုံးတာ ကြာပါပြီ၊ သားဘဝမှာလည်း သူ့အမေ သေဆုံးတာ ကြာခဲ့ပါပြီ"

ဆရာကတော် ဘာစကားမှ ဆက်မပြောတော့။ သူ မရှိုက်ရမည်စိုးသဖြင့် သစ်သီးကိတ်နှစ်ချပ်ပူးကို ပန်းကန်ထဲမှ နှိုက်ယူပြီး သူ့ကိုပေးသည်။

သူ မုန့်စား လက်ဖက်ရည်သောက်နေချိန်မှာ ဆရာက ချောင်းတစ်ချက်ဟန့်ပြီး...

"မင်းကို ခေါ်တာ တစ်ခြားကိစ္စတော့ မဟုတ်ဘူး ဆက်အောင်၊ မင်းကို လခတိုးပေးဖို့ခေါ်တာ"

"ခင်ဗျာ"

"မင်းကို လခတိုးပေးမလို့"

"ဟာ... မဟုတ်တာ ဆရာရယ်၊ ထမင်းလည်း ကျွေးတယ်၊ နေစရာလည်း ပေးတယ်၊ အဝတ်လည်း ပေးတယ်၊ တစ်လလည်း တစ်သောင်းပေးတယ်၊ သည်ကျေးဇူးတရားတွေဟာ ကျွန်တော်တို့ သားအဖ အပေါ်မှာ အရမ်းကြီးမားနေပါပြီ ဆရာ၊ ကျွန်တော် အသုံးလည်း မလိုပါဘူး၊ ဆရာတိုးပေးမယ့် လစာကို မယူပါရစေနဲ့"





"ဒါ မင်းကို လစာငါးထောင် တိုးပေးမှာ ဆက်အောင်၊ အသုံးမရှိလည်း စုဆောင်းထားပေါ့ကွာ၊ မောင်မှူးကလည်း အရွယ်ကလေးရလာတော့ မုန့်ဖိုးကို ကိုင်သုံးချင်မှာပေါ့"

"သားက ဘဝကို နားလည်ပါတယ်ဆရာ၊ ကျောင်းသွားရင် သူ့သူငယ်ချင်းတွေက လက်ဖက်ရည်ဆိုင်ခေါ်ရင်တောင် သူမလိုက်ဘူး"

"အေးလေ၊ ဘာပဲဖြစ်ဖြစ် သူ့အတွက် မင်းစုရမယ်၊ ငါ့ စေတနာကိုလည်း မင်းလက်ခံရမယ်"

သူ လက်ဖက်ရည်ခန်းကထွက်တော့ ဆရာနှင့်ဆရာကတော်ကို လက်အုပ်ချီကန်တော့သည်။ သူ့ရင်ထဲမှာတော့ အရမ်းပျော်နေ၏။

ညနေဘက် သား ကျောင်းကပြန်လာတော့ အကျိုးအကြောင်းကို ပြောပြသည်။

"ဘဘမောင်နဲ့ကြီးကြီးမေတို့ရဲ့ ကျေးဇူးတွေက အများကြီး ဖြစ်နေပြီ အဖေ"

"သည် ကျေးဇူးတရားတွေ အပေါ်မှာ မစော်ကားမိဖို့တော့ အထူးကြိုးစားရမယ် သားရယ်"

မင်းဆက်မှူးက ခပ်တွေတွေကလေး စဉ်းစားလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"သည့် ကျေးဇူးတရားတွေက မဟော်နဲ့တော ဆိုင်သလား အဖေ"

"ဆိုင်တာပေါ့ကွာ အရမ်းကိုဆိုင်တာပေါ့၊ ဆရာနဲ့ ဆရာကတော်ရဲ့ တစ်ဦးတည်းသော သမီးပဲ၊ မဟော်နဲ့ပတ်သက်ရင်လည်း သားဟာ အသက်ပေး စောင့်ရှောက်ရမယ်"

"အဖေ့ စကားကြားမှ ပိုရှင်းသွားတယ်ဗျာ"

သူကတော့ သားဖြစ်သူ၏ ပခုံးကို ဆုပ်ညှစ်ပြီး ပြုံးပြုံးကြီး ပြုံးနေမိတော့၏။

☆ ☆ ☆



[ ၁၅ ]

ကျောင်းပိတ်သည့် တနင်္ဂနွေနေ့။

မွန်းတည့် ဆယ့်နှစ်နာရီတိတိမှာ ခြံအရှေ့ဘက်ထောင့် ငါးတောက်ပင်ကြီးအောက်သို့ အရောက်လာရန် မဟော်က (မင်းဆက်မှူးမှလွဲပြီး) အားလုံးကို ဆင့်ခေါ် လိုက်သည်။

မဟော်၏ တိကျသော အမိန့်အောက်မှ မြခင်မ၊ မိတောင်းနှင့်ခင်နှောင်းတို့ အသင့်ရောက်နေကြရ၏။

"အစည်းအဝေး လုပ်မလို့လား မမလေး"

စကားအထွန့်တက်တတ်သည့် မိတောင်းခေါင်းကို မဟော်က ခေါင်ခနဲနေအောင် ခေါက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နာလိုက်တာ မမလေးရယ်"

"နင့်ကို နာအောင်ခေါက်တဲ့ဟာ၊ မနာဘဲ နေမလား ဟဲ့"

ခင်နှောင်းနှင့်မြခင်မကတော့ မဟော် အငြေ အနေကိုသ မျက်လုံးအဝိုင်းသားနှင့် ကြည့်နေ၏။ သည်နေ့ ပိတောက်ပင်ပြေ အောက်ခေါ်သည့် ကိစ္စကတော့ အရင်လို လဖက်ချဉ်ငစပ် ကျွေ မည်တော့မဟုတ်။ မဟော် လက်ထဲမှာ ယွန်းခွက် မဟုတ် ကြမ်လုံးငယ် တစ်ချောင်းသာ ကိုင်ပါလာသည်ကို သူတို့ တွေ့ ၏။

"နင်တို့တို ငါစကားပြောမလို့"

"ပြောပါ မမလေး"

"တို့ ကေသရီခြံကြီးထဲမှာ ယောက်ျားဆိုလို့ မင်းဆက်မှူး တစ်ယောက်ပဲရှိတယ်"

သည် စကားအပေါ်မှာ ခင်နှောင်းက...

"မမလေးကလည်း မဟုတ်တာတွေ ပြောနေပြန်ပြီ၊ ကေသရီခြံမှာ ဘဘမောင်လည်း ရှိတယ်၊ ဦးဘိုးထင်နဲ့ ဦးဆက်အောင်ကြီးလည်း ရှိတယ်၊ ဘယ်က ယောက်ျားတစ်ယောက်ထည်း ဟုတ်ရမှာလဲ"

"ဟဲ့... ငါပြောတာက တို့နဲ့ရွယ်တူ ယောက်ျားလေးဆိုလို့ မင်းဆက်မှူး တစ်ယောက်ပဲရှိတယ်လို့ ပြောတာ"





"ကိုမှူးက ဘာဖြစ်လို့လဲ မမလေး"

မြခင်မက ဝင်မေး၏။

"ဘာမှတော့ မဖြစ်ဘူး၊ အမိက ပြောချင်တဲ့ စကားက နင်တို့ မင်းဆက်မှူးကို အရောမဝင်ဖို့ဘဲ၊ နောက်ပြီး သူ့ကို နင်တို့က ကိုမှူး၊ ကိုမှူးလို့ခေါ်တာ ငါ နားကြားပြင်းသိပ်ကပ်တာပဲ"

"ဒါကတော့ မမလေးရယ်၊ ကိုမှူးက ကျွန်မတို့ သုံးယောက်ထက် အသက်တစ်နှစ်ပိုပြီး ကြီးတာပဲဟာ၊ ကိုမှူးလို့ ခေါ်သင့်ပါတယ် မမလေးရဲ့၊ မမလေး ဘာခိုင်းခိုင်း သူ့ခမျာပျာနေတာပဲ၊ နောက်ပြီး ညဘက်အားလပ်ချိန်တွေမှာ ကိုမှူးပြောပြတဲ့ တောအကြောင်း၊ တောင်အကြောင်းတွေက သိပ်နားထောင်လို့ ကောင်းတာပဲ"

ခင်နှောင်းစကားကို အားလုံးက...

"ဟုတ်တယ် မမလေးရဲ့"

မဟော် သူတို့သုံးယောက်ကိုကြည့်ပြီး အရမ်းကို စိတ်ပျက်သွား၏။ နင်တို့ မင်းဆက်မှူးကို လုံးဝ စကားမပြောရဘူးဆိုသည့် တစ်ချက်လွှတ်အမိန့်ကလည်း ပေးလို့မဖြစ်။

'ဘာဖြစ်လို့လဲဟင်' လို့ ပြန်မေးရင် သူ့မှာ ဖြေစရာစကားမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် တို့အရွယ် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှ
ဆိုတာ ငယ်တာ မဟုတ်ဘူး၊ ဆင်ဆင်ခြင်ခြင် နေ
မယ်"

"ကိုမျှားမှာ မရိုးသားတဲ့စိတ် လုံးဝမရှိပါဘူး မမလေးရဲ့"

"ငါ့အကြောင်းကို ဘာတွေ ပြောသေးလဲ"

"နင်တို့ မမလေးက စိတ်ရင်း ကောင်းပါတယ်တဲ့
သူဌေးသမီးဆိုတော့ မာနကကြီးတာပေါ့တဲ့၊ ဒါပေ
မယ့် ဟိုနေ့က ငါ့ကိုချောကလက်ပြားကြီး ကျွေးတယ်
တဲ့"

"အံမာ... ငါ့ကျောင်းက ပြန်လာတော့ သူ့ကို ခြံဝမှာ
တွေ့တာနဲ့ ငါစားလို့ မကုန်တဲ့ ချောကလက်တို ပစ်
ပေးလိုက်တာ"

အမှတ်တော့ ပစ်ပေးခဲ့ခြင်းမဟုတ်။ ရော့... မင်းဆက်
ဟု ဆိုပြီး ပေးခဲ့ခြင်းသာ ဖြစ်သည်။ သည်စကားအမှန်ကို သူ
ဘာဖြစ်လို့ ခင်နှောင်းတို့ကို မပြောဝံ့ရတာလဲဆိုတာကို ကိုယ့်ကိုယ်
ကို မသိ။

"ချောကလက်ကျွေးတာကို ကိုမျှားပြောမှ ခင်နှောင်း
တို့က သိရတာပါနော်"

သည် စကားအပေါ်မှာတော့ မပေါ်၏ မျက်နှာ ရှက်ရဲရဲ
ကလေး ဖြစ်သွား၏။





ကိုမျှားက သနားဖို့ ကောင်းပါတယ် မမလေးရယ်"

"ငါကတော့ သူ့မျက်နှာကိုကြည့်ပြီး သနားလို့ကို မရ
ဘူး"

"မနက်ဆိုအစောကြီးထ၊ ခြံကိုရှင်း၊ ပြီးတော့ ကျောင်း
အမီ တစ်ချိုးထဲ ပြေးတော့တာပဲ၊ ကိုမျှားတို့ ကျောင်းနဲ့
မမလေးတို့ ကျောင်း မတူဘူးနော်"

"တို့ကျောင်းက မိန်းကလေး ကျောင်းပဲဟာ"

"ဟင်... ကိုမျှား တက်လို့မရဘူးပေါ့"

"တက်ရင် နင်တို့ ကိုမျှား ဂန်ဒူးကြီး ဖြစ်သွားမှာပေါ့"

မပေါ့် စကားကို အားလုံးက ဝိုင်းရယ်ကြတော့ မပေါ်က
မှုသည်။

"မမလေးက ကိုမျှားကို ကားနဲ့တင်ခေါ်ပြီး သူ့ကျောင်း
ရှေ့မှာ ချထားပေးဖို့တော့ ကောင်းပါတယ်"

"ဖေဖေက လိုက်ခိုင်းသားပဲ၊ နင်တို့ ကိုမျှား ကျောင်းက
နီးနီးလေးပါ၊ လမ်းလျှောက်ပြီးတော့ပဲ သွားပါရစေ
ဆိုပြီး ဆင်းရဲသားဇာတာ ပါနေတာ"

"မမလေး ကိုယ်တိုင်ခေါ်ရင် ကိုမျှားက လိုက်မှာပါ"

"ဝေးသေးတယ်၊ တစ်ခြံထဲ အတူနေလို့ ငါသူ့ကို ခေါ်
ပြော ဆက်ဆံတာကိုက သူ့အတွက် လာဘ်ကြီးတစ်
ပါးလို့ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား မမလေး"

"ဘာဒါပဲလားလဲ"

"ပြောစရာ ဒါပဲလားလို့ ကျွန်မတို့ အပေါ်ထပ်တက်ပြီး ကြမ်းတိုက်ရဦးမှာ"

"အေး… နင်တို့ ငါပြောသလို သိပ်ရောရောနှောနှောကြီး မနေနဲ့နော်၊ ငါ့အမြင်စူးရင် နင်တို့တွေ အေးကြွင်ထက် ဆိုးမယ်သာမှတ်"

သုံးယောက်သား အလျိုလျို ပြေးထွက်သွားကြသည်။

သူမ တိုက်ဖက် လျှောက်လာတော့ ပေါ်တီကိုအောက်ရပ်ထားသည့်ကားကို မင်းဆက်မှူး ဖုန်သုတ်နေသည်ကို ေ
သည်။

"ကျွေးစရာ ပါသေးလား"

"သည်တစ်ခါ ချောကလက်ပြားတော့ မရဘူး လက်ဝါးပဲရမယ်"

မဟော် ခြေဆောင့်ပြီး တိုက်ထဲဝင်ခဲ့သည်။

နောက်ပါးမှာ မင်းဆက်မှူးပြုံးပြီး ကျန်နေမည်ကို သူ
သိနေ၏။

☆ ☆ ☆



[ ၁၆ ]

မှတ်မှတ်သားသား သတိကိုပြုထားမိသည်။

ညနေမှောင်းခင် အချိန်လောက်မှာ မိကောင်းကိုခေါ်ပြီး မဟော် လမ်းထိပ်ကိုထွက်သည်။ လမ်းထိပ်မှာက စတိုးဆိုင်တလေး တစ်ခုရှိသည်။ နိုင်ငံခြားဖြစ် မုန့်မျိုးစုံအပြင် ပြည်တွင်းဖြစ် သိုးစုံများကိုလည်း အစုံအလင်တင်ထား၏။

ညနေစောင်းလောက်မှ မိကောင်းနှင့် လမ်းထိပ်ထွက်ပြီး မဟော်က ဖီးထုပ်ဝယ်သည်။ ပထမနေ့တွေမှာ ရယ်ရယ်ဖျဖျနှင့် ဖြစ်နေသော်လည်း သောကြာနေ့၏ နောက်ပိုင်း သုံးလေးရက်လောက်မှာတော့ မဟော်၏မျက်နှာ မှုံမှုံတင်းတင်းဖြစ်နေသည်ကို သူ သတိပြုခဲ့မိ၏။

မဟော်၏ မျက်နှာ မှုံခြင်းအကြောင်းရင်းကို မိကောင်းကို မေးကြည့်မည်ဟု သူ စဉ်းစားမိသော်လည်း မဟော်သိလျှင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မယ့် စပ်စုတတ်လိုက်တာဟု အပြစ်ဖို့မည်စိုးသ
မိကောင်းတွေ့လျှင် စကားတောင်မစရဲ။

သို့သော်လည်း သည်အကြောင်းအရာက ငါးရက်မြော
နေ့တွင် သူထံသို့ တည့်တည့်မတ်မတ်ကြီး ဝင်ရောက်လာပေ
၏။ တန်းလျားမှာ သူတစ်ယောက်တည်းထိုင်ပြီး စာဖတ်
ခိုက်မှာ မဟော်ရောက်လာ၏။

"မင်းဆက်မှူး၊ ငါနဲ့လိုက်ခဲ့စမ်း"

ဘယ်ကိုလဲ မဟော်ဆိုသည့် အမေးစကားကို သူမေးဖို့မ
မဟော်က လိုက်ခဲ့စမ်းဆိုသည်နှင့် သူအောက်သို့ ရောက်နှင့်
ဖြစ်နေရ၏။

"လမ်းထိပ်မှာ ဇီးထုပ်သွားဝယ်မလို့"

"ခါတိုင်း မိကောင်းဖြစ်ဖြစ်၊ မြခင်မဖြစ်ဖြစ် ခေါ်
သွားတယ်နော်"

"ဒီနေ့ နင့်ကို ခေါ်သွားတာက အကြောင်းရှိတယ်"

သူမခေါ်ရာ လိုက်သွားရန်သာ ရှိတော့၏။

သူနှင့်မဟော် ဝင်းတံခါးဖွင့်ပြီး အပြင်ထွက်သည်။ အပြင်
ရောက်တော့ သူက ဝင်းတံခါးကို ပြန်ပိတ်သည်။

စကားမပြောဖြစ်တဲ့ နှစ်ယောက်အတူ ယှဉ်လျှောက်ခဲ့၏၊
ညနေအေး၏ အေးမြသော လေကို သည်တစ်ခါရှူရှိုက်ရသည်မှာ
(ဘာကြောင့်မှန်းမသိ) သူ့ရင်မှာ လန်းဆန်းမှုရှိနေသည်။





လမ်းထိပ်ဆိုသော်လည်း ဆိတ်ငြိမ်ရပ်ကွက်တွေ၏ လမ်းမ
ညှာ်လျှားလွန်းပါ၏။ သူနှင့်မဟော် ယှဉ်လျှောက်ခဲ့ရင်း လမ်း
တော်လောက်မှာရှိသည့် ညောင်မုတ်ဆိတ်ပင်ကြီးအောက်
တော့...

"ချားလစ်... ချားလစ်"

အသံကြားသော်လည်း မိမိတို့နှင့် မပတ်သက်သည့် စကား
၍ သူကလှည့်ပင်မကြည့်။

မဟော်ကတော့...

"နင်ကြားတယ်မို့လား မင်းဆက်မှူး"

"ဘာကိုလဲ မဟော်"

"ဟို ညောင်ပင်အောက်ကနေ ဘောင်းဘီနဲ့ကောင်
က ချားလစ်၊ ချားလစ်လို့ အော်နေတာ နင်မကြားဘူး
လား"

"သူ့နာမည် သူအော်နေတာ နေမှာပေါ့၊ ချားလစ်တို့၊
ဘော်ဘီတို့၊ တော်မီတို့ဆိုတာ ဘိုရှူးတွေရဲ့နာမည်
ပဲဟာ"

"နင် ငါထင်တာထက်ကို တုံးနေပါလား မင်းဆက်မှူး
ရယ်၊ ချားလစ်ဆိုတာ သူ့နာမည် မဟုတ်ဘူး၊ ငါ့ကို
ချစ်လားလို့ မေးနေတာ"

မဟော်ပြောတော့မှ သူ အကြောအချဉ်တွေ နတောင့်တင်း
နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အသက်ဆယ်နှစ်နှစ် စွန်းစွန်းရှိသော်လည်း မပေါ်၏ အ
ဆစ်အပေါက်က ဖွံ့ဖြိုးထားကျိုင်းသည်။ ဒါကိုသည်ပုဂ္ဂိုလ်လေး
က နှလုံးသား ကစားချင်ပုံပေါ်၏။

သူဘာမှ မပြောဘဲ မပေါ်နံဘေးက အေးအေးဆေးဆေး
သာ လျှောက်ခဲ့သည်။ လမ်းထိပ်ရောက်တော့ မပေါ်က သူဝယ်
ချင်သည့် ဇီးထုတ်တွေဝယ်၏။ စတိုးဆိုင်လေးက အပြန်မှာတော့
သူလုံးဝ မမျှော်လင့်သောစကားကို မပေါ် ပြောပါတော့၏။

"နစ် အောက်ခံ ဘောင်းဘီပါလား မင်းဆက်မှူး"

"ဟာ... ဘာတွေပြောနေတာလဲ"

"ငါမေးတာကို ဖြေပါ"

"မပါဘူး"

မပေါ် တစ်ချက်တော့ ခပ်တွေတွေလေးနှင့် စဉ်းစားမှုကို
ပြုသည်။ ခဏကြာတော့...

"အဲဒီကောင် ငါ့ကို ချားလစ်၊ ချားလစ်ကို မေးတာ
သုံးရက်လောက်ရှိပြီ၊ ငါ မကျေနပ်ဘူး၊ မင်းဆက်မှူး"

"သည်တော့..."

"နင် သူ့ကို ထိုးရဲလား၊ နင်နဲ့ရွယ်တူလောက်ပဲ"

"ဘာလို့ မထိုးရဲရမှာလဲ၊ အရွယ်မတူဘဲ ငါ့ထက် နည်း
နည်းလေးကြီးရင်တောင် ငါက ကြောက်တတ်တဲ့
ကောင်မဟုတ်ဘူး"





"အေး... နင် သတ္တိကို ကြိုက်သွားပြီ"

သူ့ ရင်ကလေး ကော့သွားသည်ကို မင်းဆက်မှူး ကိုယ့်
ဘာကိုယ်သတိပြုမိ၏။

"တို့ကောင်က ဘောင်းဘီ ဝတ်ထားတာ၊ နင်လုံချည်
ကို ခါးတောင်းသေသေချာချာ ကျိုက်ထားဖို့တော့
လိုတယ်"

"စိတ်ချစမ်းပါဟာ"

သတ္တိသွေးက နိုးနေ၏။

ဘာပဲဖြစ်ဖြစ် သူ့ဆန် စားထားရင် ရဲကိုရဲရမည်။

အတူလျှောက်လာကြရင်း ညောင်ပင်ကြီးအောက်ရောက်
တော့ ပုဂ္ဂိုလ်လေးက ချားလစ် လုပ်နေသေး၏။

သူနှင့်မပေါ် ခြေကိုတုန့်ရပ်လိုက်တော့ ငတိခပ်ကြောင်
ကြောင် ဖြစ်သွားသည်။

"ဒီမယ်... နင်ငါ့ကို ဒီက ဖြတ်သွားတိုင်း ချားလစ်၊
ချားလစ်လို့ အော်နေတာ လေးငါးရက်တိတိရှိပြီ"

"ဩော်... မှတ်ထားသားပဲကိုး"

"အပိုတွေ မပြောနဲ့၊ သူနဲ့ချမလား"

ငတိ မျက်နှာရှုတင်းတင်း ဖြစ်သွား၏။

သူက ချားလစ်လုပ်သည့်ကောင်ကို စူးစိုက်ကြည့်ခဲ့မှာ...

"ချမယ်"

တစ်ဖက်ကလည်း စိန်ခေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်မှုအပြီးမှာ လက်သီးကိုယ်စီ ရွယ်ကြတော့သည်။ ညနေကလည်းစောင်း၊ လူသွားလူလာကလည်း ရှင်းသဖြင့် ရန်ပွဲက ကစားနေသလိုပင် ထင်ရသည်။

မဟော်ကတော့ ခေါင်းမှာရပ်လျက်။

သူက လက်သီးချိန်ရွယ်နေရသည်ကို စိတ်မရှည်တော့၊ ဘောင်းဘီဝတ်ပုဂ္ဂိုလ်လေးကို အတင်းဝင်လုံးပစ်သည်။

အင်အားက ဘယ်မျှလိမ့်မလဲ။

သူက အပေါ်စီးခွလျှပြီး မျက်နှာကို လက်သီးနှင့်ဆင့်ဆင့် ထိုးတော့သည်။

"ဟုတ်ပြီ… ဟုတ်ပြီ… မင်းဆက်မှူး၊ ချ… ချ…

အသေသာချ"

မဟော်က ချခိုင်းလေ သူကဖိထိုးလေ။

သည်မှာ ပြဿနာက စလာတော့၏။

ကိုယ်ဖိထိုးနေသည့်ကောင်က အရုပ်မှမဟုတ်ဘဲ၊ အောက်ကနေပြန်လှန်ခုခံ ကုတ်အဖုံ့မှာ သူကျိုက်ထားသည့် ဓါးတောင်းက ပြုတ်ထွက်သွား၏။

ဒါကို သူ အရေးမစိုက်နိုင်။ ကိုယ်အနိုင်ရဖို့အတွက်သာ ဖိထိုးရတော့သည်။ စာရင်းချုပ်တော့…

ချူးလစ် ပုဂ္ဂိုလ်ကတော့ မျက်နှာဖူးယောင်ကားနှင့်တစ်ချီတည်း ထွက်ပြေးတော့၏။





ကောသရီခြုံကြီးကိုရောက်တော့ မဟော်က မည်သူ့ကိုမျှ သျှောက်မပြော၍ အရှက်သက်သာရသော်လည်း…

သူမအတွက်သည်လောက် အရှက်ခွန့်ကြီးပမ်း ထိုးကြိတ်ခဲ့ရသည်တောင်မှ သူမသည် တစ်ချက်ကလေးမျှ မျက်နှာသာ ပေးခဲ့သည်ကိုတော့ သူ့ဝမ်းနည်းမဆုံး ဖြစ်ရပါချေ၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း-သုံး

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၇ ]

ကိုးတန်းအောင်သည့်နှစ်မှာ ဘဘမောင်က သူ့ကို သိမ်ဖြူတွင်း ကားမောင်းသင်တန်းကို ပို့ပေးသည်။ သူ ကားမောင်း ကျွမ်းကျင်သောအခါ ယာဉ်မောင်းလိုင်စင်ကို ဘဘမောင်က ငွေအကုန်ခံပြီး လုပ်ပေးခဲ့၏။

ဆယ်တန်းစာသင်နှစ်ကို စားကြီးစားရင်း အားလပ်သည့်အချိန်များတွင် မပော်သွားလိုရာကို ကားမောင်းလိုက်ပို့ပေးရင်းအချိန်များကို လွန်မြောက်လာခဲ့သည်။

ပျော်ရွှင်ငြိမ်းချမ်းဘွယ်ကောင်းသော သူ၏ ဘဝလေးတစ်ခုသည် သူ ဆယ်တန်းအောင်သည့်နေ့မှာ ပူလောင်ခြင်းအတိ ဖြစ်ရပါတော့၏။

---



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်စာရင်း မထွက်မီ ရက်သတ္တပတ် တစ်ပတ်နှစ်ပတ်အတွင်းမှာ အဖေ့မျက်နှာ သိပ်မကောင်းသည်ကို သူ သတိပြုမိ၏။

"အဖေ နေမကောင်းရင် ညရေးညတာကို အပြင်မထွက်ပါနဲ့ အဖေရာ၊ ဘဘမောင်ကလည်း စည်းကမ်းတင်းကျပ်မထားပါဘူး၊ အဖေ့ကို ညဘက်ခြံထဲ ထွက်မလျှောက်နဲ့လို့တောင် ပြောထားသေးတယ် မဟုတ်လား၊ ကျွန်တော်လည်း ညဘက်ကို နှစ်ကြိမ်လောက် ဆင်းလျှောက်သားပဲဗျာ"

"အဖေ အိပ်မပျော်လို့ပါ"

"အိပ်မပျော်တာကို အိပ်ပျော်အောင် အိပ်ပေါ့အဖေ"

အဖေ သူ့ကို စကားပြန်မပြော။

ခုတလော အဖေ မောမောနေသည်ကိုလည်း သူ သတိပြုမိသည်။ အဖေအရွယ်ကောင်းစဉ်က ပေခဲ့တေခဲ့သော ဒဏ်တွေကို ယခုပြန်ခံစားနေရသည်ကိုလည်း အဖေ သူ့ကိုယ်သူသိ၏။

"နက်ဖြန် သားတို့ အောင်စာရင်းထွက်မယ်နော်"

"ဟုတ်တယ် အဖေ"

"အင်း... သည်ညတစ်ညလုံးတော့ အဖေအိပ်လို့ရမှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ အဖေ"





"သား စာမေးပွဲအောင်ပါစေလို့ တစ်ညလုံး ဆုတောင်းနေရမယ်လေ"

သူ အဖေ့ကိုကြည့်ပြီး အရမ်းသနားသွားသည်။

သူ့အတွက် မျှော်လင့်ချက်တွေ ဘယ်လောက်ပြင်းထန်နေသည်ကိုလည်း အဖေ့မျက်လုံးကိုကြည့်ပြီး သူသိသည်။

"စောစော ဆုတောင်းပြီး စောစောအိပ်ပါ အဖေရာ၊ ကျွန်တော်အောင်မှာပါ အဖေရဲ့ စာမေးပွဲ စဖြေကတည်းက ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မှုရှိနေပြီးသားပဲဟာ"

"ဘာပဲဖြစ်ဖြစ်သားရယ်၊ သားအတွက် အဖေ့စိတ်တွေ လှုပ်ရှားနေတာတော့ အမှန်ပဲ"

ပြောမရ။

အဖေ တစ်ညလုံး အိပ်မပျော်ဖြစ်နေသည်ကိုတော့ သူသိသည်၊ မနက်မိုးလင်းတော့ သူ ဘုရားရှိခိုးသည်။ အဖေ့ကို ကန်တော့သည်၊ ပြီးတော့...

ဘဘမောင်နှင့်ကြီးကြီးမေကို သွားကန်တော့ပြီး သူအောင်စာရင်း သွားကြည့်မည့်အကြောင်း ပြောသည်။

"ဘဘမောင်နှင့်ကြီးကြီးမေက မင်းကို စာမေးပွဲအောင်ပါစေလို့ ညကတည်းက ဆုတောင်းပေးနေတာ မောင်မှူးရ"

"ကျေးဇူးတင်ပါတယ် ဘဘမောင်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမေမေသွင်က...

"ဘားယူသွားလေ မောင်မှူး၊ သည်မနက် မင်းဘာဘာ မောင်ကော၊ ကြီးကြီးမေကော ဘယ်မှ ထွက်စရာ မရှိဘူး"

"မယူတော့ဘူး ကြီးကြီး၊ မြို့နယ်ရုံးက သိပ်အဝေးကြီး မှာ မဟုတ်ပါဘူး"

သူ ကေသရီခြံမှ ထွက်ခဲ့သည်။

မြို့နယ်ရုံးသို့ ရောက်သောအခါ ကျောင်းသားတွေက တချို့ ရုန်းရင်း အောင်စာရင်းကို အလုအယက် တိုးဝှေ့ကြည့်နေကြ၏။

သူ့ရှေ့မှ ကျောင်းသားအုပ်ကို ထိုးဖေါက်တိုးဝင်ရန် ကြံစည် နေဆဲမှာ သူ့လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လာသည့် အထိအတွေ့ကြောင့် သူနောက်ကို ဆတ်ခနဲလှည့်ကြည့်လိုက် သည်။

"ဟာ... သန်းစိုး"

"အပင်ပန်းခံပြီး တိုးဝှေ့မနေနဲ့ မင်းဆက်မှူး"

"ဟင်... ငါ... ငါ"

"အောင်တာပေါ့ကွ၊ မင်း ဒီသုံးခုထွက်တယ်"

"ဟုတ်ရဲ့လား သန်းစိုးရာ၊ မင်းစကားကြီးက ဘာလို လိုဆိုတော့ ငါ အရမ်းတုန်လှုပ်သွားတယ်"

သန်းစိုးက မြိန်မြိန်ကြီးပြုံးပြီး သူ့ကိုကြည့်နေ၏။





"မင်းကော အောင်တယ်မို့လား၊ အောင်မှာပါ၊ မင်းက အတန်းထဲမှာ စာတော်တဲ့ကောင်ပဲ"

"စာတော်ပေမယ့် ဒီတစ်ခုထဲပါတယ်ကွာ"

သူငယ်ချင်း စကားကို ယုံကြည်မှုရှိသော်လည်း သူတိုးဝှေ့ ...တော့ ကြည့်ဖြစ်သေးသည်။

သန်းစိုး ပြောတဲ့အတိုင်း သူ ဒီသုံးခုပါသည်။

အပျော်စိတ်နှင့်အတူ အဖေများသိရင်ဆိုသည့် အတွေးနှင့် ...ခုင်တစ်ခုလုံး ပေါ့ပါးနေသည်။ အဖေ့ကို ဝမ်းသာသတင်း ပြေး ...မည်ဟု ကြံဆဲမှာ...

"အိမ်ပြန်ပြေးမလို့လား၊ သည်လို မလုပ်နဲ့လေ၊ ဒီသုံးခု ထွက်တဲ့မင်းက ဒီတစ်ခုထဲထွက်တဲ့ ငါ့ကို လဖက်ရည် တိုက်သွားဦး"

သူ ငြင်းဆန်ဖို့ မကြိုးစား။

သန်းစိုးနှင့်အတူ မြို့နယ်ရုံးရှေ့ လက်ဖက်ရည်ဆိုင်မှာ ...ခ်နာရီစွန်းစွန်းမျှ ထိုင်စကားပြောပြီး အိမ်သို့တန်းအပြန်...

☆ ☆ ☆

ခြံဝင်းထဲဝင်ကတည်းက အဖေ့ကို အော်ခေါ်ပြီး သူတန်း ...သို့ အပြေးကလေးသွားသည်။

"အဖေ... အဖေ"

အရိပ်ယောင်ကို မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



တန်းလျားပေါ်တက်သည့် လှေကားထစ်ကို နင်းဖိတက် မည်အပြုတွင် ထမင်းချက်ဒေါ် ချစ်မွှန်နှင့် ဦးဘိုးထင်မိန်းမဒေါ်လှ တုတ် သူ့ထံသို့ အပြေးကလေး ရောက်လာ၏။ နောက်ပါးမှ တက် ပါလာသည့် ခင်နှောင်းတို့က သူ့ကို မျက်လုံးဝိုင်းကလေးများနှင့် ကြည့်နေကြသည်။

"ဒေါ်လေး အဖေဘယ်သွားလဲဟင်၊ ကျွန်တော် စာ မေးပွဲအောင်တယ် ဒေါ်လေးတုတ်ရ ဒီ သုံးခုတောင် ပါတာ"

"မောင်မှူး"

ဒေါ်လေးလှတုတ် အသံ အေးစက်နေ၏။

သူ နားမလည်သလို အကြည့်မှာ...

"စိတ်ကို ငြိမ်ငြိမ်လေးထားပြီး နားထောင်နော်၊ ကို ဆက်အောင် အသက်ရှူကျပ်ပြီး ရင်ဘတ်အောင့် တယ်ဆိုလို့ ဆရာနဲ့ဆရာကတော် ဆေးရုံကြီးကို ကားနဲ့ လိုက်ပို့ကြတယ်"

"ဗျာ... အဖေ ဆေးရုံမှာ"

သူကိုယ်ကို ချာခနဲလှည့်ပြီး ကေသရီခြံကြီးထဲမှ ပြေးအ ထွက်တွင် သူ့ရင်တစ်ခုလုံး ပူလောင်နေပါပြီ။

လမ်းမပေါ်မှာ အသင့်တွေ့ရသည့် အငှားကားကို လက် ရပ်တားသည်။ ဆေးရုံကြီးရောက်တော့ အရေးပေါ် ဘက်သို့ သူ အပြေးကလေးသွားသည်။





အဆင့်ဆင့်မေးရင်းမှ...

အခန်းတစ်ခု၏ အပေါက်ဝမှာ တွေတွေကြီးရပ်နေသည့် သမောင်နှင့်ကြီးကြီးမေကို မြင်သည်။

"ဘဘမောင်... အဖေကောဟင်၊ အဖေ ဘယ်မှာ လဲဟင်"

မေးရင်း သူ့မျက်လုံးအကြည့်က ကုတင်တစ်ခုစီ ရောက် သွားသည်။

"ဟာင်... အဖေ"

အပြေးကလေးသွားပြီး အဖေ့လက်ချောင်းကလေးများကို င်အကိုင်မှာ အေးစက်သည့် အထိအတွေ့က သူ့နှလုံးသည်း ည်တို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

"အဖေ... အဖေ... ဖြစ်ရလေ အဖေရာ၊ အဖေ့ သား ဆယ်တန်းအောင်တဲ့အကြောင်းကို အဖေ စောင့်ပြီးတောင် နားမထောင်တော့ဘူးလားဗျာ"

အဖေ့ ရုပ်အလောင်းကို သိမ်းကြုံးဖက်ပြီး အဖေ့ မျက်နှာ ဝါးကိုအပ်သည်။ သူ့မျက်လုံးမှ မျက်ရည်ပေါက်ကြီးများက ပါးမှ စွတ်စွတ်စိုနေ၏။

"ကျွန်တော် ဂုဏ်ထူးတွေထွက်တယ်၊ အဖေရ၊ ငါ့ သားလေး တက္ကသိုလ်က ဘွဲ့ရရင် အဖေသေပျော်ပါ ပြီလို့ အဖေ ပြောခဲ့တယ်ဗျာ၊ ခုတော့ ကျွန်တော်ဘွဲ့ ရတဲ့ အထိတောင် အဖေ မစောင့်တော့ဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



[illegible] အကြီးမားဆုံးသော တောက်လောင်မှု။

အဘ၊ သူ့ ကမ္ဘာလေးထဲမှာ အဖေမရှိတော့ဘူးဆိုသည့် အသိက ရှုးသွပ်လုနီးပါး ခံစားနေရသည်။

သူ့ကို ညှာတာသော...

အစစအရာရာ သူ့အတွက် အနစ်နာခံတတ်သော...

သူ့ကို ပညာတတ်တစ်ယောက်အဖြစ် မြင်တွေ့ချင်သော အဖေသည် ခုတော့ သူ့ဘဝမှာကော လူ့ဘဝမှာ ကွယ်ပျောက် သွားပါပြီ။

သူ အဖေ့ထံပါးမှခွာပြီး အဖေ့ကို မင်သက်စွာကြည့်နေခဲ့ မှာ ဘဘမောင်က သူ့ပခုံးစွန်းကို လာရောက်ဖျစ်ညှစ်ဆုပ်ကိုင် သည်။

"စိတ်ကို ဖြေပါ မောင်မှူးရယ်၊ သည်လမ်း သည်စခန်းကို ဘဘမောင်တို့ အပါအဝင် လူသားအားလုံး သွားကြရမှာပဲဟာ၊ ဆက်အောင်ကတော့ အရင်သွားနှင့် တာပေါ့ကွယ်၊ ဝေဒနာကို ပြင်းပြင်းထန်ထန် မခံစားရဘဲ ရုတ်တရက် အသက်ပါသွားတာ ကျန်ရစ်သူတွေအတွက် ယူကြုံးမရဖြစ်ရပေမယ့် ဆက်အောင် အတွက်တော့ ဘဝကူးကောင်းပါတယ်ကွယ်"

သူ့ရင်မှာ ပြောရန် စကားတွေ မရှိတော့ပါ။

အဖေ့ အသုဘကို ဘဘမောင်ကပဲ ဦးဆောင်ပြီး မီး သဂြိုဟ်မှု ပြုခဲ့သည်။





အဖေ့ ရုပ်အလောင်း မီးသဂြိုဟ်စက်ထဲ ထည့်ခါနီးမှာ သူ ...တို့ တင်းတင်းကြိတ်ထားပါ၏။

သည်မှာ...

ငိုသံကြောင့် သူလှည့်အကြည့်မှာ မပော် တရှိုက်မက်မက် ...ငိုကြွေးနေသည်ကို သူအံ့ဩစွာ မြင်တွေ့ရပါသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၈ ]

အမေဆုံးပြီး တစ်လပြည့်ဆွမ်းကို ဘဘမောင်နှင့် ကြီး
မေက ဦးဆောင်ပြီး အလုပ်သမားတန်းလျားမှာ ဘုန်းကြီးငါး
ပင့်ဖိတ်၍ ဆွမ်းကျွေးသည်။

နေ့လည်ပိုင်းမှာတော့ ဘဘမောင်က သူ့ကို ကော
တိုက်ကြီးထဲခေါ်၍ စကားဆိုပါသည်။

"ဘဘမောင် စဉ်းစားထားတာထက် စီစဉ်ထားတယ်
ဆိုတာကိုတော့ မောင်မှူး နလုံးသွင်းပေးထား
တတ္တသိုလ်ကက်ဖို့ကလည်း အချိန်တွေလိုသေးတော





မောင်မှူးအတွက်လည်း အဆင်ပြေတယ်၊ ဘဘ
မောင်တို့ကို ကူညီရာရောက်တယ်လို့လည်း ဘဘ
မောင်ထင်တယ်လေ"

"ဘဘမောင် စီစဥ်ထားတယ်ဆိုရင် ကျွန်တော် ဘဘ
ကိုပဲ ဖြစ်ဖြစ်လုပ်မှာပါ၊ မောင်မှူး မင်းဒါလုပ်ရမယ်
ဆိုတဲ့ စကားနဲ့တင်ပြည့်စုံပါတယ် ဘဘမောင်၊ သည်
တစ်သက်မှာ ဘဘမောင်တို့ရဲ့ ကျေးဇူးကို ကျွန်
တော် ဘယ်လိုမှ ဆပ်ကုန်မှာ မဟုတ်ပါဘူး"

ဘဘမောင် အပြုံးက ပိုမိုတောက်ပသွား၏။

မိမိ၏ စကားအပေါ်မှာ ဘဘမောင် အတော်ကျေနပ်မှု
ဖြစ်သွားသည်ကိုလည်း သူသိသည်။

"မောင်မှူးက တကယ့်ကို လိမ္မာရေးခြားရှိတာပဲကွာ၊
သည် စကားနဲ့တင် ဘဘမောင် စိတ်ချမ်းသာလှပါ
ပြီ"

သူ ဘဘမောင်ကို ပြုံးပြီးကြည့်၏။

"သည်လိုကွ မောင်မှူးရဲ့ ဦးဘိုးထင်က အသက်ကြီး
လာတော့ ကားမောင်းတဲ့ နေရာမှာ သူ့အတွက် က
အန္တရာယ်များလာကယ်၊ သည်တော့ ဘဘမောင်က
သည်လို စီစဉ်လိုက်တယ်၊ ဦးဘိုးထင်တို့ မိသားစုကို
ခြံနဲ့ပတ်သက်တဲ့ တာဝန်တွေပေးပြီး မောင်မှူးကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘဘမောင် သွားလေရာ ပါစေချင်တယ်
ဘဘမောင် သည်လိုပြောတာ မောင်မှူးကို ဒရိုင်ဘာ
တာဝန်ကို ရည်ရွယ်ပြောတာ မဟုတ်ဘူးနော်၊ ဘဘ
မောင်တို့ကို ကားမောင်းကူညီရင်း ဘဘမောင်
ကုမ္ပဏီရဲ့ လုပ်ငန်းတွေကို မောင်မှူးကို သင်ပေးသွား
မှာ၊ သည်အတွက်လည်း လစာကို ဘဘမောင်
ထိုက်ထိုက်တန်တန် စီစဉ်ထားတယ်"

"ကျွန်တော့်ကို ငွေကြေး အကြောင်းမပြောပါနဲ့ ဘဘ
မောင်၊ အဖေ မသေခင်တုန်းက ပြောခဲ့တဲ့ စကား
တစ်ခွန်းက ကျွန်တော့် အသည်းမှာ စွဲနေခဲ့ပါတယ်"

"ဟုတ်လား၊ ဆက်အောင်က မောင်မှူးကို ဘာများ
ပြောခဲ့လို့လဲ"

"ဘဘမောင်တို့ ကျေးဇူးတစ်သက် ဆပ်မကုန်ဘူးတဲ့
ဘဘမောင် ခိုင်းသမျှကို မင်းလုပ်ရမယ်တဲ့၊ ယုတ်
အဆုံး ဘဘမောင်က သူပါတဲ့ ချေးကိုကြုံးခိုင်းရင်
တောင် မင်းကြုံးရမယ်တဲ့"

"ဩော်... ဆက်အောင်... ဆက်အောင်၊ ငါ့အပေါ်
မှာ တကယ့်ကို ကျေးဇူးသစ္စာ စောင့်သိခဲ့ပါလား"

တီးတိုးရေရွတ်ရင်း ဘဘမောင် မျက်လုံးအိမ်မှာ မျက်
တွေဝဲရစ်လာသည်ကို သူမြင်သည်။





"ကျွန်တော် တက္ကသိုလ်ကို အဝေးသင်တက်ပြီး
ဘဘမောင်ရဲ့ လုပ်ငန်းမှန်သမျှမှာ ကူညီဖို့ကို ဆယ်
တန်းစာမေးပွဲ စဖြေကတည်းက ဆုံးဖြတ်ချက်ရှိခဲ့
ပါတယ် ဘဘမောင်"

သည်သို့နှင့် သူ့ဘဝသည် ကေသရီခြံကြီးမှာပင် တဆစ်ချိုး
ပြောင်းလဲခဲ့ရပြန်သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၄ ]

ဘဘမောင်ကို အလုပ်တိုက်သို့ ပို့ပေးပြီး ပြန်အလာမှာ မယောက်က ခြံဝင်းဝတွင် အသင့်စောင့်နေ၏။

"သိတယ်၊ နင် ပြန်ရောက်တော့မယ်ဆိုတာ"

"ဗေဒင် တွက်တတ်လို့လား"

"ဗေဒင် တွက်တတ်တာ မဟုတ်ဘူး၊ ကုမ္ပဏီကို ဖုန်းလှမ်းဆက်တာ၊ ဖေဖေက မောင်မှူးပြန်သွားပြီဆိုတာနဲ့ အသင့်ပြင်ပြီး ခြံဝက ထွက်စောင့်နေတာ"

ကားကို ခြံထဲမောင်းသွင်းရန် မလိုတော့မှန်း သူသိလိုက်၏။



မယောက်ထံမှ လွင့်လာမည့် စကားကို နားစွင့်နေဆဲမှာ...

"သည်နေ့ သုံးနေရာကို ငါသွားမှာ"

"ဘဘမောင်ကို ညနေသုံးနာရီ သွားပြန်ခေါ်ရမှာ၊ ညပိုင်းမှာလည်း နိုင်ငံခြားဧည့်သည်တွေနဲ့ ကုန်သည်ကြီးများအသင်းမှာ ဘဘမောင် ချိန်းထားတယ်"

"သုံးနာရီမထိုးခင် ကေသရီကို ပြန်ရောက်ရင်ပြီး တာပဲဟာ၊ နင်သိပ်ကို စကားရှည်တယ် မင်းဆက်မှူး"

"ရှည်တာမဟုတ်ဘူး၊ အကျိုးသင့်အကြောင်းသင့် ပြောပြတာ၊ ဘဘမောင်က စီးပွားရှာနေတာ၊ နင်က လျှောက်လည်နေတာ"

"အံမယ်... ဖေဖေ မျက်နှာသာပေးတာနဲ့ ငါ့ကို ခံပြောနေပါလား၊ နင့်ပါးအတော်ကို တောင့်တင်းခိုင်မာနေတယ်၊ ဟုတ်လား"

ပြောပြီးနောက်ခန်း တံခါးကိုဖွင့်၍ မယောက် ကားပေါ်တက်သည်။ ကားစီးလျှင် မယောက်သည် သူနှင့်ယှဉ်ပြီး ရှေ့ခန်းတွင် ဘယ်တော့မှ ဝင်မထိုင်ပါ။

"ဘယ်ကိုမောင်းရမှာလဲ"

"အင်းယားမြိုင်ကိုမောင်း၊ အဲဒီကျမှ ဘယ်ခြံကို ဝင်ရမယ်ဆိုတာ ပြောမယ်"

သူ ဘာစကားမှ မပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



အင်းယားမြိုင်ကိုရောက်တော့ အုတ်တံတိုင်း ကာရံထ
သည့် ခြံဝင်းကြီးထဲ ဝင်ခိုင်းသည်။

ခြံထဲမှာ မဟော်နှင့်ရွယ်တူလောက်ရှိသည့် အမျိုးသမီး
ဦးကို တွေ့ရသည်။

"မဟော်ရယ် လာမှလာပါတော့မလားလို့"

"ဖုန်းဆက်ပြောထားတာပဲ၊ လာမှာပေါ့"

"ဒါဖြင့် ဘာလို့ နောက်ကျနေရတာလဲ"

"ဒရိုင်ဘာကို စောင့်နေရတာကွာ၊ ရောက်ရောက်ချင်းထွက်လာတာ"

တေီမတွေ၏ အကြည့်က သူ့ဆီ စူးပြုရောက်လာ၏။

"မဟော်... နင်တို့ကို နောက်နေတာလား"

"ဘာကိုလဲ"

"ဒီရုပ်ဒီရည်က ဘယ်လိုမှ ဒရိုင်ဘာ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်၊ ဟုတ်တယ်၊ နင် မှန်မှန်ပြော မဟော်၊ နင့်ဘဲကို ခေါ်လာတာ မဟုတ်လား"

အသံတွေက မတိုးမကျယ်။

ကားနှင့် အနည်းငယ် လှမ်းသော်လည်း သူ့အသံအားလုံး
ကို ပီပီပြင်ပြင် ကြားနေရသည်။

"ထင်ရဲလိုက်တာဟယ်၊ ဦးဘိုးထင် နေရာကို အစားဝင်လာတဲ့ ဒရိုင်ဘာ အသစ်ပါဟဲ့"





"ရုပ်ကတော့ အမိုက်စားထဲကပဲ၊ ငါနဲ့မိတ်ဆက်ပေးမလား မဟော်"

"ချိုဇင်၊ နင့်စိတ်ဓာတ်တွေ တော်တော် အောက်တန်းကျပါလား၊ ဒရိုင်ဘာနဲ့ မိတ်ဆက်ချင်ရတယ်လို့"

"ပြောချင်သလို ပြောကွာ၊ ရုပ်က ခန့်ခန့်ထည်ထည်နဲ့ တကယ့် အမိုက်စားပဲ"

သူ မဟော်မျက်နှာကို မသိမသာ လှမ်းကြည့်သည်။
အံ့ဩစရာပါပဲ။

မဟော်က ဘာလို့ မျက်နှာပျက်နေရတာလဲ။

နောက်ထပ်ပိုပြီး အံ့ဩရတာက မဟော်က သူ့ကို ချိုဇင်
ဆိုတဲ့ ကောင်မလေးနဲ့ မိတ်ဆက်မပေးခြင်းပင်။

သူတို့အုပ်စု ကားပေါ် အလုအယက်တက်တော့ ပြဿနာ
ဖြစ်ရသေးသည်။

"ဟ... နောက်ခန်းမှာ တို့လေးယောက်စလုံး တက်ထိုင်လို့ ဘယ်လိုခန့်မှာလဲ၊ သဲဆု ဘော်ဒီက ဟဲဗီးကြီးဟာ"

ယမင်းဆိုတဲ့ တေီမက ပြောသည်။

သည်မှာ သဲဆုက...

"မဟော်က ရှေ့သွားထိုင်လေဟယ်"

"မထိုင်ပါဘူး"

မဟော်အကြောင်းမှာ...



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်... ရတယ်၊ ဘယ်သူမှ မထိုင်နဲ့ငါသွားထိုင်မယ်"

ပြောပြောဆိုဆို ချိုဇင်က ကားပေါ်မှ ပြန်ဆင်းမည်ပြု...

"ချိုဇင်... နင်ဘယ်လို ဖြစ်နေမှန်းကို မသိဘူး ထိုင်... ထိုင်... နင်တို့သုံးယောက် နောက်ခန်းမှာပဲ ထိုင်၊ ငါ ရှေ့ကသွားထိုင်မယ်"

မပော်၏ လှုပ်ရှားမှုကို သူအံ့အားတသင့် ဖြစ်နေစဉ်မှာ မပော်က ရှေ့ခန်းတံခါးကို ခပ်ဆတ်ဆတ်ဆွဲဖွင့်ပြီး သူနှင့်အေ ချင်းယှဉ်လျက် နေရာမှာ ရောက်လာ၏။

မပော်၏ ဟန်ပန်အမူအရာကြောင့် နောက်ခန်းမှ ငတိမ များ၏ ရယ်သံက ပွင့်ပွင့်လင်းလင်း ထွက်လာသည်။

"မပော်တို့က ရယ်ရတယ်"

သူမပော် မျက်နှာကို မသိမသာလေး စောင်းငဲ့ကြည့်တော့ မပော် မျက်နှာရဲရဲကလေး ဖြစ်နေ၏။ သူအသာငဲ့စောင်း ကြည့် သည်ကိုလည်း မပော်ကသိသည်။

"ဘာ လှည့်ကြည့်တာလဲ မောင်းလေ"

"ဘယ်ကို မောင်းရမှာလဲ မပော်"

"အင်းယားကန်ဘောင်ကို၊ တို့ အဲဒီမှာ ရှမ်းခေါက်ဆွဲ စားမလို့"

အသံပြတ်နေသော်လည်း ဒေါသမပါသည်ကိုတော့ သူ သတိပြုမိသည်။





အင်းယားရောက်တော့ မကြောင်းအရာ တစ်ခုက ဖြစ် ပေါ်ရသေး၏။ အားလုံး ကားပေါ်ကဆင်းတော့ ချိုဇင်က သူ့ကို ရှမ်း ခေါက်ဆွဲ လိုက်စားရန် ခေါ်သည်။

"သူ့ကို ခေါ်လို့မဖြစ်ဘူး ချိုဇင်၊ သူက ကားစောင့်နေ ရမှာ"

"ကားတံခါး လော့ခ်ချခဲ့ရင် ပြီးတာပဲဟာဟယ်၊ ဒီနေ ရာမှာ ဘာသူခိုးမှ မရှိပါဘူး"

"ဒါ... ငါရဲ့ အလုပ်သမား ချိုဇင်၊ နင် စည်းကမ်းလာ ဖျက်မနေနဲ့၊ နင့်ကို ငါကြည့်လို့ကို မရတော့ဘူး"

ချိုဇင် လျှာကလေး တစ်လစ်ထုတ်ပြီး ငြိမ်သွားသည်။ သူ တို့တွေ စကားတစ်ယောက်တစ်ပေါက်နှင့် ထံပါးက ထွက်ခွာ သွားမှ သူ ပင့်သက်ကို ချနိုင်တော့၏။

သူ ကားပေါ်မှ မဆင်းဘဲ စာစောင်တစ်ခု ဖတ်နေတုန်းမှာ စားပွဲထိုး ဖြစ်ဟန်တူသည့် ကောင်လေးက ရှမ်းခေါက်ဆွဲတစ်ပွဲ လာပို့သည်။

"ကန်စပ်မှာ ထိုင်နေတဲ့ အစ်မတွေက ပို့ခိုင်းလိုက်တာ အစ်ကို"

"ပြန်သူသွားကွာ၊ မစားချင်ဘူး ပြောလိုက်"

ကောင်လေး ပြန်ထွက်သွားသည်။ တစ်ခဏကြာတော့ ချိုဇင်ကိုယ်တိုင် ခေါက်ဆွဲပန်းကန်ကိုင်ပြီး ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက တို့ကို စိတ်ကောက်ပြီး မစားဘူး လုပ်တာလား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ဒရိုင်ဘာဆိုတော့ အရှင်သခင်မ သွားလိုရာကို လိုက်ပို့ရတယ်၊ သူက ကားမှာစောင့်နေဆို စောင့်ရမယ်၊ လစာ အပြည့်အဝ ပေးထားတော့ အပိုကြေးကျွေးတာတွေ၊ ပေးတာတွေကို ကျွန်တော် မမျှော်လင့်ပါဘူး"

"ဒါပေမယ့် ယူ့သခင်မရဲ့ အမိန့်ကို နာခံရမယ်လေ"

"သူက ဘာအမိန့် ထုတ်လိုက်လို့လဲဗျာ"

"ယူစားဖို့ မဟော်က သူကိုယ်တိုင်မှာပြီး ကောင်လေးကို ပို့ခိုင်းလိုက်တာ"

"မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"မဟော်က ကျွန်တော့်အပေါ် အဲသလောက် စေတနာ မရှိဘူး"

သူ့ စကားကို သဘောကျစွာဖြင့် ချိုဇင်က ရယ်၏။

"ယူ့အပေါ် မဟော်က စေတနာထားပါတယ်"

"ခင်ဗျားတို့ အမြင်အကြားပဲဗျာ၊ ကေသရီခြံကြီးရဲ့ သခင်မပီပီ ကျွန်တော့်ကို ဟိန်းဟောက်နေတာ"

"တစ်ခုတော့ သတိပြုမိပါတယ်"

"ဘာကို သတိပြုမိတာလဲဗျ"





"ယူ့ဆီကို ခေါက်ဆွဲသွားပို့မယ် ဆိုတာကို မကျေမနပ်ဖြစ်ကျန်ခဲ့တယ်၊ တဲ... မဟော် အလိုကျစားလိုက်ပါ"

ခေါက်ဆွဲပန်းကန်ပေးပြီး ရယ်ပြုံးမျက်နှာနှင့်ချိုဇင်လှည့်ထွက်

...သည်။ အေးချမ်းပြီဟု ထင်ထားခါမှ တော်မသုံးယောက်ကို

...ပြီး သူနှင့်အဟော်အပြန်မှာ ပြဿနာက စပါတော့သည်။

"ဘယ်လို ဖြစ်နေကြမှန်းကို မသိဘူး"

သူမဖာသာ သူမပြောနေသဖြင့် သည်စကား အပေါ်မှာသူ

...ဝင်ပြောခြင်းမရှိ၊ ကားကိုသာ မှန်မှန်မောင်းသည်။

"တော်တော်ကို ထတဲ့ မိန်းမ"

သူ ငြိမ်နေသေး၏။

"ထတဲ့သူက ထတာကို သဘောကျတဲ့သူကလည်း အတော်ကို ဂွမ်းဆိုထိ ဖြစ်နတယ်"

သည်တစ်ခါတော့ သူ အမေးစကား ပြုရပါတော့မည်။ ကားနောက်ခန်းမှာထိုင်သည့် မဟော်ကို ကားနောက်

...ကြည့်မှန်ကလေးထဲမှ လှမ်းကြည့်ပြီး...

"မဟော်... ဘယ်သူ့ကို ပြောနေတာလဲ"

"နင်နဲ့ချိုဇင်ကို ပြောနေတာ"

"ဟာ... ဘာဆိုင်လို့လဲ"

"ခေါက်ဆွဲပန်းကန်ကိုလေ၊ သဲဆုတ သွားပို့ပေးမယ်ဆိုတာ၊ တို့ပို့မယ်၊ တို့ပို့မယ်ဆိုပြီး ငရဲပြာလူး ဖြစ်နေလိုက်တာ၊ နောက်ပြီး ကားနားမှာ ပြောနေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားတွေ၊ ကလေးတစ်ယောက် မွေးလောက်တယ်"

မယော်သည် ရုံဖန်ရံခါတွင် ယင်းသို့ စကားပြော ကြ[illegible]တမ်းတတ်၏။

"လှမ်းကြည့်တော့ မျက်နှာနှစ်ခုစလုံး ပြုံးနေလိုက်ကြတာ"

"ဘာမှ ပြုံးစရာအကြောင်းမရှိပါဘူး မယော်ရာ၊ ချိုဇင်တို့ဘာတို့ ဆိုတာလည်း မယော်င့်ါကို ဒီခေါ်လာလို့ မြင်ဘူးတာပါ၊ ပြုံးစရာ အကြောင်းလည်း မရှိဘူး ခင်စရာ အကြောင်းလည်း မရှိဘူး၊ ပတ်သက်စရာအကြောင်းလည်းမရှိဘူး"

"ဒါဖြင့် နင်ချိုဇင်ကို တကယ် ခင်မသွားဘူးပေါ့"

"ဘာလို့ ခင်ရမှာလဲ"

ကားနောက်ကြည့် မှန်ထဲမှ သူမ၏ ကျေနပ်ဟန်အပြုံး[illegible]လှမ်းအကြည့်မှာ သူမက မျက်နှာကို ချက်ချင်းတည်ပစ်လို[illegible]ပြီး...

"အို... နင့်ဖါသာနင် ခင်ချင်ခင်၊ မခင်ချင်နေ၊ ငါနဲ့ဘာမှမဆိုင်ပါဘူး"

ဒီစကားကိုတော့ သူသဘောကျစွာဖြင့် စိတ်ထဲမှ ကြိတ်[illegible]လိုက်ပါ၏။

☆ ☆ ☆



[ ၂၀ ]

ခင်နှောင်း၏ ခေါင်းကို မယော်က အာလူးသီးထွက်အောင် ဆုမကိုင်ထားသည့် စတီးလ်ခွက်နှင့်ခေါက်သည့် သတင်းက မြခင်မမှ တဆင့်မိကောင်းထံရောက်ပြီး မိကောင်းမှတဆင့် သူ့ထံ ရောက်လာသည်။

"မယော်ကတော့ အကြောင်းကိစ္စ မရှိဘဲနဲ့ အသားလွတ်တော့ ခွက်နဲ့ခေါက်မယ် မထင်ပါဘူးဟာ၊ ကလေးအရွယ်တွေမှ မဟုတ်တော့တဲ့ဟာ"

"မသိဘူး၊ မိကောင်းလည်း မြခင်မ ပြောလို့သိရတာ၊ ခုတလော မမလေး ဘယ်လိုစိတ်ကြီးနေမှန်း မသိဘူး၊ ကိုမှူးလည်း သတိထားနေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့တော့ ဖြစ်စရာ အကြောင်းအရှိပါဘူး၊ ငါက ဘာဘာမောင်နဲ့ သွားနေရတဲ့ဟာ၊ အားတဲ့အချိန် လောက်သာ ကေသရီခြံကို ပြန်လာတာ၊ နောက်ပြီး မဟော်နဲ့ပတ်သက်ရင် သူပဲအနိုင်ပေးနေတော့ ခွက်နဲ့အခေါက်ခံစရာ အကြောင်းမရှိဘူးပေါ့ဟာ"

"မမလေးက ကိုမှူးကို အဲသလောက်ထိတော့ ရက်ရက်စက်စက် လုပ်မယ်မထင်ပါဘူး"

မိကောင်းမျက်နှာပေးတ တစ်မျိုး။

စကားကို မျက်ခုံးတပင့်ပင့် မျက်လုံးတဝင့်ဝင့်လုပ်ပြီး စပ်ဖြဖြ မျက်နှာနှင့်ထွက်သွားသည်။

နေ့လည် သူကုမ္ပဏီသို့ ပြန်မသွားခင်မှာ ခင်နှောင်း မျက်ရည်ဝဲဝဲနှင့်သူ့ဆီ ရောက်လာ၏။

"ငါ သတင်းကြားပြီးပြီ ခင်နှောင်း၊ ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ခွက်နဲ့ခေါက်ခံရတဲ့အထိ ရောက်သွားရတာလဲ"

"ကိုမှူးကြောင့်ပေါ့"

"ဘာ...ငါ့ကြောင့်ဟုတ်လား၊ နင် မဆိုင်တဲ့အပေါက်ကို ကလိုင်နဲ့လာခေါက်မနေနဲ့ ခင်နှောင်း၊ ကေသရီခြံကြီးထဲမှာ နင်တို့ မိန်းကလေးတွေက တစ်အုပ်တစ်ဖွဲ့နေကြတာ၊ ငါနဲ့ပတ်သက်စရာ ဘာမှမရှိဘူး"





"ရှိလို့ ဒီမှာ စတီးခွက်နဲ့ခေါက်ခံလိုက်ရပြီလေ"

ပြောပြောဆိုဆို ခင်နှောင်းက သူမ၏ နဖူးပေါ်မှ ဆံစကို အသာလှပ်ပြသည်။

"ဟုတ်ပါရဲ့"

ဂျိုစောင်းမှာ အသေးစား အာလူးသီးလေးထနေ၏။

"အဲသလိုသာ အခေါက်ခံရမယ်မှန်းသိရင် ပန်းကို တက်တောင် မခူးခိုင်းဘူး"

အကြောင်းရင်းတစ်ခုကို မင်းဆက်မှူး စဉ်းစားလိုက်သည်။

ပန်းခူးသည့် ကိစ္စဆိုတော့...

မနေ့က ခြံရှေ့ကုံကော်ပင်မှာ ဦးဦးဖျားဖျား ကုံကော်ပွင့်လေး တစ်ပွင့်ပွင့်နေသည်။ သည် ဦးဦးဖျားဖျား ကုံကော်ပွင့်လေးကို ခင်နှောင်းက ထူးထူးခြားခြားပဲ တွေ့ထားဟန်တူပါ၏။

သူ နေ့လည်တစ်ခေါက် ကေသရီခြံကို ပြန်အလာမှာ ခင်နှောင်းက သူ့ကို ပန်းတက်ခူးခိုင်းသည်။ အစင်က မမြင့်သဖြင့် သူတလည်း လိုလိုလားလား ခူးပေးခဲ့ပါ၏။

ပန်းနှင့်ပတ်သက်သည့် ကိစ္စကတော့ ဒါပါပဲ။

ခွက်နှင့်ခင်နှောင်းခေါင်း ဘယ်လို ပတ်သက်သွားရသည်ဆိုတော့ သူလည်းစဉ်းစားမရ။

စဉ်းစားလို့မရ ဖြစ်နေချိန်မှာ ခင်နှောင်းက...



www.burmeseclassic.com

www.burmeseclassic.com



"မမလေးက ဝရံတာပေါ်က နေရပ်ကြည့်နေတာ သိလား"

"ဘာကို ရပ်ကြည့်နေတာလဲ"

"ကိုမှူး ခင်နှောင်းကို ပန်းတက်ခူးပေးတာကိုလေ အဲဒါ ညနေလည်းကျရော ခင်နှောင်းကိုခေါ်ပြီး နင်က ဘာဖြစ်လို့ မင်းဆက်မှူးကို ပန်းတက်ခူးခိုင်းရတာလဲတဲ့၊ ခင်နှောင်းက ပန်ချင်လို့ပေါ့ မမလေးရဲ့လို့ ပြောလည်းပြောရော၊ သူ့လက်ထဲမှာ ကိုင်ထားတဲ့ စတီးလ်ခွက်နဲ့ဒေါင်ခနဲမြည်အောင် ဆောင့်ထည့်လိုက်တာ၊ ဖန်ခွက်သာဆို ခင်နှောင်းခေါင်းတော့ အကွဲမဲ"

"အင်း... ငါ စဉ်းစားမိပြီ၊ သူ့ ခြံထဲက ဦးဦးဖျားဖျား ပွင့်တဲ့ပန်းကို နင်က သူ့အရင်ဦးအောင် ပန်လိုက်တာကို မကျေနပ်လို့ ဆောင့်ထည့်လိုက်တာထင်တယ်"

"ဟုတ်မယ် အားကြီးကြီး၊ မမလေးက ပန်းစိုက်တာတို့ ပန်းပန်တာတို့ ဘယ်မှာ ဝါသနာပါလို့လည်း ခင်နှောင်း ပန်းပန်တာကို မကျေမနပ်ဖြစ်တာ မဟုတ်ဘူး၊ ကိုမှူးက ခင်နှောင်းကို ပန်းတက်ခူးပေးတာကို သူ မကျေနပ်တာ"

"ဟာ... စကားတွေ ရှုပ်ကုန်ပြီထင်တယ်"





"မရှုပ်ဘူး ကိုမှူးရဲ့ မရှုပ်ဘူး၊ မမလေးက ကိုမှူးကို ကြိုက်နေတာ သိလား၊ ခင်နှောင်းတို့ ခိုင်းတာကို ကိုမှူးက လုပ်ပေးရင် သူမှာ အလိုလိုနေရင်း မနာလိုဖြစ်နေတာ"

ပြောပြီး ခင်နှောင်း သူ့ထံပါးက အပြေးကလေး ထွက်သွားသည်။ သူနှင့်စကားအကြာကြီး ရပ်ပြောနေသည်ကို မယော်မြင်သွားမှာကိုလည်း အရမ်းစိုးရိမ်ကြောင့်ကြနေပုံရ၏။

ညရောက်တော့ သူတော်တော်နှင့်အိပ်မပျော်။ မမလေးက ကိုမှူးကို ကြိုက်နေတာဆိုတဲ့ ခင်နှောင်းပြောသည့် စကားဟုတ်ပါ့မလား။

သည်စကားအပေါ်မှာ သူယုံစားလို့ ရနိုင်ပါ့မလား။

မယော်က သူ့ကို ကြိုက်နေတယ်လို့သာဆိုတယ်၊ လက်တွေ့ဖြစ်ရပ်တွေမှာ ကျတော့...

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

လက်တွေ့ ဖြစ်ရပ်တွေမှာကျတော့ မပေါ်က တကယ့်
အကြင်နာမရှိ။

ထမင်းစားသောက်ပြီး တန်းလျားမှာ အေးအေးဆေးဆေး
လေးထိုင်ပြီး မင်္ဂလာဇင်းတစ်အုပ်ဖတ်မည်ကြံကာရှိသေး၊ ပေါ်ထိ
အောက်ကနေပြီး အော်ခေါ်သည့် မပေါ်၏ အသံတ နားစ
ကို လာရောက် ရိုက်ခတ်သည်။

"မင်းဆက်မှူး... မင်းဆက်မှူး"

လက်မှာ ကိုင်ထားသည့် မင်္ဂလာဇင်းစာအုပ်ကို ကပျာကယာ
ချပြီး သူမပေါ် ရှေ့မှောက်သို့ အပြေးကလေးရောက်၏။

"ခိုင်းပါ မပေါ်"





"ကြိုသိနေပါလား"

"ငါ့နာမည်ကို မပေါ် အော်ခေါ်ရင်ခိုင်းဖို့အကြောင်း
ရာကလွဲလို့ ဘာမှ မရှိပါဘူး"

မပေါ်က သူ့စကားကို မကြားသလိုပြု၏။
မျက်နှာအမူအရာကလည်း ပြောင်းလဲမှုမရှိ။
သို့သော်လည်း မသိမသာ စွေစောင်းသွားသည့် မျက်လုံး
ကြည့်၏ အဓိပ္ပာယ်ကိုတော့ သူရှာ၍မရချေ။

"ဒီမယ်"

"ပြောလေ"

ပန်းခုံနဘေးက စီးပွားဂမုန်းစိုက်တဲ့ ပန်းအိုးတွေကို
တွေ့တယ် မဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီပန်းအိုးကို ဒီကို မ,ယူခဲ့ပေးစမ်း၊ ဒီအုတ်ဘောင်
ပေါ်မှာ ပြောင်းတင်ထားရအောင်"

သူ ခြံထောင့်နားက ပန်းခုံဆီသွားပြီး စီးပွား ဂမုန်းပန်းအိုး
ကို မ,ယူလာသည်။ ပန်းအိုးက သေးသေးကွေးကွေး မဟုတ်
သဖြင့် သူအင် အားကို အတော်စိုက်ပြီး မ,လာရ၏။

သူမ တင်ခိုင်းသည် အုတ်ဘောင်ပေါ် ဂမုန်းအိုးကို တင်
ပေးပြီးသောအခါ မရွှေမပေါ်က စက္ကန့်တော်တော်ကြာမျှ တွေ
တွေလေး စိုက်ကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ဒီနေရာထားလို့ မကောင်းပါဘူး၊ သူ့နေရာ သူပြန်ထားလိုက်ဟာ"

သူ ဂမုန်းအိုးကြီးကို မ,ရပြန်၏။

နဂိုမူလ နေရာမှာ ပြန်ထားခဲ့ပြီး မဟော်ဆီသို့ ပြန်လျှော လာသည်။

နေ့လည်ပိုင်း၏ အပူရှိန်၊ လေးလံသည့်ဝန်ကြောင့် သူ့မျက် နှာမှာ ချွေးတွေသီးထလာ၏။

"ဒီနေရာက ဂမုန်းအိုးကြီးထားလို့ မကောင်းဘူးဟ၊ နှင်းဆီပန်းအိုးထားမှ လှမှာ"

သူဘာမှ ပြန်မပြော။

"ဒီလို လုပ်မယ်ဟာ၊ အပွင့်တွေဝေနေတဲ့ နှင်းဆီအိုး ကြီးကို မ,ယူလာခဲ့၊ ဒီနေရာမှာ ထားလိုက်ရင် အရမ်း အရမ်းကို သားနားသွားမှာ"

သူမ သားနားနိုင်ဖို့အတွက် နှင်းဆီများစိုက်ထားသည့် နေရာကို သူသွားရပြန်သည်။

ရောက်တော့ နှင်းဆီပွင့်တွေ ဝေနေသည့် ပန်းအိုးကို သူရွေး ရပြန်၏။ သည်တစ်ခါ မ,ရမည့် ပန်းအိုးကတော့ စောစောက ဂမုန်းအိုးထက် နည်းနည်းပိုကြီးသဖြင့် အားကို ပိုစိုက်ရ၏။

လေးရသည့်အထဲ ပန်းအိုးအောက်ခြေမှ ပရွက်ဆိတ်နီများ က သူ့လက်ကို အသားကုန်ကိုက်သေး၏။





"ဟုတ်ပြီ… ဟုတ်ပြီ၊ အုတ်ပေါင်ပေါ် တင်လိုက်"

အမိန့်အတိုင်းပါပဲ။

ပန်းအိုးကိုတင်ပြီး ဘယ်လက်ကို ခဲနေသည့် ပရွက်ဆိတ်နီ းတို့ ညာလက်နှင့် သပ်ချပစ်ရသည်။

သူ့ဝေဒနာကို မဟော်က မသိချင်ယောင်ဆောင်တာလား ဘာယ်ပဲမသိတာလားတော့ မသိ။ သူ့မျက်နှာကိုလုံးဝမကြည့်ဘဲ တ်ဘောင်ပေါ် တင်ထားသည့် နှင်းဆီပွင့်များဝေနေသည့်ပန်းအိုး ဦးသာ အနီးကပ်ကြည့်လိုက် ခွာကြည့်လိုက် လုပ်နေပြီး …

"ဒီနေရာမှာ ထားတာ လှမှလှရဲ့လား မသိဘူး"

သည်စကားကတော့ သူ့ကို မေးသည့် စကားမဟုတ်။ သူမဖါသာ ပြောနေသည့် စကားဖြစ်သည်။ သည်စကားအပေါ် မှာ သူအဖြေပေးရန်မလို။

"အင်း… ဒီနေရာမှ နှင်းဆီအိုးကြီးထားလို့ မဖြစ် သေးပါဘူး၊ ညှိသည် အဝင်အထွက်နဲ့ အပွင့်တွေကို လက်ကမြင်း သွားကြမှာ၊ သူ့နေရာမှာ ပြန်ထားလိုက် ပါဟယ်၊ ပေါ်တီကိုအောက်မှာ ရှင်းရှင်းလင်းလင်း ကလေးရှိနေတာပဲ ကောင်းပါတယ်"

သူ ပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်၍ နှင်းဆီအိုးကြီးကို မ,ယူလိုက်ပြီး…

"မဟော်"



www.burmeseclassic.com

www.burmeseclassic.com



သူခေါ်တော့ မဟော်က မျက်နှာကို လှမ်းကြည့်၏။

"ပြောချင်လို့ပါ"

"ဘာကို ပြောချင်တာလဲ"

"ငါ့ကို အသေသတ်လိုက်ပါတော့လို့"

မဟော်မဲ့မည်လား၊ ပြုံးမည်လားကို သူကြည့်မနေအား တော့။ ပန်းအိုးကြီးကို မ,ယူပြီး မူလနေရာမှာ ပြန်ထားရပြန်၏။

ဩော်... မဟော် သူ့အပေါ် သည်လောက် နှိပ်စက်သည်။

ဒါကိုပဲ ခင်နှောင်းက မမလေးက ကိုမှူးကို ကြိုက်နေတာ လို့ ပြောထွက်သေးသည်။

☆ ☆ ☆



[ ၂၂ ]

မဟော် ကားမောင်းသင်မည့် ကိစ္စကို ဘဘမောင်နှင့် ကြီး ကြီးမေက သဘောကျနှစ်သက်ခြင်း မရှိသော်လည်း ဟန့်တား ခြင်းကိုလည်း မပြုလုပ်ကြချေ။

ဘဘမောင်က သူနှင့်သင်မည့်အစား ပထမဦးစွာ အထင်ဖြင့် သူ့ကိုသတိ ဝိရိ သထား သင်ပေးဖို့ ပြောစဉ်က မဟော်က...

"အို... ဖေဖေကလည်း၊ မင်းဆက်မှူးကို အသင်မ ခိုင်းပါဘူး၊ သိမ်ဖြူကွင်းမှာ သွားသင်မှာ၊ ဆယ်ရက်နဲ့ အတတ် ဖေဖေရဲ့ လိုင်စင်ရတဲ့အထိ ဆောင်ရွက် ပေးမှာ၊ နောက်ပြီး အမျိုးသမီး ကားမောင်းသင် ဆရာမ ကိုယ်တိုင်ကသင်ပေးမှာ"



www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက အတော်စိတ်အေးခဲ့ရသည်။

ကိုယ်တိုင်သာ သင်ပေးရလျှင် မပော် ကားမောင်းတတ်မည် မတတ်မည် တော့မသိ။ သူ စိတ်ညစ်စိတ်ရှုပ်ပြီး ရူးသွားမည်ကတော့ အမှန်ဖြစ်ပါ၏။

မပော်ကို ကားမောင်းမသင်ပေးရသော်လည်း နံနက်ခြောက်နာရီအရောက် မပော်ကို သိမ်ဖြူကွင်းသို့ ပို့ပေးရသည်။ ပြီးတော့ ကားကို လမ်းဘေးတစ်နေရာ ထိုးရပ်ပြီး တစ်နာရီနီးပါး မျှစောင့်ရသေး၏။ ဆယ်ရက်မြောက်သည့် ကားမောင်းသင်တန်း ပြီးဆုံးသည့်နေ့မှာတော့ မပော်က...

"သည်နေ့ တနင်္ဂနွေနေ့ဆိုတော့ ဖေဖေကလည်း ကုမ္ပဏီကို သွားစရာမရှိဘူး၊ နင်လည်း အားနေတယ်"

အချိန်က နံနက်ခုနစ်နာရီ စွန်းစွန်းမျှသာ ရှိသေးသည်။ မပော်က သင်တန်းမှာ နံနက်ခြောက်နာရီ ကားစမောင်းပြီး ခုနစ်နာရီလောက်မှာ ပြီး၏။

"မင်းဆက်မှုး"

"ပြောမယ့် စကားကို ပြောဟာ"

"တို့ ပဲခူးသွားကြရအောင်"

"ဟာ... ဘာလုပ်ဖို့ သွားမှာလဲ"





"ကားမောင်းလေ့ကျင့်တဲ့ သဘောပေါ့ဟာ၊ သင်တန်းက ဆရာမက ပြောတယ်၊ ကိုယ်ပိုင်ကား ရှိတာပဲတဲ့၊ လေ့ကျင့်တဲ့ သဘောဖြစ်အောင် ကားကို နေ့တိုင်းမောင်းပေါ့တဲ့၊ ခုကားမောင်းတတ်နေပြီပဲတဲ့၊ မောင်းရင်းနဲ့ ကျွမ်းကျင်သွားမှာပေါ့တဲ့"

သူ ခေတ္တခဏ ငြိမ်နေပြီးမှ...

"ရောက်ချိန်မှာ ပြန်ရောက်မလာရင် ဘဘမောင်နဲ့ ကြီးကြီးမေ စိတ်ပူနေလိမ့်မယ်"

"ဟောဟို စတိုးဆိုင်လေးကနေ ငါဖေဖေနဲ့မေမေကို ဖုန်းဆက်လိုက်မယ်"

"ပဲခူးလို့တော့ ဘယ်ပြောမလဲဟာ၊ ဟိုနားဒီနား ကားလျှောက်မောင်းမယ်၊ စိတ်ပူမနေနဲ့လို့ ပြောမှာပေါ့"

ယုံကြည်နိုင်ဘွယ် မရှိလောက်အောင်ပင် စကားတွေက အရမ်း ပြေပြစ်နေ၏။ သူ့အပေါ်မှာ မပော် စိတ်တစ်ထစ်လျော့သွားပြီလားဟု ကိုယ့်ဘက်ကဖော့ပြီး တွေးလိုက်မိသေးသည်။

"ငါ ဖုန်းသွားဆက်လိုက်မယ်"

စကားနှင့်အတူ မပော်စတိုးဆိုင်ကလေးဆီသို့ ခပ်သွက်သွက်ကလေး လျှောက်သွား၏။

အနီရောင် ဖုန်းခွက်ကလေးကို မ,ယူနေသည့် သဏ္ဍာန်၊ ဖုန်းခွက်ကို နားမှာကပ်ပြီး စကားဆိုနေသည့်ဟန်။



www.burmeseclassic.com

www.burmeseclassic.com



ဘဘမောင်နှင့်ကြီးကြီးမေ၏ ခွင့်ပြုချက်ကို ရဟန်တွင် ဖုန်းခွက်ချ ပိုက်ဆံရှင်းပေးပြီး မဟော် ကားဆီသို့ ပေါ့ပေါ့ပါး ကလေး ပြန်လျှောက်လာသည်။

"အိုကေပဲ"

"ဒါဆိုလည်း သွားတာပေါ့"

သူ ကားမောင်းသည့် နေရာတက်ထိုင်ပြီး စက်နှိုးမည် လုပ်တော့...

"ဟင်... ပဲခူးကို နင်မောင်းမလို့လား"

"အင်းလေ... မဟော်ပဲ သွားမယ်ဆို"

"နင်မောင်းတာကြီး ထိုင်စီးနေရမှာတော့ ပဲခူးကို အချိန်ကုန်ခံပြီး သွားနေတော့မလားဟဲ့ ငအရဲ့၊ ငါ ကားမောင်းကျင့်တဲ့ သဘောနဲ့ပဲ ပဲခူးကိုသွားမယ့်ဟာ၊ ဖယ်... ငါမောင်းမှာ"

"ဖြစ်ပါ့မလားဟာ"

"ရန်ကုန်မြို့ကြီးမှာ နင်တစ်ယောက်ထဲ ကားမောင်း တတ်တယ်များ ထင်နေလို့လား"

ရန်စကားက စလာ၏။

ဆက်ပြောနေလျှင်လည်း စကားလုံးတွေနှင့် နလံမထူနိုင်အောင်ထုတော့မည်။ သူ ကားရှေ့ခန်းမှ ပြန်ဆင်းပြီး နောက်ခန်းကို ပြောင်းထိုင်တော့...





"အဲဒါ ဘာလုပ်တာလဲ"

"မောင်းမယ်ဆို"

"ငါမောင်းရင် နင်နောက်က ထိုင်လိုက်လို့ ဖြစ်မလားဟဲ့၊ ငါ့ဘေးမှာ ထိုင်ပြီး လိုအပ်တာလေးတွေ ညွှန်ပြပေါ့"

ကားနောက်ခန်းမှ ပြန်ဆင်းရပြန်၏။

ရှေ့ခန်းမှာ ဝင်ထိုင်တော့ မဟော် သူ့ကို စွေစွေစောင်းစောင်းလေး ကြည့်သည်ကို သတိပြုမိသည်။

မဟော်က ကားစက်ကို နှိုးလိုက်၏။

အထွက်မှာ ကားက ဆောင့်ထွက်တော့...

"ကလပ်နဲ့ လီဘာကို ချိန်ပြီးလွှတ်လေ"

"အေးပါ"

လိုအပ်တာတွေ ညွှန်ပြဆိုပြီး ပြောပြန်တော့လည်း မကြိုက်၊ ရန်ကုန်ပဲခူးလမ်းတစ်လျှောက် သူ့အတော်စိတ်ညစ်ရဦးမည်။

☆☆☆

မဟော်က ကားမောင်းတော့ မဆိုး။

ကားဝင်ကားထွက်လောက်သာ ညွှန်ပြရပြီး တစ်လမ်းလုံး နီးပါးတိုင်ကို ငြိမ်ငြိမ်ထိန်းကိုင်နိုင်သည်။ ပဲခူးလမ်းမကြီးကလည်း ရှင်းနေသဖြင့် အခက်အခဲမရှိလှ။



www.burmeseclassic.com

www.burmeseclassic.com



ရုံဖန်ရုံခါ နောက်ပါးမှ ကုန်တင် ကားကြီးများ၏ စူးရှသော ဟွန်းသံကြောင့် မဟော် ထိတ်ထိတ်ပျာပျာတော့ ဖြစ်သည်။

"နောက်က လာတဲ့ ဟွန်းသံကို ဘာမှ ကြောက်စရာ မလိုဘူး၊ နဘေးကိုသာ အသာတိမ်းပေးလိုက်၊ သူဖါ သာသူကျော်တက်သွားလိမ့်မယ်"

စကားကို ပြန်မပြော။

ကားကိုသာ ဂရုတစိုက်မောင်းနေသည်။

"သည်လိုဖြူနေ ဖြောင့်နေတဲ့လမ်းကို မောင်းနိုင်တာနဲ့ ကိုယ့်ကိုယ်ကို ကားမောင်းကျွမ်းကျင်တယ်လို့ မထင်နဲ့"

"နင့်စကားက ဘာစကားလဲဟ"

"ဟုတ်တယ်လေ၊ ကားရှင်းတဲ့ လမ်းပေါ်ကို ဆယ်နှစ်သားကလေး တက်မောင်းခိုင်းတောင် မောင်းနိုင်တယ်၊ ကားမောင်းကျွမ်းကျင်ဖို့ဆိုတာ မြို့လယ်ခေါင် ကားရှုပ်၊ လူရှုပ်တဲ့ နေရာတွေမှာ မထိခိုက်အောင် မောင်းနှင်နိုင်မှ ကျွမ်းကျင်တယ်ခေါ်တာ"

"ဆရာလုပ်ပြီး သိပ်ပြောမနေနဲ့၊ ဒါတွေက တဖြည်းဖြည်းဖြစ်လာမယ်"

ပဲခူးရောက်တော့ မဟော်က ကားကို တရုတ်စားသောက်ဆိုင်တစ်ခုရှေ့မှာ ရပ်သည်။





"ငါ နင့်ကို မနက်စာ ကျွေးပါ့မယ်"

"ဘုရားဖူးဦးလေ"

"မဖူးပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘုရားဖူးရင် နင်နဲ့အတူ ဖူးနေရမှာ၊ နင်က ၄ ရည်းစား မှ မဟုတ်ဘဲ၊ ဘုရားပေါ်မှာ အတူသွားလို့ ဘယ်ဖြစ်မလဲ"

"ငါ ကားပေါ်က စောင့်ပေးပါ့မယ် မဟော်ရာ"

"တစ်ယောက်ထဲလည်း မသွားရဲပါဘူး"

သည်မှာတင် စကားက ပြတ်သည်။ စားသောက်ဆိုင်ရဲ့ စားပွဲမှာတော့ သူနှင့်မဟော် မျက်နှာချင်းဆိုင်။

ဆိုင်ထဲဝင်တုန်းက စားပွဲနှစ်ခုသုံးခုမှာ စားသောက်နေကြသည့် အမျိုးသမီးတစ်ချို့နှင့် အမျိုးသားတစ်ချို့က သူနှင့်မဟော်တို့ လှမ်းကြည့်ကြသည်။

သည်အကြည့်တွေ အပေါ်မှာ သူဘာလို့ အကျေနပ်ကြီးကျေနပ်သွားရသည်ကိုတော့ မင်းဆက်မှူး သူဖါသာသူ အံ့ဩနေမိတော့သည်။

သူနှင့်မဟော် တရုတ်အစားအစာမှာစားသည်။

စားသောက်ဆိုင်မှာ ဝအောင်စား၊ ကြိုက်တာမှာစားဆိုသည့် စကားကလွဲပြီး မဟော်ထံမှ ဘာအသံမှ မထွက်။



www.burmeseclassic.com

www.burmeseclassic.com



အဖြန်လမ်းတစ်လျှောက်မှာလည်း ကားနှင့်ပတ်သက်သ
အရှောင်အတိမ်းစကားလောက်ကလွဲပြီး ဘာမှ မပြောဖြစ်၊

မှတ်မှတ်ရရ အဖြစ်ကလေးတစ်ခုကတော့ အင်းတေ
အလွန်မှာ နွားတစ်အုပ်ကားလမ်းပေါ် ဖြတ်အတွက်တွင် စီး
တိုင်ကို သူကဗျာကယာ ဝင်ထိန်းပေးလိုက်ရသည်။

အဲဒီတုန်းက သူ့လက်က မပော်၏ လက်ကို အုပ်မိုးဆု
ကိုင် ထားမိသည့်အဖြစ်ကို မဟော်ကတော့ အမှတ်ရစရာအဖြ
သဘောထားချင်မှ ထားပါလိမ့်မည်။

☆ ☆ ☆

[ ၂၉ ]

မပော်ကို မနက်ကတည်းက သူမ၏ သူငယ်ချင်းများက
နှုန်နွဲဆွမ်းတွေးပွဲတစ်ခုကို ခေါ်သွားသည်။

မပော်သည် ချိုဇင်တို့အုပ်စုနှင့် သူပတ်သက်ပြီးကတည်း
က သူမ၏ သူငယ်ချင်းမများထံ သွားရောက်လည်ပတ်လျှင် သူ
ကို ဘယ်တော့မျှ ခေါ်မသွားတော့ပေ။

ကားကို သူမကိုယ်တိုင် မောင်းပြီးသွားသည်က များသည်၊
န်ရံခါတွင်တော့ သူ့ကို လိုက်ပို့ခိုင်းပါ၏။ ဒါကလည်း သူမ၏
တလေးသူငယ်ချင်းများနှင့် မပတ်သက်သော နေရာဒေသ
သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်နှောင်းပိုင်းလောက်မှာ သူ နှင်းဆီခင်းထဲ ဝင်ခဲ့
ကြီးကြီးမေက မခိုင်းသော်လည်း နှင်းဆီအိုးများကြားမှ ပေါ
မြက်များကို သူလိုက်လံ နှုတ်ပစ်သည်။

သူ ပေါင်းမြက်များ ရှင်းနေစဉ် မြေထိုးဂေါ်ပြားငယ်
နှင့် ခင်နှောင်းရောက်လာ၏။

"နင် ဘာလုပ်မလို့လဲ ခင်နှောင်း"

"ကိုမှူးကို ကူမလို့ပါ"

"ဟာ... ရပါတယ်"

"မဟုတ်ဘူး၊ အဖေက လွှတ်လိုက်တာ၊ ငါလုပ်ရမယ့် အလုပ်တွေကို မောင်မှူး လုပ်နေတယ်၊ သမီး သွားကူလိုက်ဆိုလို့ လာတာ"

"ဦးလေးထင် မလွှတ်ရင် နင်မလာဘူးပေါ့"

"မလာရဲပါဘူး၊ နောက်ပြီး မမလေးက ကိုမှူးနဲ့ခင်နှောင်း စကားပြောတာကို မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုမှူးကို မမလေးက ကြိုက်နေတာပါလို့ဆို"

"လာပြန်ပြီ ဒီကြိုက်တဲ့စကား၊ နင်တို့ကသာ ပြောနေ မဟော် ငါ့ကို မျက်နှာသာ ပေးတဲ့ အချက်တစ်ချက် ရှိခဲ့လို့လား"





"ကိုမှူးရယ် မိန်းမတွေရဲ့ အမူအယာနဲ့စိတ်ခံတော်ကို မိန်းမချင်းပဲ သိပါတယ်၊ မမလေး ပါးစပ်ဘယ်လို ဟာရင် စကားမှာ ဘယ်လို အဓိပ္ပါယ်ပါတယ်ဆိုတာ ခင်နှောင်းတို့ သိတာပေါ့"

"မဟော်က ဘာတွေ ဟာလို့လဲ"

ခင်နှောင်းက ပြုံးရင်းနှင့် နှုတ်ထားသည့် ပေါင်းမြက်များကို
နတ်ရောင် ပလပ်စတစ်ပုံးကြီးထဲ ထည့်သည်။

"မမလေးက ခင်နှောင်းကို မေးတာပါ"

သူ မျက်မှောင်ကိုအသာကြုံ့ပြီး နားစွင့်ထားလိုက်၏။

"နင်တို့ ကိုမှူးမှာ ရည်းစားရှိလားတဲ့"

"ဟာ... ပေါက်ပေါက်ရှာရှာ"

"မမလေး မေးတာလေ၊ ခင်နှောင်းက မရှိပါဘူး၊ ကိုမှူး ရည်းစားအကြောင်းကို ခင်နှောင်းတို့ကို လေသံဟဟတောင် ပြောတာ မကြားဖူးဘူးလို့ပြောတော့ မမလေးမျက်နှာ ဝင်းလက်နေတာပဲ"

သည်အကြောင်းအရာ အပေါ်မှာတော့ သူတကယ်ကို
ခံနှံသွားသည်။

"သေချာလို့လားလို့တောင် ထပ်မေးတယ်၊ သိပ်သေချာပါတယ်လို့ ပြောလိုက်တော့ ခင်နှောင်းကို မုန့်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ငါးရာတောင် ထုတ်ပေးသွားတယ်ရှင့်၊ ကိုမှူး စဉ်းစား သာကြည့် မမလေး ရင်ထဲမှာ ဘယ်လိုဖြစ်နေတယ် ဆိုတာ"

ဟုတ်တာ မဟုတ်တာ အသာထား၊ သူ့အတွေးတွေ တော့ ငွေသွားရသည်။ သူ ဘာစကားမှ ပြန်မပြောနိုင်ခင်မှာ ပေါင်းမြက်ရိုင်းများ ထည့်ထားသည့် ပလပ်စတစ်ပုံးကြီးကို ခင်နှောင်းက မ,ယူလိုက် ၏။

"ခြံနောက်ဘက်ထောင့်က ငါတူးထားတဲ့ တွင်းကြီးထဲ မှာ သွန်နော်၊ ဒါတွေက မြေဆွေးပြန်ဖြစ်သွားမှာ"

ပေါင်းမြက်ရိုင်းများ သွားသွန်ပြီး ပြန်လာသောအခါ နှင် နှောင်းက...

"ကိုမှူး"

"ဘာလဲဟ"

"မမလေးကို မကြိုက်ဘူးလား"

သူ တွေသွား၏။ သည် အမေးစကားအပေါ်မှာ သူဘာကြောင့် ချက်ချင်းအဖြေ မပေးနိုင်ရတာလဲ။

သူ့အဖြစ်ကို ကြည့်၍ ခင်နှောင်းက ရယ်သည်။

"ဟင်း... ဟင်း... ကိုမှူးကလည်း မမလေးကို ကြိုက် နေပါတယ်နော်"

"မကြံ့မစည် မတွေးတောအပ်ပါဘူး ခင်နှောင်းရယ်၊ မပော်က ငါ့ထမင်းရှင်ပါ၊ ကျေးဇူးရှင်ပါ"





"အချစ်နဲ့ ဘာမှမဆိုင်ဘူး"

"သွား... သွား... အမှိုက်တွေသွားသွန်၊ ဆက်ပြော ရင် နင့်စကားတွေ ဖေါင်းဖြစ်ကုန်တော့မယ်၊ နင်နဲ့ငါ ပြောနေဆိုနေတဲ့ စကားတွေ ဘာဘာမောင်တို့ သိသွား ရင် နင်နဲ့ငါ ကေသီရဲ့ခြံထဲက အထုပ်ဆွဲပြီး ပြေးရလိမ့် မယ်"

ဒါတောင် ခင်နှောင်းမျက်နှာက ပြုံးဖြီးဖြီး ဖြစ်နေသေး၏။

ဒုတိယခေါက် ပေါင်းမြက်များ သွန်ပြီးသောအခါ သူနှင့် ခင်နှောင်း ခြံမြောက်ဘက်ထောင့်သို့ အတူလာခဲ့ကြသည်။

မနေ့ညနေကတည်းက စည်းရိုးနံဘေးမှာ မြက်ရိုင်းများ ရှည်နေသည်ကို သတိထားခဲ့မိ၏။

စည်းရိုးနားသို့ ရောက်သောအခါ တစ်ဖက်ခြံမှ အသံဗလံ များကြောင့် သူခေါင်းထောင်ကြည့်လိုက်သည်။

"ဟင်... အန်ကယ် အောင်လွင်တို့ ပြောင်းရွှေ့နေ ကြပါလား"

တစ်ဖက်ခြံမှ အန်ကယ်ဦးအောင်လွင်ကို သူသိသည်။

မိန်းမ သေပြီး မုဆိုးဖိုဘဝနှင့် အိမ်ထောင်မပြုဘဲ ခပ်ပျော် ပျော်နေလာသူ၊ နှစ်ထပ်တိုက်ကြီး တစ်ခုလုံးမှာ အန်ကယ် ဦးအောင်လွင်နှင့် သူတပည့်ကျော်ပီတာတို့ နှစ်ဦးသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမှူး မသိဘူးလား"

"ဟော့အေး"

"သူ့ခြံနဲ့တိုက်ကိုရောင်းပြီး မော်လမြိုင်က သမီးနဲ့ သွားနေမှာလေ၊ မော်လမြိုင်မှာလည်း သူ့သမီးက ခြံနဲ့တိုက်နဲ့ အခန့်ထည်နေတာတဲ့"

"အဘိုးကြီးက မော်လမြိုင်သားထင်တယ်"

"ဟုတ်မှာပေါ့၊ ဒါကြောင့်ရောင်းပြီး သမီးဆီ အပြီးပြောင်းသွားတာ"

"ဘယ်သူတွေ ဝယ်လိုက်တာလဲ"

"အဲဒါတော့ မသိဘူး"

ခင်နှောင်း၏ မသိခြင်းသည် နည်းလမ်းကျပါသည်။

အန်ကယ်ဦးအောင်လွင် ခြံရောင်းပြောင်းသွားသည့် ကိစ္စသည် သူတို့ကိစ္စ မဟုတ်။

ခြံအတွင်း ရှင်းသင့်သည့်များရှင်းပြီး သူတန်းလျားမှာ နားနေချိန်မှာ မြခင်မ ချိုင့်ကလေးဆွဲပြီး ရောက်လာ၏။

"ဘာတွေလဲ"

"နန်းကြီးသုပ်"

"ကြီးကြီးမေ ပို့ခိုင်းလိုက်တာလား"

"မဟုတ်ဘူး၊ မမလေး ပို့ခိုင်းလိုက်တာ"





မဟော် ပြန်ရောက်လာသည်ကိုပင် သူ မသိလိုက်။

"မမလေးက ပြောခိုင်းလိုက်သေးတယ်၊ နန်းကြီးသုပ်ကို ဝယ်လာပြီး ပို့ခိုင်းတယ် မထင်နဲ့တဲ့၊ အလှူက ပိုလို့ ယူလာခဲ့တာတဲ့"

"ဝယ်ပဲလာလာ၊ အလှူက ပိုလို့ပဲယူလာလာ၊ စားလိုက်ရင် ဗိုက်ဝမှာကတော့ အသေချာပဲ"

သူက မြခင်မကို ရယ်ကျဲကျဲနှင့်ပြောသည်။

မြခင်မက ပခုံးနှစ်ဖက်တွန့်ပြပြီး...

"မမလေးက အလှူက ပိုလို့ ယူလာတယ်ဆိုတာ တမင်ပြောတာ သိလား၊ သူ့ဆိုင်က ဝယ်လာတာ"

"နင်က ဘယ်လိုလုပ်သိလဲ"

"ပြန်ရောက်ရောက်ချင်း ဘဘနဲ့ကြီးကြီးမေကို ပြောနေတယ်လေ၊ သူငယ်ချင်း အလှူက ထောပတ်ထမင်းကျွေးတယ်တဲ့၊ နှစ်ပန်းကန်တောင် စားလိုက်တာ အီစိမ့်သွားတာပဲတဲ့၊ ဒီတော့ ဒီနန်းကြီးသုပ်က အလှူက ပိုလို့ ယူလာတာဖြစ်နိုင်မလား"

မြခင်မက စဉ်းစားဉာဏ်ကောင်း၏။

"အေး... နင်တော်တယ် မြခင်မ၊ မဟော့်ကိုတော့ ငါက ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မြခင်မ အပြုံးနှင့်ထံပါးက ထွက်သွားသည်။

ညအိပ်ရာဝင်မှာ သူတော်တော်နှင့် အိပ်မပျော်တော့

မပော်နှင့် ပတ်သက်သည့် အကြောင်းအရာတွေက

အတွေးထဲမှာ ဝဲလည်လှည့်နေတော့သည်။

ခင်နှောင်းပြောသလိုများ...

အို... မဖြစ်နိုင်ပါဘူး။

ငါ့လိုကောင်နဲ့ မပော်နဲ့တန်လို့လား...။

☆ ☆ ☆



[ ၂၄ ]

တစ်ဖက်ခြံသို့ ပိုင်ရှင်အသစ်များ ပြောင်းလာသည့် နေ့မှာ ဒင် ဘဘမောင်က မပော်အတွက် အဖြူရောင် လီမိတက် ကား တစ်စီးကို ဝယ်ပေးသည်။

သည်ကားအပေါ်မှာ သူစိတ်ဝင်စားခြင်း မရှိသော်လည်း တစ်ဖက်ခြံသို့ ရောက်လာသည့် ကောင်မလေးနှစ်ယောက်အနက် က ဆံပင်အရှည်ကို ဖါးလျားချထားသည့် ကောင်မလေးကိုတော့ သူ စိတ်ဝင်စားစွာနှင့် ခြံစည်းရိုးဘေးမှာရပ်ပြီး ငေးကြည့်နေမိ၏။

စိတ်ဝင်စားသည် ဆိုတာကလည်း တောင်တောင်အီအီ အတွေးများနှင့်တော့မဟုတ်၊ ဆံပင်ကလေးဖါးလျားနှင့် သွက် လက်ချက်ချာဟန်ကို စိတ်ဝင်တစား ကြည့်နေမိခြင်းသာ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငေးကြည့်နေစဉ်မှာပင် သူမသည် သွက်လက်ချက်ချာစွာ သူထံ အပြေးကလေးရောက်လာပြီး...

"ယူ နံမည် ဘယ်သူလဲဟင်"

"မင်းဆက်မှူးပါ"

"တို့ နာမည်က ရှဘီပါ၊ ယူ တို့ကို အကူအညီတစ်ခု ပေးပါ"

"ပြောပါ"

"သောက်ရေအတွက်ရေသန့်သန့်လေးတစ်ပုံးလောက် ကူညီပေးပါလား၊ ခုမှ ပြောင်းလာတော့ အလုပ်သမားတွေအတွက် သောက်ရေ အခက်အခဲရှိနိုင်လို့ပါ"

"ရပါတယ်"

"ဒါဖြင့် တို့ ပုံးသွားယူလိုက်မယ်နော်"

ရှဘီ အပြေးအလွှား ပြန်ထွက်သွားပြီး ချက်ချင်းဆိုသလိုပင် အပြေးအလွှား ပြန်ရောက်လာ၏။

လက်ထဲမှာလည်း အပြာရောင်ပလပ်စတစ် ရေဆွဲပုံးတစ်ပုံး ပါလာသည်။သူမက ခြံစည်းရိုးကိုကျော်ပြီး ပုံးကိုပေး၏။

"လာပို့ပေးမယ်လေ"

"ရတယ် ယူ ဒီကိုပဲ ယူလာခဲ့ပါ၊ တို့ ဒီက လှမ်းယူမယ်"

ရေတစ်ပုံး ဆွဲပေးသည်။





ပုဏ္ဏရိတ်စည်းရိုးကိုကျော်ပြီး ရှဘီကို ရေပုံးလှမ်းအပေးမှာ ခြံထဲသို့ ကားဝင်လာသည်ကို စိတ်က သိလိုက်၏။

သူ ချက်ချင်းဆိုသလို လှည့်ကြည့်တော့ ကားပေါ်မှ စူးစိုက်ကြည့်နေသည့် မပော်၏ အကြည့်ကိုရသည်။

ခေါင်းပြန်အလှည့်မှာ ရှဘီက...

"အရမ်း ကျေးဇူးတင်တာပဲ"

"ရပါတယ်"

"တို့ အိမ်နီးနားချင်းတွေ ဖြစ်သွားပြီ၊ ခင်ခင်မင်မင် နေကြရအောင်နော်"

"ကျွန်တော်မှာ မရှဘီတို့နဲ့ ခင်ခင်မင်မင်နေရချိန် မရှိဘူးလို့ ထင်ပါတယ်"

"ဟင်... ဘာဖြစ်လို့လဲ"

"ကျွန်တော်က ကေသရီခြံကြီးရဲ့ အလုပ်သမားပါ၊ ယာဉ်မောင်း တာဝန်ကို ယူထားရပါတယ်"

"ဟုတ်ရဲ့လားကွာ"

"ဘာလို့လဲ မရှဘီ"

"ယူရဲ့ ရုပ်လက္ခဏာက ဒရိုင်ဘာရုပ်မှ မဟုတ်ဘဲ၊ ယူက ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို တို့ကို ဒရိုင်ဘာပါဆိုပြီး အကြောင်းလာရိုက်နေတာလား"

"ကျွန်တော် မလိမ်တတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်လုံးအကြည့်များ မှိုင်းညို့သွားသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ခြံနီးချင်းတွေပဲ"

ရေပုံးကလေးဆွဲပြီး သူမထွက်သွား၏။

သူ ပြန်လှည့်လာခဲ့ပြီး ပေါ်တီကိုအောက်ရောက်တော့ ကားနံဘေးမှာ ခါးထောက်ရပ်နေသည့် မပော်ကိုတွေ့ရသည်။

"ဘာမှ ရှုပ်ရှုပ်ယှက်ယှက် လုပ်နေတာလဲ"

"ဘာမှ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ပါဘူး မပော်၊ သူတို့ ဒီနေ့ ပြောင်းလာလို့ သောက်ရေ အကူအညီတောင်းတာနဲ့ ခပ်ပေးတာပါ"

"အသိအကျွမ်းကလည်း ဖြစ်လွယ်လိုက်တာ"

သူ ငြိမ်နေလိုက်၏။

မပော်က မျက်နှာသုန်သုန်မှုန်မှုန်နှင့် ခြေကလေးဆောင့် ထွက်သွားပြီး ဧည့်ခန်းအဝင်ဝနား အရောက်မှာ...

"စည်းရိုးကို အုတ်တံတိုင်းကာဖို့ ဖေဖေ့ကို ပြောရဦးမယ်"

မပော် ဘာကြောင့် ဒေါသကြီးမားနေရသည်ကို သူ အဖြေရှာလို့ မရသေးချေ။

☆ ☆ ☆



[ ၂၅ ]

မပော် အိပ်မပျော်။

အကြောင်းအရာတစ်ခုသည် မပော်၏ စိတ်နှလုံးကို ဖိစီး ...းသည်ဟု မပော်ထင်သည်။

စိတ်တွေက ဘာဖြစ်နေတာလဲ။

တစ်ဖက်ခြံသို့ ပြောင်းရွှေ့လာသည့် ကောင်မလေးနှင့် မင်း ...တ်မျှ သိကျွမ်းကြသည်ကို ဘာလို့ စိတ်ကပေါက်ကွဲနေရတာလဲ။

စိတ်၏ မငြိမ်မသက်ခြင်းများက သည်နေ့မှ ထူးထူးခြားခြား ...နေသည်။

မပော်အိပ်ရာပေါ်က လူးလဲ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တံခါးချက်ကို အသာလှည့်ဖွင့်ပြီး ဝရံတာဘက် ထွက်... သည်။ မပေါ်၏ အကြည့်က တစ်ဖက်ခြံသို့ ရောက်သွား...

တစ်ဖက်ခြံတိုက်ကြီး၏ အိပ်ခန်းနှစ်ခုမှာ အပြာရောင် ... နှစ်ပွင့်လင်းလက်နေသည်မှအပ ငြိမ်သက်တိတ်ဆိတ်နေသည်...

သည်ခြံကြီးနှင့် သည်တိုက်ကြီးထဲမှာ မင်းဆက်မှုနှ... စကားပြောနေသည့် ကောင်မလေး အိပ်မောကျနေပြီလား။

အရွယ်ကတော့ မိမိနှင့်ရွယ်တူ။ တစ်ခါမျှ မမြင်ဘူး၊ တစ်ခါ... မျှ ရင်းရင်းနှီးနှီး သိကျွမ်းမှု မရှိသည့် ဒီကောင်မလေးကို အလိုလို... မုန်းတီးစိတ်ဝင်နေသည့် မိမိအဖြစ်ကိုလည်း မသုံးသပ်ရဲလောက်... အောင် ရှိနေရသည်။ မပေါ် ပင့်သက်ကိုချသည်။ ထိန်းချုပ်ထား... ရသည့် စိတ်၏ဒဏ်ကို မပေါ် ခံနိုင်စွမ်းမရှိတော့။

ခြေထောက်ကို ဖော့နင်းပြီး အောက်ထပ်သို့ ဆင်းလာခဲ့... သည်။ အောက်ထပ် ထမင်းစားခန်းနှင့်ကပ်လျက် အခန်းငယ် လေးထဲမှာ မိကောင်းအိပ်သည်။

မိကောင်း အိပ်ခန်းငယ်လေးမှာ တံခါးမရှိ။ ခန်းစီးစ တစ်ခု... ကိုသာ ကာထားသည်။ မိကောင်းအိပ်သည့် အခန်းဝမှာရပ်ပြီး မပေါ်က မိကောင်းကို အသံအုပ်အုပ်နှင့် ခေါ်၏။

"မိကောင်း...မိကောင်း"

ကေသီရိပ်ခြံကြီး၏ အလုပ်သမားအားလုံးသည် သွက်လက်ရမည်။ ဖျတ်လတ်ရမည်။ နားပါးရမည်။ အအိပ်အနေ ဆတ်ရမည်။ ဒါတွေအားလုံးကို မပေါ်ကညွှန်ကြားလေ့ကျင့် ပေးထား၏။





ယခုလည်း မိကောင်းကို နှစ်ခွန်းသာ ခေါ်ရသည်။ မိ...ကောင်း အိပ်ရာမှ လူးလဲထလာ၏။

"မမလေး မအိပ်သေးဘူးလား"

"ငါ အိပ်မပျော်လို့ပါ။ နင့်ကိုလည်း မေးချင်လို့"

"ဘာမေးမှာလဲ မမလေး"

"လာဟာ...လသာပါတယ်၊ ခြံထဲဆင်းထိုင်ရအောင် ခုမှ ဆယ်နာရီစွန်းစွန်း ရှိသေးတယ်"

ဘာဂျာ တံခါးသော့ကိုဖွင့်ပြီး ခြံထဲဆင်းခဲ့သည်။

မပေါ်အတွက် လရောင်၏ အေးမြခြင်းကို ဘဝတွင် ...ည်တစ်ကြိမ်သာ ခံစားရဖူးခြင်းပါ။ ညကိုးနာရီစွန်းသည်နှင့် ...ရာဝင်တတ်သော မပေါ်သည် ည၏အလှကို ငယ်စဉ်က ...ည်းက မခံစားဘူးခဲ့။

ပေါက်တီကို ရှေ့မြက်ခင်းလေးမှာ ပန်းနုရောင်ထိုင်ခုံတန်း ...ရှိသည်။ သည် ထိုင်ခုံပေါ် မည်သူမျှ မထိုင်ရ။ မပေါ်၏သီး ...န့် ဝန်းရောင်ခုံကလေးဖြစ်သည်ကို အားလုံး သိထားကြရ၏။

"နင့်ကို မေးမလို့"

"ဘာမေးမလို့လဲ မမလေး"

"ဟိုဘက်ခြံကို လူတွေပြောင်းလာတာ နင်သိတယ် မို့လား"

"သိတယ် မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတစ်ယောက် ပါလာတယ်မို့လား"

"တစ်ယောက်မဟုတ်ဘူး မမလေး၊ ညီအစ်မနှစ်ယောက်"

တစ်ယောက်က တိုးလာပြန်၏။

မယော်က မျက်မှောင်ကလေးကြုံ့ထားရင်း...

"နင် နာမည်သိလား"

"ဟင့်အင်း"

"ဘယ်က ပြောင်းလာကြတာလဲ"

"ဟင့်အင်း"

"သူ့ မိဘတွေက ဘာလုပ်တာလဲ"

"ဟင့်အင်း"

"ငါ ပါးထရိုက်လိုက်ရရင်တော့ ဟင့်အင်း ဖြစ်သွားတော့မှာပဲ၊ နင့်ဟာက မေးသမျှ ဟင့်အင်းကြီးပဲ"

"ပြောင်းလာတယ် ဆိုတာရယ်၊ ညီအစ်မနှစ်ယောက်ရယ်ဆိုတာပဲ သိတာ မမလေးရဲ့၊ မိကောင်းက အိမ်ထဲမှာ အိမ်ကိစ္စတွေ လုပ်နေရတာ ဘယ်မှ စပ်စုချိန်ရှိမှာမို့လဲ"

"နေ့လည်က မင်းဆက်မှူးနဲ့ စကားပြောနေတာကို ငါတွေ့တယ်"





"ဒါဆိုရင် ခင်နှောင်းကို မနက်ကျ မေးကြည့်ပါလား၊ မမလေး ခင်နှောင်းက စပ်စုတာလည်း ဝါသနာပါတယ်၊ တန်းလျားမှာ ကိုမှူးနဲ့အတူနေကြတော့ ကိုမှူးက သူ့ကို ပြောပြချင်ပြောပြမှာ"

"နင် ခင်နှောင်းကို သွားခေါ်စမ်း"

"အိပ်နေရောပေါ့ မမလေးရဲ့၊ မနက်ကျမှ မေးပါလား"

"နင်တော့ ငါလက်သည်းနဲ့ အဖွဲ့ခံရဖို့ နီးနေပြီ၊ ငါက သွားခေါ် ဆို သွားခေါ်"

ဟုတ်ဟု ဆိုပြီး မိကောင်းက တန်းလျားဘက် အပြေးကလေးသွားသည်။ ချက်ချင်းဆိုသလိုပင် ခင်နှောင်းပါလာ၏။

"ခင်နှောင်း မအိပ်သေးတာ အတော်ဖြစ်သွားတယ် မမလေးရ"

ပြောပြီး မိကောင်းက အုတ်ဘောင်လေးမှာ ထိုင်လိုက်သည်။ ခင်နှောင်းကလည်း မိကောင်းနံဘေးမှာ ဝင်ထိုင်လိုက်သည်။

"ခင်နှောင်း"

"ရှင်"

"နင် ဟိုဘက်ခြံကို ပြောင်းလာတဲ့ ညီအစ်မနှစ်ယောက် နာမည်ကိုသိလား"

"သိတယ် မမလေး"

"ဘာနာမည်တွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုနာမည်တွေ မမလေးရ၊ အကြီးမ နာမည်က ရွှေ
တဲ့၊ အငယ်မ နာမည်က ရိုစီ၊ သူတို့မာမီက လေဖြတ်
နေလို့ အိမ်ထဲကနေ အိမ်ပြင်မထွက်ဘူး"

"ဒါတွေ ငါမသိချင်ဘူး၊ ငါသိချင်တာက နေ့လည်က
မင်းဆက်မှူးဆီ ရေတောင်းတာ အကြီးလား၊ အငယ်
လား"

"အကြီးမ ရွှေဘီ မမလေး"

"နင့်ကို မင်းဆက်မှူး ပြောပြလို့လား"

"ခင်နှောင်းလည်း စုံစမ်းတယ်၊ ကိုမှူးကလည်း ပြော
တယ်၊ မမလေး သူ့ကို ဂျစ်တိုက်သွားတာကိုလည်း
ပြောပြတယ်"

ခင်နှောင်း စကားကြောင့် သူမ မျက်နှာ ရှက်အမ်းအမ်း
လေး ဖြစ်သွားရသည်။

"သည်နေ့ပဲ ပြောင်းလာတယ်၊ သည်နေ့ပဲ ရင်းနှီးသွား
တယ်၊ မင်းဆက်မှူးက သူ့ကိုယ်သူ ကေသရီခြံကြီး
ရဲ့ သူဌေးသားလို့ ပြောထားသလား မသိဘူး"

"ကိုမှူးက အယောင်မဆောင်တတ်ပါဘူး မမလေး
သူ ကေသရီခြံကြီးရဲ့ သားမောင်းသမားဆိုတာကို
ပြောပြလိုက်တယ်တဲ့၊ ဒီစကားကို မပြောလည်း ရပါ
တယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ပြောင်းလာတဲ့
ကောင်မလေးကို စိတ်ဝင်စားစရာ အကြောင်းမရှိ
လို့တဲ့"

"အဲသလို ပြောလို့လား"

"ပြောတယ် မမလေး၊ သူ့ဘဝမှာ သူ့အရမ်းမြတ်နိုးပြီး
အရမ်းချစ်တဲ့ မိန်းကလေး တစ်ယောက်ပဲ ရှိတယ်တဲ့၊
ခင်နှောင်းက ဘယ်သူလဲလို့မေးတော့ ဘယ်သူ့ကိုမှ
ဖွင့်ပြောလို့ မဖြစ်တဲ့ အချစ်တဲ့၊ အဲဒီ အချစ်တွေကို
လည်း သူ့ရင်ထဲမှာပဲ သိမ်းထားမှာတဲ့၊ သူချစ်နေတာ
ကိုလည်း သူချစ်တဲ့ ကောင်မလေး ဘယ်တော့မှ
မသိစေရဘူးတဲ့"

"အရှူးပဲ ကိုယ်ချစ်နေတာများ ဖွင့်ပြောလိုက်ပေါ့၊ ဒါနဲ့
မင်းဆက်မှူး ချစ်နေတဲ့ ကောင်မလေးက ဘယ်သူ
များဖြစ်နိုင်မလဲ၊ ဒီ အနီးဝန်းကျင်ကလား၊ သူ နေခဲ့တဲ့
တောကလား"

"တောကတော့ ဘယ်လို ဖြစ်မလဲ မမလေးရဲ့၊ ကိုမှူး
က ကေသရီကို ငယ်ငယ်လေးကတည်းက ရောက်
လာတာ၊ ခင်နှောင်းကတော့ ကိုမှူး ချစ်နေတဲ့သူဟာ
ဒီ ပတ်ဝန်းကျင်ကလို့ပဲ ထင်တယ်"







www.burmeseclassic.com

www.burmeseclassic.com



ခင်နှောင်းစကားကြောင့် ရင်မှာ လှုပ်ခတ်ခတ်ဖြစ်သွား
သည်ကိုတော့ မပျော်ကိုယ့်ကိုသိ၏။ ခင်နှောင်းက သူမမျက်
ကို အကဲခတ်သလိုကြည့်ပြီး ပြုံးတော့...

"နင်က ဘာပြုံးတာလဲ"

"မမလေး ရင်ထဲမှာ တစ်ခုခု ဖြစ်နေသလိုပဲ"

"အမှန် ပြောရရင် ငါ့ရှဘီဆိုတဲ့ အမျိုးသမီးကို တော်
တော် မုန်းတီးနေတယ်"

"မမလေးကို မချေမင် ပြောလို့လား"

"လူတောင် နေ့လည်ကမှ မြင်ဖူးတာပါဟာ"

"ဒါနဲ့များ မမလေးရယ်"

"ကဲ... ကဲ... နင်တို့သွားအိပ်ကြတော့ လရောင်
အောက်မှာ ငါတစ်ယောက်ထည်း ထိုင်နေချင်သေး
တယ်"

ခင်နှောင်းတန်းလျားဘက် ပြန်လျှောက်သွားပြီး မီးတော
အိပ်ထဲ ဝင်သွားသည်။

မပျော် မိုးကောင်းကင်ကို မော့ကြည့်လိုက်၏။

မိုးပြင်မှာ ငွေကြယ်ပွင့်လေးတွေ ဝင်းဝင်းလက်လက်

လရောင်အောက်မှာ ညငှက်ကလေးတစ်ကောင် ပျံ
သည်ကို မြင်သည်။





အဖော်မဲ့ ငှက်ကလေးလားကွယ်။

ချစ်သူကို ရှာနေတဲ့ တိတ်တခိုး ငှက်ငယ်လေးများလား။

မိုးစွန်ထိ ပျံသွားတော့ကော မင်းချစ်သူက မင်းကို အသိ
အမှတ်ပြုမှာတဲ့လား။

မပျော် ပင့်သက်ရှည်ကြီး ချလိုက်သည်။ညသံသရာမှာ
အတွေးတွေနှင့် သူမ ဘယ်လောက်ထိ ရင်ဆိုင်နေရဦးမှာလဲ။

တစ်ခုတော့ သိလိုက်သည်။

သူမ၏ နှလုံးသား တစ်နေရာမှာ အချစ်ငှက်ကလေး တစ်
ကောင်တော့ပဲ ရိုက်ခတ်လို့ နေပါသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[illegible]

[ ၂၆ ]

☆ ☆ ☆

"ဟော့... ယု"

ညနေစောင်းစောင်းလေး အချိန်၊ လမ်းထိပ်စတိုးဆိုင်က ပစ္စည်းတစ်ခုဝယ်ပြီး မြန်အလာမှာ ခြံဝမှထွက်ပြီး ရှုဘီက သူ့ကို လှမ်းခေါ်သည်။

"ဩော်... မရှုဘီ"

"ယု ဘယ်က ပြန်လာတာလဲ"

"လမ်းထိပ်စတိုးဆိုင်မှာ မင်ချောင်းသွားဝယ်တာပါ"

"ထိုင်ပါဦး"

ရှုဘီတို့ခြံရှေ့မှာ အုတ်ထိုင်ခုံ နှစ်ခုကို မျက်နှာချင်းဆိုင် မြုလုပ်ထားသည်။





သူ ဘယ်ဘက်အုတ်ခုံမှာ ဝင်ထိုင်တော့ ရှုဘီက သူ့ရှေ့ ...ခုံမှာ ဝင်ထိုင်လိုက်၏။

"မဟော်ဆိုတာ ယွှသူဋ္ဌေးရဲ့သမီးလား"

"ဟုတ်တယ် မရှုဘီ၊ တစ်ဦးတည်းသော သမီးပေါ"

"ယွှသူဋ္ဌေးသမီးကတော်ယ်မြိုး ကိန်းခန်းကြီးပါလားကွ"

မဟော်နှင့်ရှုဘီတို့ တစ်ကွေ့ကွေ့မှာ တွေ့ခဲ့ပြီကိုသူသိလိုက် ...

သူ အသာကလေးပြုံးပြီး နားစွင့်နေဆဲမှာပင်...

"မနက်က တို့က ပုဏ္ဏာရိပ်သီးခိုင်လေးတွေ ဆူနေတာ ကွာ၊ လှမ်းမြင်လို့ ဖြုံးပြတာကို မှန်ကုပ်ကုပ်နဲ့ မျက်နှာကို ဆတ်ခနဲ လွှဲသွားတယ်၊ တကယ်ဆို ခြံနီးချင်း အိမ်နီးချင်းတွေ ဖြစ်နေကြပြီပဲ၊ ရင်းရင်းနှီးနှီး ခင်ခင် မင်မင် နေကြရမှာပေါ့ ဟုတ်တယ်မို့လား"

"မရှုဘီ ပြုံးပြတာကို မဟော် မမြင်လို့ဖြစ်ပါလိမ့်မယ်"

သူ မဟော်ဘက်မှ ကာဆီး ပြောဖြစ်သည်။

မရှုဘီကတော့ သည်စကားကို လက်ခံနိုင်ခြင်း မရှိပါ။

"တို့ကို သေသေချာချာကြီးကြည့်ပြီး မျက်နှာကို မှုကုပ် ပြီး တစ်ဖက်လွှဲသွားတာကွာ၊ မမြင်လို့ကတော့ ဘယ် နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"မဟော်က သဘောကောင်းပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ တို့ ဇွဲမယူပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ခင်မင်ရင်းနှီးသွားကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှုဘီ၏ စိတ်နေစိတ်ထားကို လေးစားသွား၏။

သည်နေရာမှာ မဟော်အတွက် တောင်းပန်စကားဆိုသ(င့်)သော်လည်း သူမှာ တောင်းပန်စရာ အကြောင်းမရှိပေ။

အကယ်၍ သူသည် မဟော်နှင့် သွေးသားတော်စပ်မှု ရှိခဲ့လျှင်တော့ "ကျွန်တော့်ညီမအတွက် တောင်းပန်ပါတယ်ဗျာ" ဆိုသည့် စကားကို သူပြောဖြစ်ပါလိမ့်မည်။

သူက စကားကို လမ်းကြောင်းပြောင်းချင်သဖြင့် ရှုဘီကို မြဲထဲသို့ မျက်လုံးတစ်ဝေ့ကြည့်ပြီး...

"မရှုဘီတို့ မိသားစုက သိုက်သိုက်ဝန်းဝန်းပဲနော်၊ မရှုဘီမှာ ရွယ်တူညီမတစ်ယောက်ရှိတော့ မပျင်းဘူးပေါ့၊ မရှုဘီရဲ့ ဖေဖေကတော့ တကယ့်ခန့်ချောကြီးပဲ"

"ဖေဖေ... ဘယ်ကဖေဖေလဲ"

"ဟိုမျက်မှန်နဲ့ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း အန်ကယ်ကြီးလေ"

"ဘုရားသခင် ကယ်တော်မူပါ၊ အဲဒါ တို့ဒက်ဒီ မဟုတ်ဘူး မင်းဆက်မှူးရဲ့ မာမီ့ရဲ့မောင်၊ တို့ရဲ့ အန်ကယ်ပါ"

"ဟာ ဟုတ်လား၊ ဆောရီးဗျာ၊ ကျွန်တော်စကားပြော အရမ်းမှားသွားပြီ"





"ခွင့်လွှတ်နိုင်ပါတယ်၊ အဲဒီအတွက် ယူစိတ်မကောင်း မဖြစ်ပါနဲ့၊ တို့ရဲ့ ဒက်ဒီက တို့ဆယ်နှစ်သမီးလောက် ကတည်းက ဆုံးသွားတာ၊ မာမီကလည်း လေဖြတ်ထားတော့ အပြင် သိပ်မထွက်ဘူး မာမီရဲ့ စီးပွားရေး လုပ်ငန်းတွေ အားလုံးကို မာမီ့မောင်ကပဲ ဦးဆောင်တယ်လေ၊ အန်ကယ်က လူပျိုကြီး၊ တို့ဆိုသမျှ နွဲ့သမျှကို အန်ကယ်က အရမ်းခံနိုင်ရည်ရှိတယ်"

ရှုဘီနှင့်သူရင်းနှီးသည်ထက် ရင်းနှီးလာသောအခါ ရှုဘီက သူတို့အိမ်ကိုလာဖို့ အလည်ခေါ်သည်။ သူ မသွားဖြစ်ပါ။ မသွားဖြစ်သည်ကိုလည်း ရှုဘီက သဘောပေါက် နားလည်ပေးသည်။

ရံဖန်ရံခါ စကားအေးဆေးစွာ ပြောဖြစ်ကြလျှင် ရှုဘီက သူတို့ မိသားစုအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြသည်။ ပြောပြသည့် အကြောင်းအရာများကို သူစိတ်ဝင်စားခြင်း မရှိသော်လည်း တမြန်နေ့က ပြောပြသည့် အကြောင်းအရာ တစ်ခုကိုတော့ သူ စိတ်ဝင်စားမိပါ၏။

"ဒက်ဒီက မာမီရဲ့ နောက်အိမ်ထောင်ဟာ မင်းဆက်မှူးရဲ့ တို့ညီအစ်မနှစ်ယောက်က ဒက်ဒီနဲ့အကြောင်း ပါပြီးမွေးတာ၊ မာမီ ပထမအိမ်ထောင်နဲ့ကွဲသွားတော့ ပထမ အိမ်ထောင်မှာ သားယောကျ်ားလေး တစ်ယောက်ပါသွားတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မရှုဘီတို့နဲ့ မအောတူဖအောကွဲပေါ့"

"ဟုတ်တယ် မင်းဆက်မှူး၊ တိုက အစ်ကိုဖြစ်တဲ့သူကို သိပ်တွေ့ချင်တာ၊ ဒါပေမယ့် မာမီက အဲဒီအကြောင်း အရာတွေနဲ့ ပတ်သက်ရင် ဘာစကားမှ အစ မခံဘူး တို့သိရုံလောက်သာ ပြောထားတာပဲရှိတယ်"

သူ ရှုဘီ မျက်နှာကို အငေးသားကြည့်ပြီး နားထောင် ဖြစ်သည်။ နှုတ်ထွက်စကားတွေက စိတ်ကူးယဉ်ပြီး ပြောသည့်ပုံဖြစ်သဘောမျိုးတော့ မဟုတ်။

"မရှုဘီတို့နဲ့ အသက်တော့ ကွာမယ်ထင်တယ်"

"သိပ်မကွာဘူးဟ၊ နှစ်နှစ်လောက်ပဲ ကွာမယ်လို့ မာမီက ပြောဘူးတယ်"

"တစ်နေ့ ပြန်ဆုံကြမှာပေါ့ဗျာ"

"ဘုရားသခင်ရဲ့ အလိုတော်အရပဲပေါ့ မင်းဆက်မှူးရယ်"

ဩော်... လူတိုင်းမှာ ဘဝအကြောင်းတရားတွေ ကိုယ်စီရှိကြသည်ကိုတော့ သူ နားလည်သဘောပေါက်လိုက်၏။

☆☆☆

[၂၄]

"ကိုမှူး"

ခေါ်သံကြောင့် လှည့်ကြည့်တော့ မိကောင်းကို တွေ့ရသည်။

"ဘာလဲ မိကောင်း"

"မမလေးက ပြောခိုင်းလိုက်တယ်၊ ခြံထဲက အလုပ်တွေကို ဦးဘိုးထင် လုပ်လိမ့်မယ်တဲ့၊ ကိုယ့်အလုပ် ကိုယ်လုပ်တဲ့"

"ငါ့ အလုပ်တွေ ပြီးနေပြီပဲဟာ၊ သူပဲ မနေ့က ဇီဇဝါ ပင်စိုက်ချင်လို့ မြေတူးပေးပါဆိုတာနဲ့ တူးပေးနေတဲ့ ဟာ"





www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ရပ်ထားလိုက်တဲ့၊ ရေမိုးချိုးပြီး အသင့်ပြင်ထားပါတဲ့၊ သူ့ သူငယ်ချင်းမကို အိမ်လိုက်ပို့မလို့တဲ့"

"သူ မပို့ဘူးလား"

"မသိဘူး၊ အဲသလို ပြောခိုင်းလို့လာပြောတာ"

မိကောင်း လှည့်ထွက်သွားပြီး ခြေလှမ်းသုံးလေးလှမ်း အရောက်တွင် နောက်ကို ပြန်လှည့်လာပြီး...

"မှပြောခိုင်းတာ တစ်ခုကျန်သေးတယ် ကိုမှူး"

"နင့်စကားပြောရင် ဘယ်တော့မှ တစ်ခါထဲနဲ့ မပြီးပြတ်ဘူး၊ ကဲ ကျန်သေးတာကိုပြောစမ်း"

"စိတ်မဆိုးနဲ့နော်၊ မမလေး ပြောခိုင်းတဲ့ စကားကို ပြောမှာ"

"အေးပါဟာ၊ ပြောလိုက်စမ်းပါ"

"သူတောင်းစားလို ဝတ်မလာနဲ့တဲ့၊ သစ်သစ်လွင်လွင် သပ်သပ်ရပ်ရပ်ကလေး ဝတ်လာတဲ့"

စကားကြောင့် သူရင်ထဲမှာ အောင့်ခနဲ ဖြစ်သွားသော်လည်း စကားမှာထူးခြားမှုရှိနေသည်ကိုတော့ သူသတိပြုမိလိုက်သည်။

ခါတိုင်းကားမောင်းလျှင် သင့်တင့်လျောက်ပတ်စွာသော အဝတ်အစားကို သူဝတ်သည်။ များသောအားဖြင့် ဘဘမောင်ကို နိုင်ငံခြားတုမှ ဧည့်သည်တွေက လက်ဆောင်ပေးသည့် စပို့ရှပ်များကို ဘဘမောင်က သူ့ကိုပေးသဖြင့် စပို့ရှပ်များကိုသာ သူအဝတ်များခဲ့၏။





သည် အဝတ်အစားများအပေါ်မှာ သေးသိမ်သည်လို့ သော့ ဘယ်လိုမှ သတ်မှတ်မရ။ အဝတ်ကောင်းဝတ်တတ်သူ ထိုင်း သူဝတ်ထားသည့် အင်္ကျီ၏ တန်ဖိုးကို ခန့်မှန်းနိုင်ကြသည်။ သည် တန်ဖိုးကို မဟော်လည်း သိထားပါလျက်နှင့် ကြမ်းတမ်းစွာ ပြောလာသည့် စကားကတော့ ဆန်းနေ၏။

"အင်း... သူ့ သူငယ်ချင်းနဲ့ မွေးနေ့ပွဲတစ်ခု သွားမယ် ထင်ပါရဲ့၊ ငါ့ကို ကားမှာ မစောင့်ခိုင်းဘဲ ပွဲသွင်းမယ့် သဘောမို့ ဝတ်နေကျ အဝတ်အစား ဝတ်လာမှာစိုးလို့ပြောတာ ထင်ပါရဲ့"

ဒါက သူ့အတွေး။

သူ့အတွေးနှင့်သူ ရေချိုးပြီး အကောင်းဆုံး ဝတ်စုံ၊ အဆောက်ပဆုံး ဝတ်စုံတစ်စုံကို သူရွေးထုတ်လိုက်သည်။

"ဟင်း... ဟင်း... မဟော် ငါ့ကို လူမှားသွားစေရမယ်"

အကျအန ဝတ်ဆင်ပြီး ပေါ်တီကို အောက်မှာရပ်ထားသည့် ကားဆီလျှောက်ခဲ့သည်။ ကားနားမှာ မဟော်နှင့်သူမ၏ သူငယ်ချင်းမရပ်နေ၏။

သူ့အနားရောက်သည်နှင့် မဟော်ကသူ့ကို ပြုံးတူးပြတဲ ကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အမလေး... ဝတ်စားထားလိုက်တာ ကြည့်ပါဦး
ရွှေဖလားရောင်တိုက်ပုံ၊ အဝါရောင်ဖိုးတွဲလုံချည်
တစ်ကိုယ်လုံး တောက်တောက်ပြောင်ပြောင်ကြီး
နင် ဘယ်မင်္ဂလာဆောင် သွားမလို့လဲ မင်းဆက်ရှု"

"မသွားပါဘူး"

"မသွားဘဲနဲ့ ဘာလို့ တောက်တောက်ပြောင်ပြောင်
တွေ ဝတ်လာရတာလဲ"

"မပော်ပဲ မိတောင်းကို ပြောခိုင်းတယ်လေ၊ သူ
တောင်းစားလို ဝတ်မလာနဲ့လို့"

"ငါ သေသာသေလိုက်ချင်တော့တာပဲ၊ နင်က တစ်ခါ
တစ်လေ စွပ်ကျယ်လက်ပြတ်လောက်ဝတ်ပြီး ကား
မောင်းတတ်လို့ အဲသလို မုံစံဝတ်မလာဖို့ပြောတာ"

"သိဘူးလေဟာ"

"သွား... သွား... သွားမြန်လဲ"

အခြေအနေက မှန်းထားသည့်အတိုင်းမဟုတ်။

မပော်သည်လည်း အမြင်တွက်လျှင် ဝတ်သည် သာ
အဝတ်အစားမျှလောက်သာ ဝတ်ထားသည်။ သာမန်ဆိုသော
လည်း မပော်၏ အင်္ကျီနှင့်ထမီတန်ဖိုးသည် ကျပ်နှစ်သော
အောက်တန်ဖိုးမှာ ဘယ်တော့မှမရှိ။





သူ အပြာနုရောင် စပို့ရှပ်ကို ရွေးဝတ်လိုက်သည်။

လုံချည်ကတော့ ရခိုင်လုံချည် အပြာရင့်ရင့်။

သူ့ကို ကြည့်ပြီး မပော့် မျက်နှာပြုံးရိပ်သမ်းသွား၏။

ဒါကိုလည်း သူ နားလည် သဘောပေါက်ပါသည်။

သည်ဝတ်စုံက ကျန်ခဲ့သည့်လ၊ မပော်၏ မွေးနေ့တုန်းက
ဆောသီရှိခြင်း၏ အလုပ်သမားအားလုံးကို လက်ဆောင်ပေးရာမှ
သူ ရရှိထားသည့် မပော်၏ မွေးနေ့လက်ဆောင်ဖြစ်သည်။

သည် လက်ဆောင်ကို မည်သူ့နှင့်မျှ မပေးခိုင်းဘဲ ထူးထူး
ခြားခြား မပော်ကိုယ်တိုင် သူ့ကို လာပေးခြင်း ဖြစ်ပါ၏။ ပြီးတော့
သူကြည်နူးကျေနပ်ရလောက်သည့် စကားကိုလည်း မပော်က
လက်ဆောင်ပေးရင်း ပြောခဲ့သေး၏။

"အားလုံးထဲမှာ နင့်ကို ဈေးအကြီးဆုံး ဝတ်စုံပေးတာ၊
ရခိုင်လုံချည်ကလည်း အတုမဟုတ်ဘူး အစစ်၊ ရခိုင်
အမျိုးသမီးရောင်းတဲ့ ရခိုင်လုံချည်ဆိုင်က ရခိုင်လုံ
ချည် အစစ်ကိုပေးတာ"

စိတ်လိုလျှင် မပော်သည် ယင်းသို့ သဘောကောင်းတတ်
သူလည်း ဖြစ်ပါသည်။

မပော်က သူ့ကို ကားသော့လှမ်းပေးပြီး ကားနောက်ခန်း
မှာ မပော်နှင့်သူမ၏ သူငယ်ချင်းကဝင်ထိုင်သည်။

"ဘယ်ကို မောင်းရမလဲ မပော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်မြင်တိုင် ဈေးကြီးလမ်းလေ၊ နင်သိတယ် မ
ဟုတ်လား"

သူ ခေါင်းညိတ်ပြ၏။

"ရတနာက ဈေးကြီးလမ်းမှာနေတာ"

အထူး ပြောနေစရာ မလိုတော့။

ရတနာဆိုသည့် ငတိမကို ပြန်ပို့ရမည်။ ပြီးတော့ မယော
ဘယ်သူငယ်ချင်းအိမ် သွားဦးမလဲ၊ ဒါတွေကတော့ မဟော်
အလုပ်။ ဘယ်သူငယ်ချင်းအိမ်မှ မဝင်တော့ဘဲ ပန်းဆိုးတ
ဂျေဒိုးနပ်မှာ တစ်ခုခု ဝင်သောက်တတ်သည့် အကျင့်လည်း
ဟော်မှာ ရှိသည်။

ဂျေဒိုးနပ် ဝင်သောက်လို့ သူ့ကို တကူးတကမျှား ခေါ်သည်
ထင်ပါသလား။

ဝေးပါသေးသည်။

"နင်နဲ့အတူ ဝင်သောက်လို့ ငါ့သူငယ်ချင်းတစ်
ယောက်က မြင်သွားရင် ငါနဲ့နင့်ကို ဘာညာထင်နေ
ဦးမယ်၊ ဒီတော့ နင်ကားပေါ်မှာပဲထိုင်နေ၊ ငါက ဆိုင်
ထဲမှာ အေးအေးဆေးဆေး သောက်ပြီးမှ ပြန်ထွက်
လာမှာ"

ဟု ပြောပြီး သူမတစ်ယောက်ထဲ ဆိုင်ထဲ ဝင်သော
တတ်သည်။





ဈေးကြီးလမ်းရောက်တော့ မဟော်က နှစ်ထပ်တိုက်အိမ်
တစ်လုံးကို လက်ညှိုးညွှန်ပြ၏။ သူ တိုက်ရှေ့မှာ ကားကို ရပ်လိုက်
သည်။

ရတနာက ကားပေါ်မှ ကြော့ကြော့လေးဆင်းပြီး...

"ကျေးဇူးတင်ပါတယ် မဟော်၊ တကယ်ပါ"

"ဘာ တကယ်ပါလဲဟ"

"နေနဲ့လ ရွှေနဲ့မြပါပဲလို့"

မျက်နှာ ရှက်ရဲရဲဖြစ်သွားသော်လည်း မဟော် မျက်နှာမှာ
အပြုံးရိပ်တွေ ဝေသွားသည်ကိုတော့ သူကားနောက်ကြည့်မှန်
ထဲက မြင်သည်။

"ဒီထက်ပိုပြီး နောက်လာရင်တော့ တကယ်ကို စိတ်
ဆိုးမှာ ရတနာ"

"ဟဟ၊ စိတ်ဆိုးမယ့် မျက်နှာက ပြုံးလို့ကြည်လို့"

မဟော်၏ ပါးကို ဖွဖွလိမ်ဆွဲပြီး ရတနာ ပြေးထွက်သွား၏။

သူ ကားကို မောင်းထွက်ခဲ့သည်။

ကြည့်မြင်တိုင်ဘူတာနားသို့ ရောက်သောအခါ မဟော်က
ကားကို ရပ်ခိုင်းသည်။

သူ ဂီယာကိုဖြုတ်ပြီး ဘရိတ်ကို အသာနင်းဖိလိုက်၏။

"ကိစ္စရှိလို့လား မဟော်"

"ငါ ရှေ့ခန်း ပြောင်းထိုင်မလို့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို တံခါးဖွင့်ဆင်းပြီး ရွှေခန်းမှာ ဝင်ထိုင်သည်။ နားမလည်နိုင်စွာ ဖြစ်ရသော်လည်း သူ့ရင်မှာ သိမ့်သိမ့်လေး လှုပ်ခုန်နေသည်ကတော့ အမှန်။

ကားဘီးအလိမ့်မှာ ညနေ၏ လေအေးက ကားထဲသို့ တေနဲ့ ဝင်လာသည်။ အပြာရောင်မိုးသားပြင်အောက်မှာ ညနေခင်းအလှတ သန့်ရှင်းကြည်လင်နေ၏။

"ဘုရားကိုမောင်း"

"မြောက်ဥက္ကလာ မယ်လမုလား၊ ကမ္ဘာအေးလား၊ အနီးဆုံး ကိုးထပ်ကြီးဘုရားလား"

"မင်းဆက်မှူး၊ နှင်ငါနဲ့ တော်တော့ကို ရန်ဖြစ်ချင်နေတယ်ထင်တယ် ဟုတ်လား"

"အကောင်းလည်း မေးရသေးတယ်"

"ရွှေတိဂုံကို သွားမှာ"

"အော်လိုက်တာ"

"နှင်က အော်မှ တန်ကာကျတယ်"

ကားမောင်းရင်း သူပြုံးလိုက်၏။

သည်နေ့ မယော်၏ စကားအသံတွေမှာ ဒေါသမရှိ၊ တားရှေ့ခန်းမှာ သူနှင့်အတူထိုင်ရင်း သူ့ကို မသိမသာ စောင်းငဲ့ကြည့်သည့် အကြည့်တွေကလည်း အေးချမ်းနေသည်ဟု ထင်သည်။

တောင်ဘက်မုခ်မှာ ကားရပ်သည်။





မယော် ကားပေါ်ကဆင်းတော့ သူက မဆင်းဘဲ ကားပေါ်မှာ ထိုင်မြဲထိုင်နေ၏။

"ဆင်းလေ၊ ဘုရားပေါ်တက်မယ်"

"ငါ ကားပေါ်ကပဲ စောင့်နေပါ့မယ်"

"မင်းဆက်မှူး နှင်ဘယ်လို ဖြစ်နေတာလဲ"

"မယော့်အတွက်ပါ"

မယော်က ကြုံ့ထားသည့် မျက်မှောင်ကို မဖြည်၊ သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး...

"ဘာ မယော်အတွက်လဲ"

"မဟုတ်ဘူးလေ၊ ငါနဲ့မယော် ဘုရားပေါ် အတူတက်တော့ မယော့် သူငယ်ချင်းတွေမြင်ရင် မယော်ကို တောင်ထင်မြောက်ထင် ထင်သွားမှာပေါ့"

"သြ... နှင်က ဂျေဒိုးနှပ်မှာ အအေးသောက်တုန်းက ငါပြောခဲ့တဲ့ စကားအပေါ် ကလဲ့စားချေတာပေါ့"

"ဘုရားရဲ့ အရိပ်အောက်မှာ သစ္စာဆိုဝံ့ပါတယ် မယော်၊ ကျေးဇူးရှင် အပေါ် ဂလဲ့စားချေတဲ့ စိတ်မွေးဖို့ မပြောနဲ့၊ အမျက်သိုတဲ့ စိတ်ကိုတောင် တစ်သက် မမွေးပါဘူး"

သူ့ စကားကို နားထောင်ပြီး မယော်က ပင့်သက်ကို ခပ်ဖွဖွ ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... တံခါးကို လော့ခ်ချပြီးပိတ်ခဲ့ မင်းဆက်မှူးရာ
ငါ ဒီနေ့စိတ်ကြည်ကြည် လင်လင်ကလေးနဲ့ ဘုရား
ဝတ်ပြုပါရစေ"

ဖနပ်တွေကို ကားထဲမှာပဲ ထားခဲ့သည်။

ကားပေါ်ကဆင်းတော့ သူ့ရင်တွေ ခုန်နေ၏။

ဓါတ်လှေကားနဲ့ မတက်ချင်ဘူးဆိုသဖြင့် သူနှင့်မဟော်
စောင်းတန်း၏ လှေကားထစ်များကို နင်းဖိတက်ခဲ့ကြသည်။

ဘုရားပေါ်မှာ များစွာသော မျက်လုံးအကြည့်များ
သူနှင့် မဟော်ဆီ ရောက်လာသည်။ ကောင်မလေးတစ်သိုက်
'နှစ်ယောက်စလုံးမိုက်တယ်ကွာ' ဆိုသည့် စကားအပေါ်
မဟော်တော့ မည်သို့ ခံစားရမည်မသိ၊ သူ့မှာတော့ ကြက်သီးမွေး
ညှင်းများထသွားသည်အထိ ခံစားလိုက်ရသည်။

မွေးနံ့ဘုရားမှာ မဟော်က ဘုရားဝတ်ပြုတော့ သူလည်း
မဝံ့မရဲနှင့် မဟော်ဘေးနားကပ်ထိုင်ကာ ဘုရားဝတ်ပြု ဖြစ်သည်
တိုက်ဆိုင်တာတစ်ခုကတော့ မဟော်သည် ကြာသပတေးသ
ဖြစ်ပြီး သူက ကြာသပတေးသားဖြစ်ခြင်းပင်။

မဟော်နှင့်အတူ ရေသပ္ပာယ်ရင်း သူ မဟော်မျက်နှာ
သိုသိုဝှက်ဝှက်လေး ခိုးကြည့်မိသည်။

သည်အချိန်မှာ မဟော်သည် ကေသရီခြံကြီးမှ မဟော်
လုံးဝဆန့်ကျင်ဆုံးပါပဲ။





မျက်နှာမှာ ဘာမာန်မာနမှမရှိ။

မာနနှင့်အစဉ် ထာဝရ တောင်ပြောင်စူးလက်နေသော
မျက်ဝန်းသည် ပကတိ အေးချမ်းမှုနှင့်ကြည်လင်နေသည်။

ရေသပ္ပာယ်၊ ဆီးမီးကပ်လှူပြီး ရင်ပြင်တော် နောက်ဘက်
သရက်ပင်ကြီးအောက်သို့ လျှောက်ခဲ့၏။

သည်နေရာမှာ သူသည် မဟော်၏ ရုပ်သေးရုပ်လေးပါပဲ။
မဟော်က က,ဆိုလျှင် သူကရပါမည်။ မဟော်က ရယ်ဆိုလျှင်
သူ ရယ်ရပါမည်။

မဟော်က အုတ်တံတိုင်းကိုကျော်ပြီး အဝေးဆီသို့ လှမ်း
ကြည့်ရင်း...

"မင်းဆက်မှူး"

"ဘာလဲ မဟော်"

"ငါက သိချင်တာကို ရင်ထဲမှာ မထားတတ်ဘူး"

မဟော်က သူ့နံဘေးမှာ တည်တည်ငြိမ်ငြိမ်ပင် ရပ်သည်။

"ရိုးရိုးသားသား သိချင်တာပါဟာ၊ ငါမေးတဲ့ စကား
အပေါ်မှာ နင်အတွေးမများဖို့တော့ လိုတယ်"

သူက ပြုံးရင်းနှင့်...

"မေးပါ မဟော်"

"နင့်ဘဝမှာ နင်အရမ်းမြတ်နိုးပြီး အရမ်းချစ်တဲ့ မိန်း
ကလေးတစ်ယောက် ရှိတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ခင်နှောင်း မဟော်ကို စကားတွေ ကျွံထားပြီကို သူ ချယ်ချင်းသိလိုက်၏။ သူ အဖြေမပေးရသေးခင်မှာ...

"နင်က နင့်အချစ်တွေကို ရင်ထဲမှာပဲ သိမ်းထားမယ်ဆို၊ နင်ချစ်နေတာကိုလည်း၊ နင်ချစ်တဲ့ကောင်မလေးဘယ်တော့မှ မသိစေရဘူးဆို"

"ဟုတ်ပါတယ် မဟော်"

"အဲဒီ ကောင်မလေးက ဘယ်သူလဲ"

"ငါ မပြောဘူး မဟော်"

"ရှဘီလား"

"စိတ်ကူးထဲမှာတောင် မရှိဘူး"

မဟော် မျက်နှာမှာ ကျေနပ်ပြုံးတစ်ခုကို လှစ်ခနဲ တွေ့လိုက်ရပါ၏။

"ဒါဖြင့် လမ်းထိပ်စတိုးဆိုင်က အသားညိုညိုချောချော ကောင်မလေးကို နင်ချစ်နေတယ်ထင်တယ်"

"အဲဒီဆိုင်မှာ တစ်လနေလို့ ဈေးတစ်ခါဝင် မဝယ်ဖူးပါဘူး မဟော်၊ ကောင်မလေးတစ်ယောက် ဈေးရောင်းတယ် ဆိုတာပဲ သိပါတယ်၊ ညိုသလား၊ ချောသလားဆိုတာကို သတိတောင်မထားမိဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"မပြောဘူး"





"ငါ စိတ်တိုချင်လာပြီနော် မင်းဆက်မှူး"

"ကြိုက်သလို ရိုက်နှက်ပုတ်ခေါင်း လုပ်နိုင်တယ် မဟော်၊ ဒါက ငါ့ရင်ထဲမှာ တစ်သက်တာထာဝရ သိမ်းထားမယ့်အချစ်ပါ၊ ငါ ချစ်တဲ့ ကောင်မလေးကလည်း ငါ သူ့ကို ချစ်နေမှန်း မသိပါဘူး"

"နင် သတ္တိမရှိတာပဲ"

"သတ္တိ မရှိတာထက် သတ္တိ မရှိရက်တာပါ၊ ကိုယ်မြတ်နိုးတဲ့ဝန်းတလေးတစ်ပွင့်ကို အလှကြည့်နေရရင်ပဲ ကျေနပ်လှပါပြီ"

"အလှကြည့်ပြီး ကျေနပ်နေရအောင် အဲဒီ ပန်းကလေးတစ်ပွင့်က အနားမှာရှိလို့လား"

အင်မတန်ကို အဖြေရကျပ်သည့် အမေးစကား။

သူတွေတွေ ငေးငေးဖြစ်နေချိန်မှာ မဟော်က အရယ်ကလေးစွက်ပြီး တကယ် သိလိုစိတ်နှင့် ထပ်မေး၏။

"ခင်နှောင်းလား၊ ခင်နှောင်းက သွယ်သွယ်ချောချောလေးဆိုတော့ နင်စိတ်ဝင်စားနိုင်တယ်"

"မစွပ်စွဲသင့်ပါဘူး မဟော်၊ ခင်နှောင်းတို့ မီကောင်းတို့ မြခင်မတို့ကို ကိုယ့်ရဲ့ ညီမလေးအရင်းချာတွေလိုပဲ ခင်မင်တယ်၊ သံယောဇဉ် ရှိတယ်"

"တဲ့... ဒါဖြင့် ဘယ်သူလဲဆိုတာကို အရိပ်အမြွက်လောက်တော့ပြောဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဓါးပါရင် ငါ့ရင်ဝကိုသာ ထိုးစိုက်လိုက်ပါ မဖော်၊ ငါ ဘယ်တော့မှ မပြောဘူး"

မဖော် ပင့်သက်ရှည်ကြီးကို ခပ်မျှင်းမျှင်း မှုတ်ထုတ်သည်ကို သူသိသည်။

မဖော် မျက်နှာမှာ အတွေးတွေဝေနေသော်လည်း အပြေ တစ်ခုကို အနီးကပ်ဆုံး ရှာဖွေလိုက်မိဟန်တူပါသည်။

ဘုရားပေါ်ကဆင်းတော့ မဖော် သူ့ကို ဘာစကားမှ မပြော။ ကားပေါ်မှာလည်း မဖော် ငြိမ်သက်လွန်းလှသည်။

ကေသရီခြံကို ပြန်ရောက်တော့ ကားပေါ်က အဆင်းမှာ မဖော်၏ ဝေ့တက်လာသော အကြည့်တစ်ခုသည် သူ့ရင်ထဲကို ထာဝရ အေးမြရတော့မည်လားဟု...

စိတ်ကူးနှင့် ရူးနေရင်း မကြာခင်သော ရက်တစ်ခုမှာ သည်လိုမုန်တိုင်းမျိုးဝင်လာမည်ကို သူ ဘယ်တုန်းကမှ တွေးမထားခဲ့ပါချေ။

☆ ☆ ☆



[ ၂၈ ]

မှတ်မှတ်ရရ။

တနင်္ဂနွေနေ့၏ နံနက်ပိုင်း ရှစ်နာရီထိုးခါနီးလောက် အချိန်။

ဘဘမောင်နှင့်ကြီးကြီးမေ ကိစ္စတစ်ခုဖြင့် တိုက်ကြီးသို့ နှစ်ရက်ထောက်တည်းသွားမည်ဖြစ်သဖြင့် ဘဘမောင် ကိုယ်တိုင် မောင်းနှင်သည့်ကားကို စက်ဖုံးဖွင့်၍ စက်အစိတ်အပိုင်းများကို သူ ကြည့်ရှုစစ်ဆေးနေစဉ်မှာ အဝတ်အစား သစ်သစ်လွင်လွင်နှင့် ရှုဘီခြံထဲသို့ အပြေးတလေး ဝင်လာသည်။

သူ့ အနားရောက်သည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်မှူးရယ် ရှုဘီကို ကူညီပါဦး"

"ဘာများလဲ မရှုဘီ"

"လေယာဥ်ကွင်းမှာ သူငယ်ချင်းတစ်ယောက်ကို သွားကြိုချင်လို့ကွာ၊ အန်ကယ်ကလည်း ခရီးထွက်သွားတာ ပြန်မရောက်သေးဘူး၊ ကားမောင်းတဲ့ အဘိုးကြီးကလည်း သူ့မိန်းမ နေမကောင်းလို့ ခွင့်သုံးရက်ယူထားတယ်၊ အဲဒါ ယူကားမောင်းပေးကွာနော်"

"မရှုဘီ ကားမောင်းတတ်တယ်မို့လား"

"မောင်းတတ်ပေမယ့် မာမီက တစ်ယောက်ထဲ မြို့ပြင်ထွက် မောင်းတာကို စိတ်မချဘူး၊ ဒါကြောင့် ယူ့ကို အကူအညီလာတောင်းရတာ"

အားလပ်မှု ရှိနေသော်လည်း ဘဘမောင်နှင့်ကြီးကြီးမေ၏ ခွင့်ပြုချက်မရှိဘဲ သူ ဘာမှ မလုပ်ချင်။ ကူညီချင်သော်လည်း သူသည် ကေသရီ၏ ဆန်ကို စားနေရသူ ဖြစ်ပါသည်။

"သည်လို လုပ်ပါလား မရှုဘီရယ်၊ ကျွန်တော်က ကေသရီခြံကြီးရဲ့ အလုပ်သမားမို့လား၊ ညှော်ခန်းထဲမှာ ဘဘမောင်နဲ့ကြီးကြီးမေ ရှိပါတယ်။ မရှုဘီဝင်ပြီး ခွင့်မန်ပါနော်"

"သူတို့က ခွင့်ပြုပါ့မလား"





"ဘဘမောင်တို့ လင်မယားက အရမ်းသိမ်မွေ့ နူးညံ့ပါတယ်"

"ဒါဆို ယူပါ လိုက်ခဲ့ကွာ"

ရှုဘီက ရဲရဲတင်းတင်းပင် ညှော်ခန်းထဲ ဝင်သည်။

ဘဘမောင်နှင့်ကြီးကြီးမေကိုတွေ့တော့ သူ့ကိုယ်သူ မိတ်ဆက်ပြီး အကူအညီတောင်းသည်။

"ရပါတယ် သမီးရယ်၊ သည်နေ့လည်း မောင်မှူးအားနေတာပါ၊ ကဲ... မောင်မှူး၊ ဒီက သမီးကို ကူညီလိုက်ပါကွာ"

"ကျေးဇူးပါပဲ အန်ကယ်၊ မင်းဆက်မှူးကလည်း အန်ကယ်နဲ့ အန်တီ ခွင့်ပြုရင် ကူညီပါ့မယ်လို့ ပြောပါတယ်၊ ထမင်းစားချိန်လောက် ပြန်ရောက်မှာပါ အန်ကယ်၊ ရှုဘီ သူ့ကို ခေါ်သွားတော့မယ်နော်"

ဘဘမောင်နှင့်ကြီးကြီးမေက ရယ်ရယ်မှုမှုနှင့် ခေါင်းညိတ်သည်။

သူ ရှုဘီနှင့် ညှော်ခန်းက ထွက်မည်အပြုမှာ သူ့အကြည့်က အပေါ်ထပ်တက်သည့် ကျွန်းလှေကားကြီးဆီသို့ ဝေ့ခနဲရောက်သွားသည်။

သူ ရင်ထိတ်ထိတ် တုန်သွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လှေကားရင်းမှာ လက်ကိုင်တန်းကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး သူ့ကို မျက်လုံးစိမ်းစိမ်းကြီးနှင့် ကြည့်နေသည့် မပေါ်။

သည် မျက်လုံးအကြည့်မှာ အမုန်းတရားတွေထက် ဒေါသအင်အားတွေ မည်မျှပါဝင်နေသည်ကို သူ သိပါသည်။

ခေါင်းကို အသာငုံ့ပြီး ရွှေဘီနှင့်အတူ ညှော်ခန်းမှထွက်တော့ နောက်ပါးမှာ 'တောက်' ခေါက်သံ ပြင်းပြင်းကို သူအသေအချာ ကြားလိုက်ရပါ၏။

သည် 'တောက်' ကို မပေါ်က လွှဲပြီး ဘယ်သူကများ ခေါက်မှာ မို့လို့လဲ။

☆ ☆ ☆



[ ၂၉ ]

မွန်းမတည့်မီမှာ ပြန်ရောက်သည်။

သူ့ကားကို ဂိုဒေါင်ထဲအထိ မောင်းသွင်းပေးခဲ့ပြီး ကားသော့ကို ရွှေဘီလက်ထဲအပ်တော့...

"ဟင်... ပြန်တော့မလို့လား"

"ဘာဆက်လုပ်ပေးရဦးမလဲ ရွှေဘီ"

"မဟုတ်ဘူးလေ၊ ထမင်းစားသွားဦးမှပေါ့"

"မစားတော့ပါဘူး မရွှေဘီ"

"ဟယ်... မဟုတ်တာ မင်းဆက်မှုးရယ်၊ မာမီက လည်း ယူ့ကို ဒီမှာ သွားစားစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မရွှေဘီ၊ နောက်တစ်ခါ အကူအညီပေးရတဲ့ အခါကျမှ စားတော့မယ်နော်"

သူ နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

ကေသရီရောက်တော့ ခြံဝင်းတံခါးကို အသာတွန်းဖွင့်ပြီး ခေါင်းကလေး ခပ်ငိုက်ငိုက်ချပြီး လျှောက်အလာ...

ရှေ့မှ ကာဆီးသလို ဖြစ်နေသည့် အရိပ်သဏ္ဌာန် တစ်ခုကြောင့် ငိုက်ထားသည့် ခေါင်းကိုမော့လိုက်သည်။

"ဟင်... မဟော်"

သူမ တုတ်တုတ်မျှ မလှုပ်။

ခါးနှစ်ဖက်ပေါ် လက်ထောက်ပြီး စူးစိုက်နေသည့် မျက်လုံးအကြည့်များမှာ မီးညွန့်မီးလျှံတွေ တက်နေသည်ဟုထင်၏။

"မင်းဆက်မှူး"

"ပြောပါ မဟော်"

"ငါ နင့်ကို သိပ်မုန်းတယ် သိလား"

သူ ခေါင်းကို ငုံ့ပစ်လိုက်သည်။

"ငါ့ ရင်ထဲမှာ ဘယ်လိုမှ လက်မခံနိုင်တဲ့ အလုပ်ကို နင်လုပ်တယ်"

အကြောင်းအရာများသည် ရှုဘီနှင့် ပတ်သက်ပြီကို ချက်ချင်းသိလိုက်၏။ သည်အပေါ်မှာလည်း သူ မဟော်ကို ရှင်းပြစရာမလို။





ဘဘမောင်နှင့်ကြီးကြီးမေ ခွင့်ပြုချက်အပေါ် ဝယ် သူ ဆုံးဆောင်ခဲ့ခြင်းသာ ဖြစ်သည်။

"ငါ နင့်ကို မကြည့်ချင်တော့ဘူး မင်းဆက်မှူး"

"ငါ နားလည်သဘောပေါက်ပါတယ်မဟော်၊ မဟော်က မကြည့်ချင်မှတော့ ကေသရီခြံကြီးမှာ ငါ မနေအပ်တော့ပါဘူး"

မဟော် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တိုက်ထဲသို့ ပြေးဝင်သွားသည်။ သူ တန်းလျားဆီသို့ ခြေလှမ်းကို ရွှေ့လိုက်၏။

တန်းလျားရောက်တော့ သူ့ဝတ်စုံနှစ်စုံ သုံးစုံမျှလောက်သော အညိုရောင်ကျော့ပိုးအိတ်ထဲ ထိုးထည့်လိုက်သည်။

သူ တန်းလျားမှာ ဆင်းမည်အပြုမှာ ခင်နှောင်းအမြေးကလေးရောက်လာ၏။

"ကိုမှူးရယ်၊ ဆုံးဖြတ်ချက်ကို အဲသလိုမချပါနဲ့"

"ငါချတဲ့ ဆုံးဖြတ်ချက် မဟုတ်ပါဘူး၊ မဟော်ချတဲ့ ဆုံးဖြတ်ချက်ပါ၊ မဟော် စိတ်ချမ်းသာဖို့အတွက် ငါ ကေသရီက ခွာရတာပါ"

"မဟုတ်သေးဘူး ကိုမှူး၊ ဘဘမောင်နဲ့ကြီးကြီးမေ ဆုံးဖြတ်ချက် ရှိပါသေးတယ်၊ ဘဘမောင်နဲ့ကြီးကြီးမေကို တွေ့ဆုံပြီးမှ ကိုမှူးသွားသင့်ပါတယ်၊ ဘဘမောင်တို့ရဲ့ဆုံးဖြတ်ချက်ကို ကိုမှူးစောင့်သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းကို အသာခါရမ်းလိုက်သည်။

"တကယ်တန်းကျ ကေသရီခြံမှာ မဟော်ရဲ့ အဆုံးအဖြတ်ကိုပဲ အတည်ယူကြရတာပဲ မဟုတ်လား ခင်နှောင်းရယ်၊ ဘဘမောင်နဲ့ကြီးကြီးမေ ပြန်အလာကို စောင့်ပြီး ဆုံးဖြတ်ချက်ကိုခံယူရင် မဟော် ငါ့ကို သိပ်ပြီး မုန်းတီးရွံရှာသွားမှာပေါ့၊ ခံပြင်း ဒေါသဖြစ်သွားမှာပေါ့၊ မဟော်ရဲ့ အဆုံးအဖြတ်ကို နာခံတာ ငါ မဟော့်ကို..."

သူ စကားကို ဖြတ်တောက်လိုက်သည်။

စကားကို မဆက်ဘဲ ကေသရီ တိုက်ကြီးကို ခပ်တွေတွေကလေး ငေးကြည့်နေမိသည်။

"ပြောလေ ကိုမှူး၊ ကိုမှူး စကားမဆုံးသေးပါဘူး၊ ငါ မဟော့်ကိုဆိုတဲ့ စကားရဲ့နောက်မှာ စကားလုံးတွေ ရှိပါသေးတယ်"

"ခင်နှောင်းရယ်၊ နင် ဒါတွေကို မစဉ်းစားပါနဲ့၊ လောကကြီးမှာ လူတွေဟာ ဖြစ်ချင်သလို ဖြစ်မလာကြပါဘူး၊ ကံစီမံရာကို နာခံကြရတာပါပဲ၊ နင် ငါ့ကို တစ်ခုတော့ ကူညီပါ"

"ပြောလေ ကိုမှူး"





"ငါ ဘဘမောင်နဲ့ကြီးကြီးမေကို စာရေးပေးခဲ့မယ်၊ ထွေထွေထူးထူးရေးမှာတော့ မဟုတ်ပါဘူး၊ ငါ ဘဘနဲ့ကြီးကြီးကို နှုတ်ဆက်ကန်တော့ခဲ့တယ်ဆိုတာလောက်ပါပဲ၊ ဘဘနဲ့ ကြီးကြီး ပြန်လာရင် နင် ပေးပေးနော်"

ခင်နှောင်းက ခေါင်းကိုညိတ်ပြသည်။

သူက ကျောပိုးအိတ်ကို အသာပြန်ချပြီး ဘဘအောင်နှင့် ကြီးကြီးမေအတွက် စာကိုရေးသည်။ ပြီးစာရွက်ကလေးကိုခေါက်ပြီး ခင်နှောင်းလက်ထဲအပ်လိုက်၏။

"ကိုမှူး တောပြန်မှာလားဟင်"

"တောပြန်ရအောင် တောမှာ ငါ့ဆွေငါ့မျိုးတစ်ယောက်မှမရှိတာ၊ ငါ့ မွေးရပ်မြေလည်း မဟုတ်ဘူး"

"ဒါဖြင့် ကိုမှူး ဘယ်သွားမှာလဲဟင်"

"အဲဒီဆုံးဖြတ်ချက်ကို ငါလမ်းပေါ်မှာချမယ် ခင်နှောင်း၊ နင်ငါ့အတွက် မစိုးရိမ်ပါနဲ့ဟာ၊ ဘဝကို ရင်ဆိုင်ရဲတဲ့ ယောကျ်ားတစ်ယောက်ရဲ့ သတ္တိအင်အားတွေ ငါ့မှာ ရှိပါတယ်။"

သူထိုင်ရာမှထပြီး ကျောပိုးအိတ်ကို ပြင်ပြီး လွယ်လိုက်သည်။ တန်းလျား၏လှေကားထစ်များကို နင်းဖိဆင်းချိန်မှာ သူ့နှလုံးသားတွေတစ်စစီ ပဲ့ကြွေနေပြီကို သူသိလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပါးမှ ခင်နှောင်း၏ ရှိုက်သံတစ်ခုက သူ့ထံပါးသို့ လိုက်လာသည်။

ငါးရာနှစ်ဆယ့်ရှစ်၏ ချစ်ခြင်းမေတ္တာ သဘောကို သူ လည်ပါသည်။ ရိုးသားသော သံယောဇဉ်တွယ်တာမှုများ အစ်ကိုတစ်ယောက် ဆုံးရှုံးရပြီဆိုသည့် အတွေးကို ခင်နှော သည် ထိတ်လန့်တုန်လှုပ်စွာ တွေးတောမိပါလိမ့်မည်။

ဇေယသရီခြံ၏ ဝင်းတံခါးကို အသာတွန်းဖွင့်တော့ သူ့ယ တွေ တုန်ခတ်နေသည်။

ဝင်းအပြင်ဘက် ရောက်သောအခါ ဝင်းတံခါးကို ပြန်ပိ ရင်း ဇေယသရီတိုက်ကြီးကို သူ လှမ်းမျှော်ကြည့်ပါသည်။

ခုချိန်မှာ မဟော်သည်သူ့ကို နာကျင်မှုများနှင့် ဆွေး ဆောင်မှာ တက်တခေါက်ခေါက်နှင့် ရှိနေလေမည်လား။

ဒါမှမဟုတ်...

သူမ၏ အိပ်ခန်းထဲမှနေ၍ လိုက်ကာစလေးကို အသာ အပြင်ဘက်ရောက်နေသည့် သူ့ကို မီးဝင်းဝင်းတောက်နေသ မျက်လုံးအကြည့်တွေနှင့် ကြည့်နေမည်လား။

ပျော်ပါ မဟော်...

မဟော် သိပ်မုန်းတယ်ဆိုတဲ့ သူ့ရဲ့ မျက်နှာကို သည်နေ့ ပြီး မဟော်မြင်ရမှာ မဟုတ်တော့ပါဘူး။

☆ ☆ ☆



[ ၃၈ ]

ပါးပြင်ပေါ်မှာ စွတ်စိုနေသည့် ကိုယ့်မျက်ရည်များကိုပင် သအံ့တသြ ဖြစ်နေသည်။

"သမီး မှားသွားပြီထင်ပါတယ် ဖေဖေ"

"မှားတာပေါ့ သမီးရယ်၊ မောင်မှူးကို ဇေယသရီ ခြံကြီး ထဲက နှင်ထုတ်လိုက်တာ သမီးမှာခိုင်လုံတဲ့ အကြောင်း ပြချက်ဘာမှမရှိဘူး"

"သမီးရှုဘီကို အရမ်းမုန်းတယ် ဖေဖေ၊ သမီးမုန်းတဲ့ သူ့ကို မင်းဆက်မှူးက ဘာမှ ကားမောင်းအကူအညီ ပေးစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူစိတ်ဆန္ဒနဲ့ အကူအညီပေးတာမှ မဟုတ်ဘဲ သမီး ရယ်၊ ခွင့်ပြုချက်ကိုလည်း သူကိုယ်တိုင် ဖေဖေနဲ့သမီး မေမေဆီ လာတောင်းရှာတာ မဟုတ်ပါဘူး၊ ရှင် ကိုယ်တိုင်ရောက်လာပြီး အကူအညီတောင်းလို့ ဖေ ဖေ ခွင့်ပြုလိုက်တာပါ"

မေမေကတော့ မဖော်ကို ဘာမှမပြော။

သူမမျက်နှာကိုသာ မျက်လုံးအဝိုင်းသားနှင့် စိုက်ကြည့် သည်။

"မောင်မှူးက ဖေဖေတို့အပေါ် သစ္စာရှိသလို၊ သူတို့ လွှဲပေးထားတဲ့ တာဝန်တွေအပေါ်မှာလဲ သစ္စာကြီး တယ် သမီး၊ ငွေရေးကြေးရေးကအစ ဖေဖေသူ့ကို အမျိုးမျိုးစမ်းသပ်ဖူးတယ်၊ မသမာတဲ့စိတ် နှမ်းစေ့ လောက်တောင် သူ့မှာမရှိဘူး၊ သမီးအပေါ်မှာလည်း ရွယ်တူချင်းမို့ ယယ်ယယ်ကတည်းက နှုတ်ကျိုးပြီး နင်ငါ ပြောတာကလွဲလို့ သမီးအပေါ် ဘယ်လောက် အနူး တာခံသလဲ"

ဒါတွေက သူမသိပြီးသား အကြောင်းအရာတွေ။

ဒီအကြောင်းအရာတွေအပေါ်မှာ သူမ မည်မျှထိခိုက် ကြေကွဲနေရသည်ကို ဖေဖေနှင့်မေမေ ဘယ်လိုမှသိမည်မဟုတ်





တိုက်ကြီးမှ ပြန်ရောက်ရောက်ခြင်းမှာပင် မြို့ထဲသို့ ကိစ္စ တစ်ခုဖြင့်လွှတ်ဖို့ မင်းဆက်မှူးကို မေးသည်။ သူမက သူမ၏ စိတ်လိုက်မာန်ပါ မှားယွင်းမှုများကို ပြောပြတော့ ဖေဖေနှင့်မေမေ ငါးစပ်အဟောင်းသားကြီး ဖြစ်သွားခဲ့ကြသည်။

ညှော်ခန်းဆိုဖါဆက်တီပေါ် ဖေဖေ ခြေပစ်လက်ပစ်ထိုင်ချ လိုက်သည့် မြင်ကွင်းသည်ပင် သူမမျက်လုံးမှ မပျောက်သေး။

မေမေကတော့ "ရက်စက်လိုက်တာ သမီးရယ်" ဟုပြောပြီး နှုတ်ရည်ဝဲရှာသည်။ မင်းဆက်မှူးအပေါ် ဖေဖေနှင့်မေမေ သည် ဤ သံယောဇဉ်ကြီးလိမ့်မည်ဟု သူမ မထင်ခဲ့။

"မောင်မှူး ထွက်သွားတော့ သမီးလိုက်တားဖို့ သင့်ပါ တယ်"

"စဉ်းစားမိပါတယ်ဖေဖေ၊ ကိုယ်က နှင်ထုတ်ပြီး ကိုယ် ကလိုက်မခေါ်တဲ့ မာနက အဲဒီအချိန်မှာ သမီးခေါင်း ထဲကို ဝင်နေတယ်"

"ဖေဖေကားနဲ့ မြို့ပတ်ပြီး ထွက်ရှာလိုက်ဦးမယ်၊ ဖေဖေ စိတ်အရမ်းထိခိုက်သွားတယ် အမှန်ပဲသမီး၊ ဆက်အောင် အသက်ထွက်ခါနီးဆဲဆဲမှာ သူ့သား လေးကို စိတ်မချနိုင်လွန်းလို့ ဖေဖေနဲ့ သမီးမေမေ လက်ကိုဆွဲပြီး မျက်ရည်အရွှဲသားနဲ့ အပ်ခဲ့ရှာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်၊ ခုလို ဖြစ်ရပ်တွေကို တမလွန်ကနေ ဆက်အောင် မြင်ရင် ဘယ်လောက် ထိခိုက်ကြေကွဲရှာမလဲ"

ဖေဖေ့ စကားလုံးများသည် သူမရင်ကို တင်းမခံသာတော့။ မျက်ရည်ဥကြီးများက မျက်ဝန်းမှ ပိုးပိုးပေါက်ပေါက် ကျလာသည်။

မေမေသူမတို့ အုံအားတသင့်ကြည့်နေဆဲမှာ သူမ အပေါ်ထပ်သို့ ပြေးတက်ခဲ့၏။ သည့်နောက် ကားစက်နှိုးသံ၊ ကားမောင်းထွက်သံများကို တစ်ဆက်တည်းကြားရသည်။

ညကိုးနာရီလောက်မှာ ဖေဖေ ပြန်ရောက်လာပြီး ထူးခြားမှုသတင်းကတော့ ဘာမှပါမလာ။ ဖေဖေနှင့်မေမေ ဆိတ်ငြိမ်သက်စွာပင် အိပ်ရာဝင်ကြသည်။

သည်ညပိုင်းမှာ ကေသရီခြံကြီးမှ လူသားအားလုံး စကားနည်းနေကြသည်ဟု မပော်ထင်သည်။

☆ ☆ ☆



[ ၃၁ ]

"ညက တစ်ညလုံး မင်းအိပ်မပျော်ဘူးဆိုတာ ငါသိတယ် မင်းဆက်မှူး"

ဘယ်လူးညာလှိမ့်နှင့် ပင့်သက်တချချ အဖြစ်ကို ရဲစိုးသတိထားမိလိမ့်မည်။

"ငါ့ရင်ထဲမှာ မကောင်းဘူး"

"အဖြစ်အပျက်တလေးတွေကတော့ စိတ်လိုက်မာန်ပါဖြစ်သွားရတဲ့ ကိစ္စကလေးတွေပါ၊ သည်ကိစ္စအပေါ်မှာ မပော်လည်း အရှမ်းခံစားသွားရမှာပါ"

သူ ဘအာမောင်နှင့် ကြီးကြီးမေမျက်နှာကို ပြေးမြင်သည်။ အပေါ် တင်းချည်ထားသည့် သံယောဇဉ်ကြိုးတွေ မည်မျှခိုင်သည်ကိုလည်း သူသိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်ရောက်တော့ လက်ဖက်ရည်ဆိုင်ထဲကို ရဲ့စိုး ဦးဆောင်ဝင်ပြီး အစွန်စားပွဲလေးမှာ ထိုင်လိုက်ကြသည်။

"လက်ဖက်ရည်နှစ်ခွက်၊ ပဲနံပြားနှစ်ပွဲ၊ ကြက်သွန်ကြော်များများထည့်ကွာ"

"ဆီလည်းရွှဲရွှဲပဲ မဟုတ်လား"

"အေး..."

သည်ဆိုင်က ရဲစိုးထိုင်နေကျဆိုင်။

သည်ဆိုင်မှာ သူရဲစိုးနှင့်အတူ သုံးလေးကြိမ်လောက်ထိုင်ဖူးသည်။

ရဲစိုးတို့နေသည့် ရပ်ကွက်က ဆင်းရဲသားရပ်ကွက်ဟု မခေါ် အပ်သော်လည်း လက်လုပ်လက်စား ရပ်ကွက်ကလေး တစ်ခုဖြစ်သည်။ အိမ်ခြေစိပ်ပြီး ကျဉ်းမြောင်းသော်လည်း ကိုယ်ထူကိုယ်ထ စံနစ်ဖြင့် ခင်းထားသည့် ကတ္တရာလမ်းကတော့ ဖြူနေပါ၏။

"မနေ့က မင်း ငါ့ဆီ ရောက်လာတော့ ငါ အံတော်ကို အံ့အားတသင့် ဖြစ်သွားတာ၊ မင်း ပြောတာကိုလည်း အတည်ပေါက်နဲ့ နောက်နေတယ်ပဲထင်တာ"

"ငါ ဘယ်တုန်းက နောက်တတ်ပြောင်တတ်လို့လဲ"

"ဟုတ်တယ်လေ၊ တွေးမိတော့ ငါ အတော်စိတ်မကောင်းဖြစ်သွားတာ၊ ဒါပေမယ့် ညက တို့နှစ်





ယောက် ထိုင်စကားပြောတုန်းက ငါ ပြောသလို မယော်ရဲ့ ရင်ထဲက အကြောင်းအရာတစ်ခုကိုတော့ မင်း စဉ်းစားရမယ်"

လက်ဖက်ရည် နှစ်ခွက်နှင့် ပဲနံပြားနှစ်ပွဲ ရောက်လာသည်။ သူက ဖွန်းငယ်လေးထဲမှ ဆားကို တစ်ဝက်လောက်ဖယ် ထုတ်လိုက်ပြီး ဆီဆမ်းထားသည့် ပဲပြုတ်ကို အသာမွှေလိုက်၏။

"အကြောင်းအရာ... ဘာ အကြောင်းအရာလဲ"

"အချစ်လေ"

"ဟာ... မဟုတ်နိုင်ပါဘူး"

"သည် အသက်သည်အရွယ်ရောက်လာပြီး မင်းညွှတုန်းပါပဲလား မင်းဆက်မှူးရာ၊ မယော်က မင်းကို ချစ်နေတာကွ"

"အခြေအနေခြင်း၊ ဘဝခြင်းကွာခြားပါတယ် ရဲစိုးရာ"

"အဲဒါတွေက တို့သည်ဘက်ခေတ် လူငယ်တွေရဲ့ အချစ်မှာ မရှိတော့ဘူးကွ၊ အများအားဖြင့် ငွေကြေး ချမ်းသာတဲ့ မိဘက ဆင်းသက်လာတဲ့ မိန်းကလေး တွေဟာ အချစ်ကို နှလုံးသားနဲ့ပဲ ဆုံးဖြတ်ကြတယ်၊ ဘဝမှာ မနဥစ္စာ ချို့တဲ့တဲ့ မိန်းကလေးတွေကျတော့ အချစ်ကို ဦးနှောက်နဲ့ ဆုံးဖြတ်ကြတယ်၊ မင်းဆက်မှူး ရာ မိန်းကလေး အကုန်လုံးတော့ မဟုတ်ဘူးပေါ့လေ၊ များသောအားဖြင့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာမှာ ရဲစိုးကတော့ သူထက်သာသည်ဟု အ… ကြည့်ပါသည်။ ဒီကောင် လူပျိုမဖြစ်တဖြစ် အရွယ်တတည်… သုံးလတစ်ကြိမ် ရည်းစားအပြောင်းအလွဲ လုပ်သည်ဟု အ… ပြောဖူး၏။

"မင်း စဉ်းစားကြည့်လေ၊ ရှဘီနဲ့ပတ်သက်ပြီး ဖြစ်လာတဲ့ ဒေါသမှာ မဟော် ဘာကိုမှ မစဉ်းစားတော့ဘူး၊ မင်းနဲ့ရှဘီ ကားတစ်စီးထဲမှာ အတူရှိနေတဲ့ အချိန်တွေမှာ မဟော်ဘယ်လောက် ပေါက်ကွဲမှု ဖြစ်နေမလဲ၊ သည်လို ပေါက်ကွဲနေချိန်မှာ မင်း ပြန်ရောက်လာတယ်၊ အချစ်နဲ့ပတ်သက်တဲ့ ဒေါသတွေကို သူ မထိန်းနိုင်တော့ဘူး၊ ဆက်ပြီး ပေါက်ကွဲပစ်လိုက်တယ်၊ သည်မှာ မဖြစ်သင့်တာတွေ ဖြစ်ကုန်တယ်၊ ခြုံကြည့်ရင် ဒါဟာ မင်းကိုချစ်တဲ့ အချစ်အတွက် ဖြစ်ပေါ်လာတဲ့ အကြောင်းအရာတွေပဲ"

ရဲစိုး စကားတွေက စားနေသည့် စားတော်ပဲထက်ဝင်… စိမ့်နေ၏။

"မင်းကို ငါမေးမယ်၊ အမှန်အကန်ဖြေ"

"မေးလေ၊ ငါ မလိမ်တတ်ပါဘူး"

မျက်နှာကို မျက်လုံးတဝင့်ကြည့်ပြီး ရဲစိုးက လက်ဖက်ရည်ကို တကျိုက်မော့သောက်ပြီးမှ…





"မင်း မဟော့်ကို မချစ်ဘူးလား"

"ချစ်တာပေါ့"

"အားပါး မင်းအဖြေက ကျည်တစ်တောင့်ထက်တောင် မြန်ဆန်နေပါလား မင်းဆက်မှူးရာ"

သူ အနည်းငယ် ရှက်သွားသည်။

သူ့ မျက်နှာမှာ ရှက်ပြုံးကိုကြည့်ပြီး ရဲစိုးက…

"ချစ်တာ ရှက်စရာ မလိုပါဘူးကွာ၊ မင်းနဲ့ပြောတဲ့ ချစ်တာပေါ့ဆိုတဲ့ စကားကို မဟော့်ကို ပြောခဲ့ရင် ခုလို အဖြစ်မျိုး ရောက်မှာကို မဟုတ်ဘူး"

"ချစ်ပေမယ့် ဘယ်လို ဖွင့်ပြောရက်မလဲ ရဲစိုးရာ၊ ငါက ကေသရီခြံရဲ့ အလုပ်သမား၊ မဟော့်ကို ချစ်တယ်လို့ပြောမယ်ဆိုရင်တောင် ဘဘမောင်နဲ့ကြီးကြီးမေမျက်နှာကို ငါ ကြည့်ရတော့မယ်၊ ငါ့အပေါ် အရမ်းကောင်းတဲ့ ကျေးဇူးရှင်တွေကွာ၊ ငါ ချစ်တယ်ပြောလို့ မဟော်က ငါ့အချစ်ကို လက်ခံတယ်ထား၊ ဘဘမောင်နဲ့ကြီးကြီးမေက ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး၊ ဒါကြောင့် မဟော့်ကို ချစ်တဲ့ ငါ့အချစ်တွေကို ရင်ထဲမှာပဲ သိမ်းထားတယ်"

"ဒါက မင်းရဲ့ စိုးရိမ်ပူပန်မှုပါ မင်းဆက်မှူးရာ၊ မင်း အရည်အသွေး မပြည့်ဘူးဆိုတာလည်း ဘဘမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



သိသားပဲဟာ၊ နောက်ပြီး ကေသရီခြံမှာ မပျော်ရဲ့ စိတ်တစ်ခုပါ"

ရဲစိုး စကားတွေက အားတက်ဖွယ်ဖြစ်သော်လည်း အရာရာ အားလုံးသည် ပြီးဆုံးသွားပြီဟု သူထင်သည်။

လက်ဖက်ရည်ဆိုင်မှာ အချိန်အတော်ကြာထိုင်ပြီး သူနှင့် ရဲစိုး ထပြန်ခဲ့သည်။ လမ်းတစ်ဝက် အရောက်မှာသူက...

"ငါ အလုပ်အဆင်မပြေသေးတဲ့အထိတော့ မင်းတို့ အိမ်မှာ နေခွင့်ပြုပါကွာ"

"ဒီစကားကို မင်းငါ့ကို ပြောနေဖို့တောင် မလိုပါဘူး၊ မင်းဆက်မှူးရာ၊ အိမ်ကလေးမှာ ငါနဲ့အမေ နှစ်ယောက်ထဲနေတာပါ။ မင်းဘာကို သွား အားနာရမှာလဲ၊ မင်းအလုပ်ရလည်း ငါတို့ အိမ်မှာနေတော့ ဘာဖြစ်မှာ မို့လို့လဲ"

သူ ရဲစိုး၏ လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားမိသည်။ ရန်ကုန်မြို့ကြီးမှာ သူ အခင်တွယ်ဆုံး သူငယ်ချင်းဆိုလို့ ရဲစိုး တစ်ယောက်သာ ရှိပါ၏။

"အမေက မင်း ငွေငါးသောင်း ထုတ်ပေးတာကို အရမ်းဝမ်းသာနေတာ၊ မင်းပေးတဲ့ငွေကို ရင်းနှီးပြီး အမေက သူမုန့်ဟင်းခါးဆိုင် ကလေးကို ပြန်ဖွင့်တော့မှာ"





"ဟင်... ဒွေးလေးမှုံက မုန့်ဟင်းခါးဆိုင် ထွက်ခဲ့လို့လား"

သူက ရဲစိုး အမေ ဒေါ်သင်းမှုံကို ဒွေးလေးမှုံဟု ခေါ်သည်။

"ထွက်တယ်လေ၊ ငါ ကားပစ္စည်းဆိုင်မှာ အလုပ်စတဝင်တဲ့နေ့မှာပဲ အမေ အရင်းပြုတ်သွားတာ၊ ရတဲ့လခနဲ့ သားအမိနှစ်ယောက် ခြိုးခြိုးခြံခြံ စားရတာပေါ့ကွာ၊ ဒါကြောင့် အမေ့ကို ပေးတဲ့ စားစရိတ်က လိုတာထက် ပိုပါတယ်၊ ဒါကြောင့် အမေ သူမုန့်ဟင်းခါးဆိုင်ကလေး ပြန်ထွက်မယ်ဆိုပြီး တက်ကြွနေတာ၊ ဒါပေမယ့် ငွေကို မင်းအတင်းပေးလို့သာ အမေယူတာ အဲဒီအတွက်တော့ အမေ စိတ်မကောင်းဖြစ်ရှာပါတယ်"

"ဒွေးလေးမှုံကို ပြောပါကွာ၊ ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့လို့ ငါ့မှာ စုထားဆောင်းထားတာ နှစ်သောင်းလောက် ရှိပါသေးတယ်၊ ဒွေးလေးမှုံလိုရင် ယူသုံးပါ"

"အားနာတယ် သူငယ်ချင်း၊ ကိုယ့်ကို အားကိုးပြီးလာတဲ့ သူ့ကို အမေက ဘာအထောက်အပံ့မှ မယူဘဲ ကျွေးမွေးချင်တာ၊ မတတ်သာလွန်းလို့ မင်းပေးတဲ့ ငွေကို အမေ လက်ခံတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒွေးလေးမှုံရဲ့ စေတနာကို နားလည်ပါတယ်"

သည်လိုနှင့် လမ်းထိပ်ပလက်ဖေါင်း နဘေးမှာ ဒွေးလေး
မှုံ၏ မုန့်ဟင်းခါးဆိုင်ကလေးထွက် ဖြစ်သည်။ ရဲစိုးက သွား
ပစ္စည်း အရောင်းဆိုင်ကို နံနက်ရှစ်နာရီအရောက် သွားရ
ဒွေးလေးမှုံ၏ မုန့်ဟင်းခါးဆိုင်က နံနက်ကိုးနာရီလောက်ဆို
ရောင်းသိမ်းသည်။

သည် အလုပ်ရှာရင်း တစ်ဖက်က ဒွေးလေးမှုံကို ကူ
လုပ်ကိုင်ပေးနေရသည်ကိုင် ပျော်နေရတော့၏။

☆ ☆ ☆



# [ ၄၂ ]

မင်းဆက်မှုးကို နှင်ထုတ်လိုက်ပြီး ကတည်းက ဖေဖေက မဟော်ကို ဟုတ်တိပတ်တိ စကားမပြောတော့သော်လည်း မဟော် နေမကောင်းဘူးဆိုသည့်အခါမှာတော့ ဖေဖေ ကိုယ်တိုင် သူမ အခန်းထဲဝင်လာသည်။

"ဒေါက်တာ မင်းသူကလည်း ပြောတယ်၊ သမီးမှာ ထွေထွေထူးထူးရယ်လို့ ဘာရောဂါမှ မရှိဘူးတဲ့၊ အစားအသောက်ကို ဟုတ်တိပတ်တိ မစား၊ ညဘက်လည်း ကောင်းကောင်း မအိပ်တော့ အားနည်းသွားတာပါတဲ့၊ အစားအသောက် ပုံမှန်ပြန်စားပြီး အိပ်ရေးဝဝအိပ်လိုက်ရင် သမီး ကျန်းမာရေး ပုံမှန် အခြေအနေ ပြန်ဖြစ်လာမှာပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အကျိုးအကြောင်း ရှင်းပြသည်။

ဒေါက်တာ မင်းသူက မဟော်တို့၏ မိသားစု ဆရာဝန်။ ဖေဖေနှင့်ရင်းနှီး ခင်မင်ပြီး တေသရီခြံကြီး၏ မိသားစုများ၏ ကျန်းမာရေးကို တာဝန်ယူထားသူလည်း ဖြစ်၏။

"သမီး ရင်ထဲမှာ တစ်ခုခုကို ထိထိခိုက်ခိုက် ကြေကြေကွဲကွဲ ခံစားနေရတယ်ဆိုတာ ဖေဖေ သဘောပေါက်ပါတယ်"

"ရှင်"

"ကိုယ့် ကျန်းမာရေးကိုတော့ အထူးဂရုစိုက်ပါ သမီးရယ်၊ လူကျန်းမာစိတ ချမ်းသာရင် သမီးဘဝမှာ အရာအားလုံး ပြီးပြည့်စုံလာမှာပါ"

ဘာစကားတွေလဲ။

ဖေဖေ့ စကားအဓိပ္ပာယ်တွေကို မဟော် မသိ။

မဟော် ဖေဖေ့မျက်နှာကို စူးစူးစိုက်စိုက်ကလေးကြည့်တော့ ဖေဖေက ခပ်ဟဟကလေးပြုံးသည်။ သည်အပြုံး၏ အနက်အဓိပ္ပာယ်ကိုလည်း မဟော် ဘယ်လိုမှ ရှာမရ။

နေကောင်းအောင်နေနော် သမီးဟုဆိုပြီး ဖေဖေက သူမ၏ နဖူးမှ ဆံစလေးများကို ပွတ်သပ်ကာ အောက်ပြန်ဆင်းသွားသည်။ ဖေဖေ ထွက်သွားပြီး မကြာမီမှာပင် မေမေ ရောက်လာ၏။





မေမေက ကုတင်စောင်းမှာ ဝင်ထိုင်ပြီး မဟော်၏ နဖူးကို လက်နှင့်ဖွဖွကလေးစမ်းသည်။

"အဖျားလည်း မရှိပါဘူး၊ အစားပျက်၊ အအိပ်ပျက် ဖြစ်ပြီး သမီးလေး ချုံးသွားတာပါ"

မေမေ့ အကြည့်တွေ အပေါ်မှာ သူမ ဘာလို့ရှက်နေရတာလဲ၊ နောက်ပြီး မေမေ့အပြုံးကလည်း ဖေဖေအပြုံးလို အနက်အဓိပ္ပာယ် တစ်မျိုးဆောင်နေ၏။

"သမီးဖေဖေလည်း အားတဲ့အချိန်ကို မြို့ကို ပတ်နေတော့တာပဲ"

"လုပ်ငန်း ကိစ္စတွေ နေမှာပါ မေမေ"

"မဟုတ်ဘူး၊ မောင်မှူးကို လျှောက်ရှာနေတာ၊ မောင်မှူး မရှိတာ သူ လက်ရုံးပြုတ်တယ်တဲ့"

မဟော် အသာလေး ငြိမ်နေလိုက်၏။

ခင်နှောင်းကြက်ပေါင်းရည် လာပို့တော့ မေမေ အခန်းထဲက ပြန်ထွက်သွားသည်။

"မမလေး... ကြက်ပေါင်းရည်လေး သောက်လိုက်ဦးနော်၊ ပူပူနွေးနွေးလေး လုပ်ထားတာ"

"ငါ မသောက်ချင်ပါဘူး ဟယ်"

"အဲသလို လုပ်လို့တော့ ဘယ်ရမလဲ မမလေးရဲ့၊ သည့်ထက်အားပြတ်ရင် လဲသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ စားချင်သောက်ချင်စိတ်ကို မရှိဘူး"

"ခင်နှောင်း သိပါတယ်"

"နင်က ဘာသိတာလဲ"

ခင်နှောင်းက ပြုံးရင်းနှင့်...

"ကြက်ပေါင်းရည် တစ်ဝက်လောက်ကုန်အောင် သောက်ရင် ခင်နှောင်း သိတာကို ပြောမယ်"

"နင် ငါ့ကို အကြပ်ကိုင်နေတာလား"

"အကြပ်ကိုင်တာ မဟုတ်ပါဘူး မမလေးရာ၊ ခင်နှောင်းသိချင်တာလည်း ပါပါတယ်၊ မမလေးကို မေးချင်ပေမယ့် မမေးရဲလို့ပါ"

မပော်က စကားကို မတုန့်ပြန်ဘဲ ငြိမ်နေလိုက်သည်။

သည်နေ့ စိတ်ကလည်း နည်းနည်းကြည်လင်သလို ဖြစ်နေ၏။ ဖေဖေနှင့်မေမေတို့၏ စကားတွေအပေါ်မှာ သူမဘာလို့ ကျေနပ်နေရသည်ကိုလည်း စဉ်းစားရခက်လှသည်။

ခင်နှောင်းအထူး စီမံလာသည့် ကြက်ပေါင်းရည်ပန်းကန်ကို အသာမယူပြီး တစ်ဝက်မျှမကအောင် သောက်လိုက်မိ၏။

"မမလေးအတွက် အဟာရဖြစ်အောင် သေသေချာချာ စီမံထားရတာ၊ မမလေး ခုလိုသောက်နိုင်တာ ဝမ်းသာစရာပဲ"

"ကဲ... ပြောတော့"





"ဘာကို ပြောရမှာလဲဟင်"

"ဟဲ့... နင်သိပါတယ်ဆိုတာကိုလေ"

ခင်နှောင်းက ခပ်မှုန်းမှုန်းကလေးရယ်ပြီး သူမ မျက်နှာကို ကြည့်ရင်း...

"မမလေး စိတ်မဆိုးနဲ့နော်၊ မဟုတ်ဘူး ဆိုရင်လည်း ခင်နှောင်းခေါင်းကို အာလူးသီးထအောင် မခေါက်ရဘူး"

"ငါ စိတ်တွေကို ချထားတယ်"

"ဒါဖြင့် ပြောတော့မယ်နော်"

"ပြောပါ"

"မမလေး ကိုမှူးကို လွမ်းပြီးလွမ်းဖျားလွမ်းနာ ကျနေတာမို့လား"

မပော် ခပ်တွေတွေ ဖြစ်သွား၏။

ခါတိုင်းဆိုလျှင် သူမ၏ လက်ခေါက်သည် ခင်နှောင်းခေါင်းပေါ်သို့ အရှိန်ပြင်းပြင်းနှင့် ကျသွားမှာ အမှန်ဖြစ်ပါ၏။

ယခုတော့...

သူမ၏ အကြည့်ငေးတွေက ပြတင်းပေါက်ကို ကျော်ဖြတ်သည်။ ခင်နှောင်းစကားကလည်း နှလုံးသားကို ထိဝင်လာ၏။

သူမ ရင်ထဲက အကြောင်းအရာတွေကို ခင်နှောင်း အပါင် ဖေဖေမေမေတို့ကော သိနေပါပြီလား။



www.burmeseclassic.com

www.burmeseclassic.com



သည် စကားအပေါ်မှာ ငြင်းဆန်ချင်စိတ်တွေ မရှိသည့်အပြင် လည်း မပော်ကိုယ့်ကိုယ်ကို အံ့သြနေသည်။

ပင့်သက်ကို ခပ်လေးလေး ချလိုက်ပြီး...

"ဟုတ်တယ် ခင်နှောင်း"

"ဟယ်... မမလေး ဝန်ခံတယ်"

"ငါ ဝန်ခံပါတယ်၊ ငါ မင်းဆက်မှူးကို အရမ်းလွမ်းတယ်၊ ငါ့ အခန်းထဲကနေ တန်းလျားဘက်ကို လှမ်းကြည့်မိရင် ငါရူးမတတ် ခံစားရတယ် ခင်နှောင်း"

"ဒါဖြင့် မမလေး ကိုမှူးကို ချစ်တယ်ပေါ့"

နှုတ်ကမဖြေဖြစ်သော်လည်း ခေါင်းကိုတော့ ညိတ်မိသည်။

"ရွှေဘီနှင့် သူနှစ်ယောက်အတူ ထွက်သွားချိန်မှာ ငါ ဘယ်လို ခံစားရမယ်ဆိုတာ နင်စဉ်းစားကြည့်လေ"

"အဲဒီလိုဆိုလည်း မမလေးရယ်၊ မရွှေဘီနဲ့ ထွက်သွားတဲ့ အချိန်မှာ ခြံထဲဆင်းလိုက်ပြီး နင် လိုက်မသွားရဘူးလို့ တားလိုက်ပါလား"

"အဲသလို တားရအောင် သူနဲ့ငါနဲ့က သမီးရည်းစားဖြစ်ကြတာမှ မဟုတ်တာ"

"အင်း...ဒါလည်းဟုတ်တာပဲ၊ အဲ ...ဒါပေမယ့် မမလေးက ကိုမှူးကိုချစ်နေတာပဲဟာ၊ မရွှေဘီတို့မပြောင်းလာခင်တတည်းက ကိုမှူးကို ချစ်တယ်လို့ ပြောလိုက်ဖို့ကောင်းတယ်"





"ကောင်မစုတ်ရဲ့ မိန်းကလေးကစပြီး ယောကျ်ားလေးကို ချစ်တယ်လို့ ပြောရမလားဟဲ့"

ခင်နှောင်း ဇက်ကလေးပုသွားပြန်၏။

သူမ ခင်နှောင်းနှင့် စကားပြောရသည်ကို ပျော်ချင်သလိုဖြစ်လာသည်၊ ရင်ထဲက သိုဝှက်ထားမှုတွေ ဖွင့်ဟလိုက်ရသဖြင့်လည်း ရင်မှာပေါ့ပါးသွားသလို ခံစားရ၏။

"မမလေးက မရွှေဘီနဲ့ကိုမှူးကို အထင်လွဲနေတာ၊ ကိုမှူးက မရွှေဘီကို လုံးဝစိတ်မဝင်စားဘူး"

"နင်သိလို့လား"

"သိတာပေါ့... မမလေးရာ၊ ကိုမှူး ချစ်နေတဲ့သူကိုလည်း ခင်နှောင်းသိတာပဲ"

"ဟုတ်လား၊ ပြောစမ်း... ပြောစမ်း၊ မင်းဆက်မှူးက ဘယ်သူကို ချစ်နေတာလဲ"

"မမလေးကို"

"ဟုတ်ရဲ့လားဟယ်"

"သိပ်ဟုတ်တာပေါ့မမလေးရာ၊ ကိုမှူးနဲ့ခင်နှောင်းတို့က အခန်းချင်းကပ်နေတာ၊ ညညဆို ကိုမှူးအိပ်တာမဟုတ်ဘူး မမလေးရဲ့ စာတွေ ထိုင်ရေးနေတာ၊ တစ်ည သူ စာရေးနေတုန်း လမ်းဘက်ကခွေးဟောင်လို့ သူခြံထဲဆင်းသွားတယ်လေ၊ ခင်နှောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



စပ်စုချင်တာနဲ့ သူ့အခန်းထဲ လှစ်ခနဲဝင်ပြီး စာကိုမိုး ဖတ်တာ၊ အမလေး...မမလေးကို သူ ဘယ်လောက် ချစ်ကြောင်း၊ သူ့ရင်ထဲက အချစ်တွေကို သူ့ရင်ထဲ မှာပဲ သိမ်းထားမယ်ဆိုတဲ့ အကြောင်းတွေ ရေးထား လိုက်တာများ ညွှန့်နေတာပဲ"

"နင်က ငါ့ကို အစက ဘာလို့မပြောတာလဲ"

"မပြောဝံ့ပါဘူး၊ မမလေးက ကိုမှူးကိုချစ်တယ်ဆိုတာ ခင်နှောင်းက ခုမှ တရားဝင် သိရတဲ့ဟာ"

ခင်နှောင်းဆီက စကားတွေကြားမှ သူတို့ပိုလို့ သတိရလာ ရပြန်၏။

"ငါသူနဲ့အတူ ဘုရားကို သွားဖူးတယ်၊ ဗိုလ်တထောင် ဆိပ်ကမ်းမှာလည်း ညနေဘက်ဆို လေညှင်းခံထွက် တယ်၊ ငါ့စကားတွေကို ကြောင်းပေးပါတယ် ခင် နှောင်းရယ်၊ ဒါပေမယ့် တစ်ခွန်းမှ မထွက်ခဲ့ဘူး"

"ဒါကတော့ မမလေး စဉ်းစားကြည့်လေ၊ ကိုမှူးက သူမမလေးကို ချစ်နေတာကို ဘယ်လိုဖွင့်ပြောရဲ မှာလဲ၊ အခြေနေချင်းလည်း မတူဘူး၊ ဘဝချင်းလည်း မတူဘူး၊ သားရေပေါ် အိပ် သားရေနားစားတဲ့ အဖြစ် မျိုးကိုတော့ ကိုမှူးက ဘယ် အရောက်ခံမလဲ၊ မမလေးကို သူအသည်းပေါက်လောက်အောင်ချစ်





လည်း ဖွင့်ပြောမှာမဟုတ်ဘူး၊ ကိုမှူး ခင်နှောင်းကို ပြောဖူးတယ်၊ သူ သိပ်ချစ်တဲ့ ကောင်မလေး မသိစေ ရဘူးတဲ့"

စကားတွေကို နားထောင်ရင်း မျက်ရည်များက ပါးပြင်ပေါ် သို့ လိမ့်ကျလာ၏။

ခင်နှောင်းက မပော်၏မျက်ရည်စများကို ခေါင်းအုံးပေါ် က အဖြူရောင်လက်ကိုင်ပဝါနှင့် ထိသုတ်ပေးရင်း...

"စိတ်မကောင်း မဖြစ်ပါနှင့် မမလေးရယ်၊ ကံတရား တွေရှိပါသေးတယ်၊ အချစ်စစ်အချစ်မှန် ကြော်ဖြစ်ခဲ့ ရင် မမလေးနဲ့ကိုမှူး ပြန်ဆုံရမှာပါ"

ဩော်...ပြန်ဆုံရမယ့်ရက်ကို ဘယ်လောက်ကြာကြာထိ စောင့်နေရမှာလဲကွယ်။

သူ ရန်ကုန်မှာဟော ရှိနေသေးလို့လား။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [ ၃၃ ]

ဒွေးလေးမွှံက သူ့ကိုအားနာနေသည်။

ဆိုင်ကူခင်းပေးခြင်း၊ ဆိုင်ကူသိမ်းပေးခြင်း အလုပ်များမှာ သူ့ကို အတန်တန်တားမြစ်သော်လည်း...

"ကျွန်တော် ဒီတာဝန်လေးကိုမှ မယူရင် ဒွေးလေးမွှံတို့ အိမ်မှာ လူပိုတစ်ယောက် ဖြစ်နေမှာပေါ့၊ ဝိုင်းလုပ်ဝိုင်းစားဘဝကို ကျွန်တော်ပျော်တတ်ပါတယ် ဒွေးလေးမွှံ"

"မဟုတ်ပါဘူးကွယ်၊ လူကလေးမှာ တစ်ဖက်ကလည်း အလုပ်ရှာရ၊ ဒွေးလေးရဲ့ အလုပ်တွေကိုလည်း ဝိုင်းလုပ်ရနဲ့၊ ဒွေးလေး မကြည့်ရက်လို့ပါ"





"အလုပ်ရှာတာက ဆယ်နာရီနောင်ပိုင်းမှ ကျွန်တော် အပြင်ကိုထွက်တာပါ ဒွေးလေးရာ၊ ရဲစိုးကလည်းရှစ်နာရီဆို အလုပ်တန်းပြေးရတာ၊ ဆိုင်သိမ်းရင်ဒွေးလေးတစ်ယောက်ထဲ ဖြစ်နေမှာပေါ့၊ နောက်ပြီး ထမင်း တစ်လုတ်ကို သည်အတိုင်းထိုင်မစားတတ်ပါဘူး ဒွေးလေးရာ"

"လူကလေးက ထိုင်စားတာမှမဟုတ်ပဲ၊ ဒွေးလေးတို့ကို ထိုက်ထိုက်တန်တန် ပေးထားတာပဲဟာ"

"ဒွေးလေး အဲဒီလိုသဘောထားရင်တော့ ကျွန်တော် စိတ်ကောင်းမှာမဟုတ်ဘူး"

"ကဲ...ကဲ...ဒွေးလေးဘွာခတ်ပါတယ် လူကလေးရယ်၊ ဒွေးလေးက စေတနာအရင်းခံနဲ့ ပြောတာပါ"

နံနက်စောစောထပြီး ရဲစိုးနှင့်အတူ ဒွေးလေးမွှံကို ဆိုင်ဖွင့်ပေးရသည်ကို သူကြည်နူးသည်။ ပြီးတော့ ရဲစိုးနှင့် လက်ဖက်ရည်ဆိုင်ပြီး အလုပ်ကြောင်းအပါအဝင် တွေ့ရာလေးပါး စကားပြော၊ ရှစ်နာရီဆိုလျှင်တော့ ရဲစိုးဆိုင်ကို တန်းပြေးသည်။

ဒွေးလေးမွှံ၏ မုန့်ဟင်းခါးဆိုင်လေးက အကျိုးဖြစ်ပေးသည်ဟုလည်း ဆိုရပါမည်။ နံနက်ကိုးနာရီဆိုသည်နှင့် မုန့်လက်ကျန် ဟင်းရည်လက်ကျန် မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



အရောင်းသွက်လာသည့်အတွက် နံနက်ပိုင်းတွေမှာ ဒွေးလေးမှုကို သူ ကူညီလုပ်ကိုင်ပေးသည်ကများသည်။ ရံဖန်ရံခါ အကြော်ပြတ်သွားလျှင် တောင်းဆောင့်အကြော်ဖိုမှာ အကြော် ပြေးဝယ်ရသည်ကိုလည်း သူပျော်တတ်လာသည်၊ အခြားဆိုင်လေးတွေလို စားသုံးသူကို ငုတ်တုတ်ကလေးထိုင်ပြီး စောင့်မျှော်ရသည့် အခြေအနေမျိုး မဟုတ်။ ရောင်းရချက်က လတ်ဖင်မလည်။ သည်လိုအခြေအနေမျိုးပေါ်မှာ သူ အားရပီတိဖြစ်ရသည်။ ဒွေးလေးမှုကတော့ ရယ်သလိုမောသလိုနှင့် သူ့ကိုပြော၏။

"အလုပ်အကိုင်တွေ ရှာမနေပါနဲ့ လူကလေးပါနဲ့လူကလေးရယ် တို့တူအရီး နှစ်ယောက်သုံးနှစ်လောက် ဆက်ကိုင်လိုက်ရင် တိုက်ဆောက်နိုင်ပါတယ်"

သူပြုံးလို့သာနေခဲ့၏။

ညနေစောင်းတွေမှာတော့ သူ လမ်းလျှောက်ရင်း ကေသရီခြံကြီး၏ အနီးဝန်းကျင်သို့ရောက်ပါသည်။

ခြံရှေ့တည့်တည့် ဖြတ်မလျှောက်ရဲသော်လည်း နေရာယောင်းကလေးဆိုသည့် အသိကသူ့စိတ်ကို တက်တက်ကြွကြွဖြစ်စေခဲ့သလို၊ မှိုင်းမှိုင်းဝေဝေလည်း ဖြစ်ခဲ့ရပါသည်။

တမြန်နေ့ညနေ နေတော်တော်ကလေး စောင်းသည့်အချိန်မှာ ကေသရီခြံကြီး၏ လမ်းထိပ်မြောင်းအုတ်ဘောင်ပေါ်မှာ ထိုင်နေစဉ် မပေါ်ကိုယ်တိုင်မောင်းလာသည့် ကားကို သူအဝေးက လှမ်းမြင်လိုက်ပါ၏။





အနားမရောက်ခင်မှာ ရေမရှိသည့် မြောင်းထဲသို့ ခုန်ဆင်းပြီး မပေါ် မမြင်အောင် ရှောင်တိမ်းလိုက်ရသည်။

အဲဒီညက လက်ဖက်ရည်ဆိုင်မှာ သူ ရဲဖိုးကြေကွဲစွာ ပြောမြီပါ၏။

"မပေါ်မျက်နှာလေး အရမ်းချောင်ကျနေတယ် ရဲဖိုးရာ၊ ဖီးလိမ်းပြင်ဆင်ထားတာလည်း မရှိဘူး၊ မပေါ်နေမှကောင်းရဲ့လားမသိဘူး"

"မင်းမပေါ်ကို လှုလုံးထွက်ပြလိုက်ဖို့ကောင်းတယ်"

"စားစရာ၊ နေစရာမရှိလို့ မျက်နှာလာပြတယ်ထင်မှာပေါ့ကွာ၊ ငါ့မှာ ငွေမချမ်းသာပေမယ့် မာနတော့ ချမ်းသာပါသေးတယ်"

"မပေါ်က မင်းထင်သလို သုံးသပ်မှာမဟုတ်ပါဘူး၊ မင်းညတိုင်းညတိုင်း ပြောပြတဲ့ စကားတွေအပေါ်မှာ မူတည်ပြီး ငါဗေဒင်တွက်လို့ရပါတယ်"

သူ ခေါင်းခါတော့...

"ဒါဖြင့် မင်းကဘာလို့ မပေါ်တို့လမ်းထိပ်ကို သွားရတာလဲ"

"မပေါ်ကိုလွမ်းလို့ပါ"

"သေလိုက်ကွာ၊ ပြတ်သားတဲ့ဆုံးဖြတ်ချက်လည်း မချရဲဘဲနဲ့၊ ငါ့ဘဝမှာ မိန်းမတစ်ယောက်ကို ရဲရဲတင်းတင်း မချစ်ဝံ့တဲ့ယောကျ်ားကို သောက်မြင်အကပ်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းအမြင်ကပ်တဲ့ စာရင်းထဲမှာ ငါ ပါသွားပြီ"

ရဲစိုးကသူ့ကို မျက်စောင်းထိုးကြည့်၏။ ပြီးဆေးပေါ့လိပ်တို မီးခိုးထောင်းထောင်းထအောင်ဖွာသည်။

ညတော်မိုးချုပ်မှ သူနှင့်ရဲစိုး လက်ဖက်ရည်ဆိုင်မှထပြန် သည်။

အိမ်ရောက်တော့ ထုံးစံအတိုင်း သူတော်တော်နှင့်အိပ်မ ပျော်။

ဩော်...မပော် နေထိုင်မှု ကောင်းရဲ့လား။

☆ ☆ ☆



# [ ၃၄ ]

တစ်ပတ်မှာ နှစ်ရက်လောက်တော့ မပော်က ခင်နှောင်း တို့ခေါ်ပြီး ဈေးသွားပေးသည်။

သည်နေ့လည်း ထီးတန်းဈေးကလေးမှာ သားငါးစုံသည်ဟု ခင်နှောင်းကပြောသဖြင့် ထီးတန်းဈေးကလေးမှာ ဈေးဝယ်သည့် နေ့။

"ကိုမှူးရှိတုန်းက ကြီးမေနဲ့ခင်နှောင်းက ဈေးဝယ်ရင် ဒီကိုပဲလာတာ"

"လမ်းလျှောက်ရတာကျဉ်းကျဉ်းကြပ်ကြပ်နဲ့ဟယ်"

"သည်လိုပဲ တိုးဝှေ့ပြီးဝယ်ရတာ ပျော်စရာတစ်မျိုးဖြစ် တာပေါ့ မမလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ကိုမှူးနဲ့လာရင် ကားကို ငါရပ်တဲ့ နေရာမှာပဲ ရပ်တာပဲလား"

"အဲဒါတော့ တော်တော်ကိုအံ့ဩဖို့ကောင်းတယ် မမလေး တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ကိုမှူးကားရပ်တဲ့ နေရာနဲ့ မမလေးရပ်တဲ့ နေရာတီးတစ်နေရာစာတောင် မကွာဘူး၊ တစ်ထပ်ထဲပဲ"

ရင်မှာ လှုပ်ခတ်သွားကိုတော့ ခင်နှောင်းသိချင်မှသိမည်။ သတိရစိတ်ကို မြိုသိပ်ရင်း ဖေဖေနှင့်မေမေ့ အကြိုက်ဟင်းလျာများကို ဈေးဝယ်ဖြစ်သည်။

ဈေးက ပြန်ထွက်တော့ နံနက်ရှစ်နာရီပင်စွန်းနေပြီ၊ ကိစ္စတော့မရှိ။

သည်နေ့ အစည်းအဝေးရှိသဖြင့် ဖေဖေသည် နံနက်စာတို့ စားသွားလိမ့်မည်မဟုတ်။

ဈေးခြင်းကို ကားနောက်ခန်းမှာထည့်ပြီး ခင်နှောင်းကို သူမနံဘေးမှာ ထိုင်စေသည်။

"မမလေး... ကြည့်မောင်းနော်"

"နင်ကလည်း ငါကားမောင်းရင် ငါ့နံဘေးမှာ ဖန်တစ်ရာတေအောင် လိုက်ဖူးနေတဲ့ဟာကို"

"မမလေးနဲ့ လိုက်စီးတိုင်း ဓါရဏပရိတ်ကို စိတ်ထဲက ရွတ်ရွတ်နေရတာ၊ မမလေးက စိတ်မထင်ရင် ကားကိုအရမ်းမောင်းတာ"





"ဘာဖြစ်လို့လဲ"

"မမလေးကို ကိုမှူးနဲ့ ပေါင်းရစေချင်သေးတာ"

"နင်တို့ကသာ ပြောနေ နင့်ကိုမှူးက ငါ့ကိုသတိတောင်ရမှာမဟုတ်ဘူး၊ နာလည်း နာကျည်းသွားမှာ"

"ကိုမှူးမှာ အဲသလို စိတ်ပုပ်မရှိပါဘူး မမလေးရာ၊ ခုကိစ္စလည်း သူမှာ မမလေးက နှစ်ထုတ်လို့ မမလေး စိတ်ချမ်းသာအောင် ထွက်သွားရရှာတာပါ"

"တော်ပါတော့ဟာယ်၊ ငါ့ငိုချင်လာပြီ"

ဂီယာကို ဖရီးလိုင်းမှာထားပြီး ကားသော့ကို အသာလှည့်လိုက်သည်။ ရှေ့အိမ်နှင့် နှလုံးသားဖတ်သက်မှုမရှိမှန်း သိပါရက်နှင့် သူမ၏ စိတ်ခံစားမှု ပေါက်ကွဲမှုသည် ဘဝတစ်ခုကို ဖျက်ဆီးသလိုများ ဖြစ်နေရော့လား။

ပင့်သက်ကို ဖွဖွကလေးမှုတ်ထုတ်ပြီး အတွေးများကို ချောက်ဖျက်ပစ်ရသည်။ ကံကြမ္မာသည် ဘယ်အတိုင်းတာထိများ နှိပ်စက်နေဦးမှာလဲ။

ကားကို ဗားဂရာလမ်းမကြီးအတိုင်း မောင်းလာပြီး ကျွန်းတောလမ်းမကြီးပေါ် ချိုးကွေ့သည်။ သည် လမ်းကြောက သူမ သွားနေကျပြန်နေကျ လမ်းကြော။ တစ်ခါတစ်ရံတွင် မြန်မာ့အသံ အိပ်ယာဝင်ပြီး သူငယ်ချင်းများနှင့်လည်း စိတ်ပြေလက်ပျောက် စကားပြောတတ်သေးသည်။ ကားကိုမှန်မှန်မောင်းရင်း ကျွန်းတောလမ်းက်ာ ထက်အလွန်ရောက်တော့ မတော်က...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ရှေ့နားဗန်ဒါပင်အောက်က မုန့်ဟင်းခါးဆိုင်လေးကို နင်မြင်လားခင်နှောင်း"

"မြင်တယ် မမလေး"

"ငါ စမ်းချောင်းက သူငယ်ချင်းအိမ်က ပြန်လာတိုင်း သည်လမ်းအတိုင်းတက်တာ၊ အဲဒီ ဗန်ဒါပင်အောက်က မုန့်ဟင်းခါးဆိုင်ကလေးက လူပြတ်တယ်ကို မရှိဘူး"

"ကောင်းလို့ နေမှာပေါ့"

"ဝင်စားကြည့်ရအောင်"

"မမလေးကလည်း မုန့်ဟင်းခါးဆို အသေအလဲပဲ၊ ရန်ကုန်တစ်မြို့လုံးမှာ မမလေး မစားဘူးတဲ့ ဆိုင်ရှိသေးလို့လား"

"ဟဲ့... ဝင်စားတဲ့ ဆိုင်တိုင်း ကောင်းတာတော့ မဟုတ်ဘူးပေါ့၊ ကောင်းတဲ့ဆိုင်ဆိုရင် မှတ်ထားပြီး လာလာ စားရတာပေါ့"

မပော်က ဆိုင်ရှေ့မှာ ကားကို အသားထိုးရပ်လိုက်သည်။ ခင်နှောင်းနှင့်အတူ ကားပေါ်မှဆင်းပြီး မုန့်ဟင်းခါးဆိုင်ရှေ့မှာရပ်မိတော့ ...

"ထိုင် သမီး၊ ထိုင်... ထိုင်"

မုန့်ဟင်းခါးရောင်းသည့် အဒေါ်ကြီးက လွတ်နေသည့် ခွေးခြေထိုင်ခုံလေးနှစ်ခုကို မေးဆတ်ပြသည်။





ဆိုင်မှာ လူရှင်းနေသည်ကို ဆိုသော်လည်း သုံးလေးယောက်လောက်ကတော့ ရှိနေသေး၏။

"သမီးတို့ဘာကြော်နဲ့စားကြမလဲ၊ ပဲကြော်၊ ဘဲဥ၊ ငါးဖယ်"

"ဘူးသီးကြော်နဲ့နှစ်ပွဲခေါ် ခေါ်"

"အယ်၊ ဘူးသီးကြော်က ခုလေးတင်ပြတ်သွားတယ်၊ သမီးရယ်၊ ခဏလေး စောင့်ပါလား၊ ခုတင် လူကလေး အကြော်ဖိုမှာ သွားယူတယ်"

ခင်နှောင်းက မပော့်မျက်နှာကို လှမ်းကြည့်သည်။ အကြော်ကို စောင့်စားဖို့ဆိုတာကတော့ ဘယ်လိုမှ မဖြစ်။ သူ့ လူကလေးက ဘယ်တော့ ပြန်လာမယ်မှန်းမသိ။

"အဲ. . . ဘဲဥနဲ့ငါးဖယ်ပဲထည့်တော့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ့်လူကလေးက ချက်ချင်းပြန်ရောက်မှာမှ မဟုတ်တာ"

"အကြော် မစောင့်ရရင်တော့ လူကလေးက မြန်ပါတယ်"

"သမီးတို့က ကိစ္စရှိသေးလို့ပါ"

"ရပါတယ်၊ ရပါတယ်၊ သမီးတို့နှစ်ယောက်ကို ကြည့်ရတာ မျက်နှာစိမ်းလေးတွေပဲ၊ ဒွေးလေး မုန့်ဟင်းခါးကို စားဖူးမယ် မထင်ဘူး၊ စားကြည့်နော်၊ ကောင်းရင်တော့ လမ်းကြုံတိုင်း အားပေးကြပေါ့ သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက စကားတွေ ရွှန်းရွှန်းဝေနေ၏။ မုန့်ပွဲနှစ်ပွဲ ဖြင်ပေးရင်း အဒေါ်ကြီး၏ အကြည့်တွေကလည်း လမ်းတစ်ဖက် ခြမ်းသို့ ရောက်ရောက်သွားသည်။

"အင်း...အကြော်စောင့်နေရတယ်ထင်တယ်၊ လူက လေးသွားတာနဲ့တောင် ကြာပြီ"

သည်စကားတွေအပေါ်မှာ မယော်တို့ စိတ်မဝင်စား။ ဒေါ်ကြီး ကမ်းပေးသည့် မုန့်ပန်းကန်ကို လှမ်းယူပြီး ဖွန်းနှင့်မွှေလိုက်သည်။ ခင်နှောင်းက အရင်စားကြည့်ပြီး...

"မဆိုးဘူး မမလေး"

"ဒါဖြင့် တစ်ယောက်နှစ်ပွဲစီလောက် ကြိတ်လိုက်ရအောင်"

"အိမ်ပြန်ရောက်လို့ ဗိုက်နာရင် ခင်နှောင်းအဖြစ် မဟုတ်ဘူးနော်"

"နင်ကလည်း ဗိုက်နာရအောင် ကလေးမှ မဟုတ်တာ၊ ငရုပ်သီးမှုန့်တွေသာ နင်းကန်ထည့်မစားနဲ့၊ ဘယ်တော့မှ ဗိုက်မနာဘူး"

မုန့်ဟင်းခါးနှစ်ပွဲစားပြီး ငွေရှင်းပေးသည်ထိ အဒေါ်ကြီး၏ အကြော်သွားယူသည့် လူကလေးဆိုသည့် ပုဂ္ဂိုလ်လေးပေါ်မလာ ဒါကို ခင်နှောင်းက နောက်ဖြစ်သေး၏။



"ကြီးဒေါ်ရဲ့ လူကလေး ဘူးသီးကြော်ယူပြီး ပြန်အလာကိုစောင့်ပြီး စားရရင်တော့ သမီးတို့ ညနေလောက်မှ အိမ်ပြန်ရောက်မယ်"

"ဟုတ်ပါရဲ့ သမီးရယ်၊ လူကလေးတစ်ခါမှ သည်လို မကြာပါဘူး၊ စေတ္တ အကြော်ကြော်နေတာကို စောင့်နေရတယ်ထင်တယ်"

"မိုးပြီး ဝယ်ထားပေါ့ ကြီးဒေါ်ရဲ့"

"ဝယ်တာပေါ့ကွယ်၊ ဆိုင်ဖွင့်ပြီးဆယ့်ငါးမိနစ်လောက် ဆို လူက တအားကျတာ"

ခင်နှောင်း လက်ကိုဆွဲပြီး ခေါ်ရသည်။

ခင်နှောင်းက စကားအစရလျှင် ဘယ်တော့မှ အဆုံးမသတ်ချင်။

ကားပေါ်ရောက်မှ ခင်နှောင်းတို့ ဆူရ၏။

"နင့်တို့ စကားမရှိ စကားရှာတယ်"

"မဟုတ်ပါဘူး၊ အဖွားကြီးရဲ့ လူကလေး၊ လူကလေး ဆိုတာကို နားမှာ ထော်လော်ကန့်လန့် ဖြစ်နေလို့"

"သူ့သားကို သူ ခေါ်တာနေမှာပေါ့ဟဲ့၊ နင့် နားမှာ ဘာထော်လော် ကန့်လန့်ဖြစ်စရာ အကြောင်းရှိလို့လဲ"

ခင်နှောင်း ငြိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟော်က ကားကို စက်နှိုးပြီး မောင်းထွက်ခဲ့၏။

"အဖွားကြီးက ဟင်းချက်ကောင်းတယ်နော် မမလေး"

ဟံသာဝတီ အဝိုင်းကြီးကို တွေ့အပတ်မှာ ခင်နှောင်း... ပြောသည်။

"မဆိုးပါဘူး၊ မုန့်ဟင်းခါးမှာ အဓိကက ဟင်းရည်ပဲ"

"နက်ဖြန်ထပ်လာ စားရအောင်"

"ကြုံမှ စားပါတယ်၊ တကူးတကကြီးတော့ မလာနိုင်ပါဘူး"

နောက်ဖက်မှ ကားတစ်စီး ဟွန်းသံပေးပြီးကျော်တ... သွားသည်။ လှည့်ကြည့်တော့ ရှဘီဖြစ်နေ၏။

မဟော် 'ထက်' ကို ခပ်ပြင်းပြင်း ခေါက်ပစ်လိုက်သည်...

☆ ☆ ☆



[ ၃၅ ]

ပလပ်စတစ်အိတ်နှင့် ထည့်လာသည့် ဘူးသီးကြော်များကို အကြော်ဗန်းထဲ သွန်ထည့်လိုက်သည်။

"အကြော် ကြော်တာကို လူကလေး ထိုင်စောင့်နေရတယ်ထင်တယ်"

"ဟုတ်တယ် ဒွေးလေးမှုံ၊ ကိုယ့်ရှေ့မှာလည်း နှစ်ယောက်လောက်က စောင့်နေသေးတာ၊ ဒါကြောင့်ကြာသွားတာ"

ဒွေးလေးမှုံကတော့ တပြုံးပြုံး။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမလေးနှစ်ယောက်လေ၊ ဘူးသီးကြော်နဲ့ စားချင်လို့ဆိုပြီး လည်တဆန့်ဆန့်လုပ်သေးတယ်"

"တစ်ခြား အကြော်တွေ ရှိရက်သားနဲ့"

"ဘူးသီးကြော်ကြိုက်တဲ့ လူက မုန့်ဟင်းခါးဆို ဘူးသီးကြော် နှစ်ခုလောက်ညှပ်ထည့်မှ အာသာပြေ တတ်ကြတာ လူကလေးရဲ့"

ဒါတွေကတော့ ဒွေးလေးမှု၏ မုန့်ဟင်းခါးဆိုင်မှ ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝ။ ဟင်းရည်အပိုတောင်းသောက်လျှင် ငှက်ပျောအူဖတ်ပါမှ ကြိုက်တဲ့လူ၊ ကြက်သွန်ဥ ထည့်ပေးမှ ကျေနပ်သူ၊ စရိုက် အမျိုးမျိုးကို သူ ဒွေးလေးမှုကို ကူညီလုပ်ကိုင်ပေးရင်း သိလာရသည်။

ထုံးစံအတိုင်း နံနက်ကိုးနာရီစွန်းစွန်းလောက်မှာ မုန့်ကောဟင်းရည်ကော ပြတ်သွားသဖြင့် ဆိုင်သိမ်းသည်။

ဒွေးလေးမှုကို ဆိုင်ကူသိမ်းပေးပြီး ရေပုံးနှင့်ရေဇလုံတို့ဆွဲ၍ အိမ်အပြန်မှာ နောက်ပါးမှ ရဲစိုး၏ အော်ခေါ်သံကို ကြားသဖြင့် ခြေလှမ်းကို ရပ်လိုက်သည်။

"မင်းကွာ၊ ခေါ်မကြား၊ အော်မကြားနဲ့"

"ငါက ငါ့စိတ်ကူးနဲ့ငါလျှောက်လာတာ"

"မပော် အကြောင်းမို့လား"

သူနှလုံးသားကိုစွဆိုလျှင် ရဲစိုးက အကုန်လုံးလိုလို ထိုးထွင်းမြင်နေ၏။





"မပော်က ငါ့ကို အမြဲတမ်း စိုးမိုးနေတယ်"

"စိုးမိုးတာတွေ မစိုးမိုးတာတွေ အသာထား မင်းအလုပ် ကိစ္စအတွက် ငါ ပြန်ပြေးလာရတာ"

"အလုပ်ကိစ္စ ဟုတ်လား"

ရင်ထဲမှာ သိမ့်သိမ့်ကလေး ဖြစ်သွားရသည်။

သူ အလုပ်ရှာဖွေနေသည်မှာ ဘယ်လောက်ကြာသွားပြီလဲ၊ ဆိုတယ်ကြီးတွေ၏ ဂိတ်စောင့်အလုပ်ပင်လျှင် အဆက်အသွယ်မရှိ၍ လွယ်ကူခြင်းမရှိ။

"အိမ်ရောက်ရင် ရေအမြန်ချိုး မင်းဆက်မှုး၊ ပြီးတော့ အဝတ်အစားလဲပြီး ငါနဲ့တစ်ခါထဲလိုက်ခဲ့"

ရေပုံးအလွတ်နှင့်တောင်းကို ကူဆွဲပြေးပြီး ရဲစိုး အိမ်ထိ လိုက်လာသည်။ သူ ရေမိုးချိုးနေတုန်းမှာ ဒွေးလေးမှု ရောက်လာ၏၊ ရဲစိုးက သူ့အမေကို အကျိုးအကြောင်း ပြောပြသည်။

သူနှင့်ရဲစိုးအိမ်က ထွက်တော့ ဒွေးလေးမှုက ဆုတွေဘာတွေ တောင်းပေး၏။

"လူကလေးအဆင်ပြေပါစေကွယ်၊ အကြင်နာတရားရှိတဲ့ အလုပ်ရှင်နဲ့ တွေ့ဆုံပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ"

လမ်းပေါ်ရောက်တော့ ဘာအလုပ်လဲဟု သူရဲစိုးကို မေးရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ပတ်သက်ပြီး သိတာတော့မဟုတ်ဘူး၊ ငါ့အလုပ်ရှင်နဲ့ အဲဒီက မန်နေဂျာ အန်ကယ်ကြီးနဲ့က အရမ်းရင်းနှီးတာ၊ ပစ္စည်းဖြန့်ဖြူးရေးတွေပြောရင်း သူတို့ကုမ္ပဏီအတွက် လူလိုတယ်ဆိုတာကြားလို့ ငါ့အလုပ်ရှင်က မင်းအတွက် ပြောပေးတာ"

ရဲစိုး၏ အလုပ်ရှင် ဦးလေးထွန်းနဲ့သူက ရဲစိုးနှင့် ပတ်သက်ပြီး မျက်မှန်းတန်းမိသည်။ ရင်းနှီးမှု ရှိသည်။ အလုပ်ပေါ်သည်နှင့် သူ့ကို သတိရဟန်တူပါ၏။

"ကုမ္ပဏီ နာမည်က ပြည့်ဖြိုးအောင်တဲ့၊ နိုင်ငံခြားဆေး ပစ္စည်းတွေသွင်းပြီး ဖြန့်ဖြူးတာ၊ မင်းယူရမယ့်တာဝန်က ကြီးကြပ်ဖြန့်ဖြူးရေးပေါ့ကွာ၊ သူတို့ကကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တဲ့သူကိုဦးစားပေးမယ်၊ လုပ်ငန်းခွင်မှာ နေနိုင်ရမယ်ဆိုတော့မင်းနဲ့ အရမ်း အံဝင်ဂွင်ကျ ဖြစ်တာပေါ့၊ ဦးလေးထွန်းက မင်းဆက်မှုကို သွားခေါ်စမ်းဆိုလို့ ငါမှာ အပြေးကလေးလာရတ"

ဆိုင်ရောက်တော့ ပြည့်ဖြိုးအောင် ကုမ္ပဏီ၏ မန်နေဂျာဆိုသည့် ပုဂ္ဂိုလ်ကြီးပါ အဆင့်သင့် ရှိနေသည်။

သူ့ကို လိုအပ်သည်များကို ထိုပုဂ္ဂိုလ်ကြီးကပင် မေးမြန်းပြီးလိုလိုလားလားပင် အလုပ်ခန့်ပါသည်။





လခက သုံးသောင်းတဲ့။

နံနက်စာနဲ့ညစာကို ကုမ္ပဏီက ကျွေးမည်တဲ့။

သူ့ရင်မှာ သိမ့်သိမ့်ကလေး ခုန်လှုပ်သွားရပါသည်။

နေစရာ၊ စားစရာ၊ လခ၊ မန်နေဂျာကြီး၏ အမည်ကို သိရချိန်မှာ သူပို၍ လေးစားကြည်ညိုသွားရပါ၏။

ဦးရန်ကြီးအောင်တဲ့။

သူကတော့ 'အန်ကယ်အောင်' ဟု ခေါ်ပါသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၃၆ ]

ကုမ္ပဏီရုံးခန်း၏ ထပ်ခိုးအခန်းလေးမှာ နေခွင့်ပြုသည် ဆိုကတည်းက သူ့ဘဝ နေရေးစားရေးကအစ အဆင်ပြေသွားပြီကို သူသိလိုက်၏။

အလုပ်မဝင်ခင် တစ်နေ့မှာ အန်ကယ်ဦးရန်ကြီးအောင်က နေရာနှင့်တာဝန်များကို ပြသပေးသည်။ ရုံးခန်းမှ ညအိပ်ညနေ နေနိုင်သူကို ဦးစားပေးသည်ဆိုသည်ကလည်း ကုမ္ပဏီတွင် အရေးကြီးလျှင် ကြီးသလို ကားများကို အဆင်သင့် မောင်းနှင်နိုင်ရန် တာဝန်လည်းပါဝင်သည်။





သူ ကုမ္ပဏီသို့ ပြောင်းရွှေ့မည့်နေ့မှာ ဒွေးလေးမှုံက မျက်ရည် စမ်းစမ်းကလေးနှင့် ဖြစ်ရှာသည်။

"ဒီအိမ်ကနေ အလုပ်ဆင်းလို့ မဖြစ်ဘူးလား လူကလေးရယ်"

"တာဝန်က အသင့်အနေအထားမှာရှိရမယ်ဆိုတော့ ဟိုမှာ လိုက်နေရတာက သူတို့ အတွက်လည်း အဆင်ပြေတယ်၊ ကျွန်တော့်အတွက်လည်း အဆင်ပြေတာပေါ့ ဒွေးလေးမှုံရယ်"

"ဒွေးလေးတို့ဆီ မကြာမကြာတော့ လာလည်ပါကွယ်"

"အမြဲလိုလို ရောက်နေမှာပါ ဒွေးလေးမှုံရ"

သူ ကျောပိုးအိတ်ထဲသို့ အဝတ်အစားများ ထိုးထည့်နေချိန်မှာ ဒွေးလေးက အခန်းလေးထဲ ဝင်သွားသည်။ ပြန်ထွက်လာသောအခါ သတင်းစာစက္ကူနှင့်ထုပ်ထားသည့် အထုပ်ကလေး တစ်ထုပ်ပါလာ၏။ သူ့ကို လှမ်းပေးတော့...

"ဘာလဲ ဒွေးလေး"

"လူလေး ပေးထားတဲ့ အရင်းအနှီးငွေ ပြန်ပေးတာပါ၊ ဒွေးလေး မုန့်တင်းခါးရောင်းလို့ရတဲ့ အမြတ်တွေထဲက စုထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... မဟုတ်တာ ဒွေးလေးရယ်၊ ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေက ဒီငွေကြေးထက် မကပါဘူး ခင်ဗျာ"

ရဲစိုးက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး...

"အမေက မင်းအတွက် သူ့အမြတ်ငွေလေးတွေထဲက စုစုထားတာပါ၊ မင်းလက်ခံပါ"

"ရဲစိုး... မင်း ငါ့ကို စိတ်ထိခိုက်အောင် မလုပ်ပါနဲ့ကွာ၊ ငါဘဝသစ်တစ်ခုထဲကို စိတ်လက်ရွှင်ပျပျနဲ့ သွားပါရစေ၊ ဒီငွေတွေကို ငါလက်နဲ့ယူမှ မင်းစိတ်ကျေနပ်မယ်ဆိုရင် ယူမယ်ကွာ၊ ဒါပေမယ့် ငါ ဒွေးလေးကို ပြန်ကန်တော့ခဲ့တယ်"

ငွေစက္ကူထုပ်ကို လှမ်းယူပြီး ဒွေးလေးရှေ့မှာ ပြန်ချသည်။ ဒွေးလေးကို သူ ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါ၏။

"အမေ ဆုပေးလိုက်လေ"

ရဲစိုးက ဝင်ပြောသည်။

"အမေ့ ရင်ထဲမှာ ဆို့နင့်နေတယ် သားရယ်၊ လူကလေးအတွက် ပေးချင်တဲ့ဆုတွေ အမေ့ရင်နဲ့မဆန့်အောင် ရှိနေပါတယ်"

ဒွေးလေးက သူ့နဖူးကို လက်ဝါးနှင့်ပွတ်သပ်ပြီး...





"လူကလေးဘဝ အေးချမ်းပါစေ၊ ငြိမ်းချမ်းပါစေကွယ်၊ ဘေးဒုက္ခအန္တရာယ် အပေါင်း ကင်းဝေးပါစေ၊ လူကလေးကို ဘုရားရှင်နဲ့ နတ်ကောင်းနတ်မြတ်များ စောင့်မကြည့်ရှုတော်မူပါ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ"

သူ သုံးထစ်မျှသာရှိသော လှေကားထစ်လေးကို နင်းဖိဆင်းခဲ့သည်။

ရဲစိုးက လမ်းထိပ်ထိ လိုက်ပို့၏။

အဝေးမှ ပြေးလာသည့် အငှားကားတစ်စီးကို သူ လက်ယပ်တားလိုက်သည်။

ဘဝသစ်တစ်ခုကို သူ စရမြန်းပါပြီ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [ ၃၇ ]

"တို့ ပြည့်ဖြိုးအောင်ကုမ္ပဏီရဲ့ သူဌေးမကြီး နာမည်က ဒေါ်ခင်မင်းသက်တဲ့၊ အဲဒီနာမည်ကို မင်းမှတ်ထား ရမယ်၊ ဒေါ်ခင်မင်းသက်က အလုပ်သမားတွေနဲ့ ဘယ်တော့မှ ရောရောနှောနှော ရင်းရင်းနှီးနှီး မနေဘူး။ အဲသလို မနေလို့ မာနကြီးတယ်လို့ မထင်နဲ့၊ သူ့စိတ်က တည်ငြိမ်တယ်၊ ထက်တယ်၊ စကားကို အပိုမပြောဘူး၊ စည်းကမ်းနဲ့ပတ်သက်ရင် တိကျပြတ်သားသလို အပေးအကမ်းမှာလည်း ရက်ရောတယ်၊ အမိကာ ကတော့ လုပ်ငန်းနဲ့ ပတ်သက်ရင် အတိမ်းအစောင်းမခံဘူး၊ လုပ်ငန်းတစ်ခုလုံးကို ငါတာဝန်ယူထားပေမယ့် အုပ်ချုပ် ကြိုးကိုင်တာကတော့ ဒေါ်ခင်မင်းသက်ပဲ"





အန်ကယ် ရန်ကြီးအောင်က ရှင်းပြသည်။

ယခု သူအလုပ်ဝင်တာ တစ်လလောက်ရှိပါပြီ။ ကုမ္ပဏီပိုင်ရှင် သူဌေးမကြီးကို တစ်ခါမျှပင် မမြင်ဘူးသေး။

မမြင်ဘူးတာကလည်း သဘာဝကျပါသည်။

တစ်နေ့တစ်နေ့ ဖြန့်ဖြူးရေးကိစ္စတွေကို သူနှင့်အလုပ်သမားလေးနှစ်ယောက်က တာဝန်ယူနေရ၏။

ဆေးပစ္စည်း ဖြန့်ဖြူးရေးကိစ္စတွေမှာ အန်ကယ်ရန်ကြီးအောင်ကတော့ သူ့ကို ယုံကြည်၏၊ စိတ်ချ၏။ ရုံးဖန်ရံခါတွင် ဆေးများ လိုက်ပို့လျှင် ဒရိုင်ဘာက ခွင့်ယူသည့်အခါ ကားကို သူကိုယ်တိုင် မောင်းရ၏။

"ကျွန်တော် သူဌေးမကြီးကို တစ်ခါမှ မမြင်ဖူးဘူး အန်ကယ်အောင်"

"စင်္ကာပူကို သွားနေတာ၊ မနေ့ကမှ ပြန်ရောက်တယ်၊ ဟော... ဟော... ဟိုမှာ ဒေါ်ခင်မင်းသက် လာနေပြီ၊ ကိုယ့်အလုပ်ရှင်ကို သေသေချာချာ မှတ်ထား"

စီးလာသည့် ကားကြီးကို မြင်သည်နှင့် ကားကြီး၏ ကြီးမားသော တန်ဖိုးကို သူသိပါသည်။

ရုံးခန်းရှေ့မှာ ကားရပ်တော့ ကားပေါ်မှ ဆင်းလာသည့် အန်ပန်ပုံစံကို သူငေးမောကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မင်းသက်တဲ့။

ပြည့်ဖြိုးအောင် ကုမ္ပဏီရဲ့ သူဌေးမကြီးတဲ့။

သည်အကြောင်းရာလောက်သာ အန်ကယ်ရန်ကြီးအောင်က သူ့ကို ပြောပြထားသည်။

အလူမီနီယံ တံခါးကြီးကို တွန်းဖွင့်မဝင်ခင်မှာင် အန်ကယ်ရန်ကြီးအောင်က ခရိုးဦးကြိုပြုသည်။ အဝင်ဝနားမှာ သူက လယ်ကလေးနောက်ပစ်ပြီး ယို့ယို့ကလေးရပ်နေဖြစ်၏။

ဒေါ်ခင်မင်းသက် ရုံးခန်းထဲဝင်သွားပြီး မကြာမီမှာဝင် အန်ကယ်ရန်ကြီးအောင်က သူ့ကို လာခေါ်သည်။ ဒေါ်ခင်မင်းသက် ထိုင်နေသည့် စားပွဲကြီးရှေ့မှာ သေသေချာချာကြည့်ပြီး...

"ကိုရန်ကြီးအောင် ပြောပြထားလို့ မင်းကိုပေးအပ်ထားတဲ့ တာဝန်တွေကို သိပြီးပြီ၊ မင်းကို ထူးထူးထွေထွေ စကားတော့ ပြောစရာ မရှိပါဘူး၊ ပြည့်ဖြိုးအောင်မှာ လုပ်တဲ့ ဝန်ထမ်းတွေကို ပြောတဲ့စကားပဲ ပြောမှာ၊ အဲဒါက ဘာလဲဆိုတော့ ကိုယ်လုပ်တဲ့အလုပ် အပေါ်မှာ စိတ်ဝင်စားပါ၊ သစ္စာရှိပါ၊ ပြီး... ကိုယ့်တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်ပြီ"

ပြောသည့် စကားက သည်မျှသာပါပဲ။

နောက်ပိုင်းတွေမှာ သူ ဒေါ်ခင်မင်းသက်ကို ရံဖန်ရံခါ မှ လောက်သာတွေပြီး အထူးသဖြင့် အန်ကယ်ရန်ကြီးအောင်၏ ညွှန်ကြားမှုအောက်မှာသာ လုပ်ရသည်။





"ပြည့်ဖြိုးအောင် ကုမ္ပဏီမှာ အမိက လုပ်ရှားရတာကတော့ အန်ကယ်ပဲပေါ့ကွာ၊ အန်ကယ့်ကို ဒေါ်ခင်မင်းသက်က ယုံကြည်တယ်၊ စိတ်ချတယ်၊ အဲ... ပြည်ပဆက်သွယ်ရေး လုပ်ငန်းတွေကျတော့ ဒေါ်ခင်မင်းသက်က ကိုယ်တိုင် လုပ်တယ်၊ နိုင်ငံခြားက ဆေးပစ္စည်းတွေတင်တာ ပြုတာပေါ့"

"သူဌေးက ဘယ်မှာနေလဲ မသိဘူး"

"ဘာလဲ၊ မင်းသွားလည်မလို့လား"

အန်ကယ် ရန်ကြီးအောင်၏ အရယ်စကားကို သူက ပြုံးဆိုတ်၏။

"ငါ ခိုင်းထားတဲ့ အလုပ်သမားက ရာရာစစ၊ ငါ့အိမ်လာလည်ရသလားဆိုပြီး ရိုက်ထုတ်မှ အလုပ်လည်း ပြုတ်၊ မြေးပေါက်လည်း မွှားနေပါ့မယ် အန်ကယ်အောင်ရာ"

"ဟား... ဟား... ဒေါ်ခင်မင်းသက်က အဲသလိုစိတ်ဓာတ်မျိုးမရှိပါဘူး မင်းဆက်မှုရာ၊ သူ့အိမ်မှာ အလှူအတန်းလုပ်ရင် ကုမ္ပဏီဝန်ထမ်းအားလုံးကို ဖိတ်ပါတယ်"

အန်ကယ် ရန်ကြီးအောင် ပြောစကားက မှန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ဒေါ်ခင်မင်းသက်၏ အသက်ငါးဆယ်ပြည့် မွေးနေ့ပွဲကို ဒေါ်ခင်မင်းသက်နေထိုင်သည့် ပြည့်ဖြိုးရတနာခြံကြီးမှာ ပြုလုပ်သည်။ ဘုန်းကြီး အပါးငါးဆယ်ဆွမ်းကပ်သည့်ပွဲ။

မွေးနေ့ပွဲမှာ ဒေါ်ခင်မင်းသက်က ပြည့်ဖြိုးအောင်၏ ဝန်ထမ်း အလုပ်သမားအားလုံးကို တန်ဖိုးမနည်းသော ဝတ်စုံတစ်စုံစီ လက်ဆောင်ပေးသည်။

သည်အကြောင်းတွေကို ရဲစိုးဆီ သွားလည်ရင်း ရဲစိုးကို ပြောပြတော့...

"မင်း သူဌေးက ဘယ်ဆိုးလို့လဲကွ၊ ငါ့သူဌေးများ အဲသလို ပေးဖို့နေနေသာသာ သူ့မွေးနေ့ကျရင် ဆိုင်က အလုပ်သမားတွေကတောင်စုပြီး လက်ဆောင်ပစ္စည်း ဝယ်ပေးရတာ၊ ဒါတောင် သူက ဘာပြောသေးတယ် မှတ်သလဲ အဖိုးတန်ပစ္စည်းလေးတော့ လုပ်ကြကွာတဲ့"

သူရယ်တော့ ရဲစိုးကပါ လိုက်ရယ်၏။ ရယ်ရင်းနှင့်...

"မင်း သူဌေးမကြီးရဲ့တိုက်က အရမ်းသားနားတာပဲလား"

"သားနားတာကတော့ ကေသရီခြံကြီးနဲ့ကေသရီ တိုက်ကြီးအတိုင်းပါပဲကွာ၊ ထူးခြားတာက အဲဒီ ပြည့်ဖြိုးရတနာ ခြံကြီးမှာ ယောကျ်ားသားတစ်





ယောက်မှ မတွေ့တာပဲကွ၊ ကားဒရိုင်ဘာ အဘိုးကြီးက လွဲလို့ပေါ့ကွာ၊ ကျန်တာကတော့ အိမ်ဖေါ်၊ ထမင်းချက် မိန်းမတွေကြီးပဲ"

"အပျိုကြီးထင်တယ်"

"မသိဘူး အန်ကယ်ရန်ကြီးအောင်ကလည်း အတွင်းရေး ကိစ္စတွေကို ဘာမှမပြောဘူး၊ ငါကလည်း မသိချင်ပါဘူးကွာ၊ ငါ့ခေါင်းထဲမှာ စွဲထားတာကတော့ ငါ့တာဝန်ကို ငါ ကျေပွန်အောင် လုပ်မယ်ဆိုတာပဲ၊ နောက်ပြီး ဒေါ်ခင်မင်းသက်နဲ့ ရံဖန်ရံခါကြုံကြိုက်ရင် မျက်နှာကို စေ့စေ့တောင် မကြည့်ဝံ့ပါဘူး"

"ဘာဖြစ်လို့လဲ"

မျက်နှာက တည်လွန်းလို့ကွ၊ ဒေါ်ခင်မင်းသက် ရယ်တာ ပြုံးတာကို ငါ ခုထိ တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ခင်း သူဌေးမက အပျိုကြီးနေမှာပါ၊ မျက်နှာထား ဒီလောက်ကြီး တည်လွန်းလို့ ယောကျ်ား မရတာ နေမှာ"

"မဟုတ်ဘူးကွ၊ စီးပွားရေးကို ထက်ထက်မြက်မြက် ရှာဖွေတတ်တဲ့ မိန်းမတွေဟာ ဘယ်ယောကျ်ားသားကိုမှ သူတို့အိမ်ဦးနတ်အဖြစ် တင် မထားချင်ကြဘူး"

"အေး... မင်းပြောတာ မှန်တယ်၊ ဒါနဲ့ လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးဆိုင်ကြီးတွေကို ဆေးလိုက်ဖြန့်ရတာ၊ စာရင်းဇယားတွေကိုတော့ အတော်ဂရုစိုက်ရတာပေါ့"

အလုပ်နားရက်ဖြစ်သဖြင့် ရဲစိုးနှင့်အချိန်အတော်ကြာသည်အထိ လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။

ပြောဖြစ်သည့် စကားများမှာ မဟော်၏ အကြောင်းကတော့ နေရာအယူဆုံးဖြစ်ပါသည်။

တစ်ရက်တလေမှ မေ့မရသော နှလုံးသားထဲက အချစ်ကို မဟော်ကတော့ ဘယ်လို သိနိုင်မလဲ။

ခုလောက်ဆို မဟော်သည် သူ့ကို မေ့ပျောက်တန်လောက်နေပါပြီ။

ဘဝမှာ ဝမ်းအနည်းဆုံးကတော့ သူ့ရင်ထဲက ချစ်ခြင်းကို မဟော် မသိခြင်းပင်ဖြစ်ပါသည်။

မဟော်ဘက်ကတော့ သူ့အတွက် သူ့မရင်ထဲမှာ အချစ်မဲ့နေမည်ဟု သူယုံကြည်ပါသည်။

သူ့ရဲ့စိုးနှင့်လမ်းခွဲတော့ ညဥ့်အတော်နက်နေပါပြီ။

သည်အချိန်ဆိုလျှင် မဟော် အိပ်မျှားပျော်နေမလား။

ဪ... လွမ်းချင်သော်လည်း မလွမ်းရဲတဲ့ အဖြစ်ငါ့ မဟော်...။

★ ★ ★





"ကိုမြ... ကိုမြ..."

ခုနောက်ဆုံးမှ မကြားရတော့ ... ပြောသောသည့် ခြေသံဆိုကြောင်းသည်။

သူ လှည့်ကြည့်လိုက်တော့...

"မြ ခင်နှောင်း"

... အသံ ... ခြေသံ ... အတူ "သီချင်း..."

အလျော်ရှိ ... ပြောတော့သည်။

သည်နေရာမှာ ခင်နှောင်းကို တွေ့ရလိမ့်မည်ဟု သူဘယ်သိမှ မျှော်လင့်မထား။ အဘယ်ကြောင့်ဆိုသော် ကေသီခြံမှ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများသည် သည်လိုတစ်ယောက်ထဲ လွတ်လပ်စွာ ဖြင်ပသို့ ထွက်ခွင့်မရှိသောကြောင့် ဖြစ်ပါသည်။

"ဝမ်းသာလိုက်တာ ကိုမှူးရယ်၊ နောက်ကနေလှမ်းခေါ်ပြီး ပြေးသာလာရတယ်၊ ကိုမှူးမှဟုတ်ရဲ့လားလို့ ရင်တထိတ်ထိတ်ပါပဲ"

"ငါရုပ်က ပြောင်းလဲသွားလို့လား"

"မပြောင်းလဲပါဘူး၊ ဒါပေမယ့် နည်းနည်း ပိန်သွားတယ်နော်"

ပင့်သက်ကိုဖွဖွလေး ရှိုက်ချပြီး သူခင်နှောင်းကို စိုက်ကြည့်နေမိသည်။

"ကိုမှူး ဘယ်မှာနေတာလဲ ဟင်..."

"ငါဘယ်မှာနေတယ်ဆိုတာက အရေးမကြီးပါဘူးလေ၊ နင် တာမွေကို ဘာလာလုပ်တာလဲ"

"တာမွေနတ်ချောင်းမှာ အမေ့ကြီးဒေါ်ရှိတယ်လေ၊ မမာဘူးဆိုလို့ အမေ့ကို လာပို့တာ၊ ခုခင်နှောင်းက ကားငှားပြီးပြန်မှာ"

"ဒါဖြင့် ငါကတက္ကစီခေါ်ပြီး တင်ပေးလိုက်မယ်"

"ဟင့်အင်း... ခင်နှောင်းကိုမှူးနဲ့ စကားတွေအများကြီးပြောချင်သေးတယ်၊ ကိုမှူးနဲ့ စကားပြောပြီးမှ ပြန်မယ်"





"နင်အပြန်နောက်ကျရင် နင့်မမလေးက နင့်ခေါင်းကို အားလုံးသီးထအောင် ခေါက်နေလိမ့်မယ်"

"မမလေးက အရင်လိုမဟုတ်ဘူး ကိုမှူး"

ခင်နှောင်းရင်မှာ စကားတွေရှိနေပြီကို သူသိသည်။ သူ လက်မှနာရီကို ငုံ့ကြည့်လိုက်၏။

ကားဘီးပေါက် ဖါတာ၊ ဖြုတ်တာ မိနစ်သုံးဆယ်လောက် အချိန်ရသည်။

"ခင်နှောင်း ငါ့ကိုပြောစရာ စကားတွေရှိနေလို့လား"

"ရှိတာပေါ့ ကိုမှူးရာ"

"ဒါဖြင့် ရှေ့နားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း စကားပြောရအောင်၊ အဲဒီဆိုင်က လေးက လူရှင်းပါတယ်"

သူနှင့် ခင်နှောင်း လမ်းတစ်ဖက်ကူးပြီး လက်ဖက်ရည်ဆိုင်သို့ လျှောက်ခဲ့သည်။ လူရှင်းသည့် အတွင်းပိုင်းသို့ ဝင်ခဲ့၏။ လက်ဖက်ရည် မမှာခင်မှာပင် ခင်နှောင်းစကားတွေက ဖေါင်ဖွဲ့လောက်ပါသည်။

ခင်နှောင်းထံမှ စကားများကို နားထောင်ရင်း သူ့ရင်တွေ ငြိမ်သက်ခြင်းမရှိတော့။ ဟုတ်ရဲ့လားဆိုသည့် သံသယ အတွေးဖြင့် ခင်နှောင်းမျက်နှာကို ငေးစိုက်ကြည့်နေမိသော အခါ...

"ခင်နှောင်းပြောတဲ့ စကားတွေထဲမှာ အပိုစကား တစ်ခုမှ မပါဘူးကိုမှူး၊ ကိုမှူးထွက်သွားတဲ့ နေ့ကပြီး



www.burmeseclassic.com

[illegible] ရောက်နေတောင်

[illegible] ခင်နှောင်းကို ချစ်မှုတော့ သူ

နှလုံးသား [illegible] ဘူးတဲ့

ကိုမှူး [illegible]

သူ ငြိမ်သက် [illegible]

[illegible] ရင်မှာ

လှုပ်ခတ်နေသည့် ခံစားမှုတွေကိုတော့ ခင်နှောင်း [illegible]

မည်။

“ကိုမှူး မမလေးကို ချစ်နေမှာလား ဆိုတာကို ခင်

နှောင်း [illegible]”

“[illegible] ပြောဖူးပါဘူး”

“မပြောဖူးပေမယ့် [illegible]

[illegible] မမလေးကို ချစ်တဲ့ အ

[illegible]

[illegible]

ဟာ... နင်မကောင်းဘူး”

“[illegible]

[illegible]

...[illegible]

[illegible] ပေးသာ

[illegible]



သူ့ခေါင်းကို အသာခါရမ်းသည်။

“ကိုမှူးက ဘာလို့ ခေါင်းခါနေတာလဲ”

“ငါ့အလုပ်ဝင်လုပ်နေတယ် ခင်နှောင်း”

“လုပ်နေလည်း ထွက်လိုက်ပေါ့ ကိုမှူးရာ၊ ဘာဘမောင်မှာ လုပ်ငန်းတွေ ရှိနေတာပဲ”

“ငါ့အလုပ်ဝင်တာ ဘာမှမကြာသေးဘူး၊ အလုပ်သွင်းပေးတဲ့ သူ့ကို မျက်နှာထောက်ရဦးမယ်လေ၊ တဲ... လက်ဖက်ရည်သောက်၊ မုန့်လည်းစား၊ စားသောက်ပြီးရင် နင်ပြန်တော့နော်၊ မိန်းကလေး တစ်ယောက်အနေနဲ့ လမ်းမပေါ်မှာ အချိန်အတော်ကြာ မနေသင့်ဘူး”

လက်ဖက်ရည်သောက်ပြီး ဆိုင်မှပြန်ထွက်တော့ သူက ခင်နှောင်းအတွက် တက္ကစီငှားပေးသည်။ ကျပ်ငွေကိုပါ တစ်ခါတည်း ရှင်းပေးလိုက်၏။

တက္ကစီလေးထွက်သွားတော့ ခင်နှောင်းက သူ့ကို မျက်လုံးဝိုင်းသားလေးနှင့်ကြည့်နေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၉ ]

စိတ်၏ လှုပ်ရှားမှုများကို ထိန်းချုပ်လို့မရ။

သူမ ညက သူငယ်ချင်းတစ်ယောက်၏ဘုရားကိုးဆွမှ အပြန်နောက်ကျသဖြင့် အိမ်သို့ ညဆယ်နာရီစွန်းစွန်းမှ ပြန်ရောက်သည်။

အကြောင်း သတင်းစကာတွေကို ခင်နှောင်းက သူမတို့ နံနက်ပိုင်းမှ ပြောပြနိုင်ခဲ့၏။

သတင်းစကား ကြားရရခြင်း ခင်နှောင်းကိုခေါ်ပြီး ကားကို အပြင်းမောင်းထွက်ခဲ့သည်။





"ဖြေးဖြေးမောင်းပါ မမလေးရယ်၊ တိုက်မိခိုက်မိ နေပါဦးမယ်"

"မဟုတ်ဘူး၊ နင် အသုံးမကျတာတွေကို ငါတော်တော် ဒေါသဖြစ်တယ် ခင်နှောင်း"

"ဘာကိုလဲ မမလေးရ"

"မင်းဆက်မှူးနဲ့ တစ်ချိန်လုံး စကားပြောနေပါရက်နဲ့ သူဘယ်မှာ နေတယ်ဆိုတာကို နင်မေးမထားဘူး"

"အမယ်လေး...မေးလိုက်တာမှ ထပ်ခါတလဲလဲကို မေးတာပါနော်၊ ကိုမှူးက ဝေ့လည်ကြောင်ပတ်လုပ်ပြီး အငှားကားပေါ် အတင်းတင်ပေးလိုက်တာ"

"နင်သူနဲ့တွေ့ခဲ့တဲ့ နေရာကိုသိတယ်နော်"

"သိတာပေါ့ မမလေးရာ၊ တာမွေ ၁၅၇ လမ်းထိပ်မှာကို တွေ့ခဲ့တာ၊ သောက်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်ကိုတောင် မှတ်မိသေးတယ်"

သည်စကား အပေါ်မှာ မဟော် ကျေနပ်ပါသည်။

တာမွေမှာ တွေ့ခဲ့သည်ဆိုတော့ သည်လမ်း၊ သည်နေရာ၊ သည်ဝန်းကျင်လောက်မှာ မင်းဆက်မှူး နေနိုင်သည်။ ပတ်ဝန်းကျင်လမ်းတွေမှာ မေးမြန်းစုံစမ်းလိုက်ရင် ခြေရာကောက်နိုင်မည်ဟု မဟော်တွေးထား၏။ ကားမောင်းရင်း သူမစိတ်တစ်ခုလုံး ပေါ့ပါးစွာ ခံစားနေရသည်။ တာမွေရောက်တော့ ၁၅၇ လမ်းထိပ်မှာ ကားကို ရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သုံးလေးလမ်းလောက် ဝင်လိုက်ရင် တွေ့တန် ကောင်းပါရဲ့"

"မမလေး ကားပေါ်မှာပဲ နေပါ၊ ခင်နှောင်းဆင်းပြီး စုံစမ်းလိုက်မယ်"

ခင်နှောင်းက အားတိုးရသည်။

ကားပေါ်က သွက်သွက်လက်လက် ဆင်းပြီး လမ်းအလယ်တက်သို့ လျှောက်သွားသည်။

အတော်လေးကြာတော့ ခင်နှောင်းပြန်ရောက်လာ၏။

"ဟိုဘက်လမ်းတွေထဲ ရောက်တယ် မမလေး၊ သည်ရပ်ကွက်မှာ မင်းဆက်မှူးဆိုတာ ကြားတောင်မကြားမူးဘူးတဲ့၊ ဒါပေမယ့် ဟိုဘက်ခြမ်းတွေမှာ သွားစုံစမ်းကြည့်ပါတဲ့၊ ရပ်ကွက်ထဲကို လူသစ်တွေထဲ ပြောင်းပြောင်းလာနေတော့ ဘယ်သူဘယ်ဝါဆိုတာ သိတို့မသိဘူးတဲ့"

"ခြေရာကတော့ စပျောက်ပါပြီ၊

မဖြေနိုင်ပြင်သက်ချတော့..."

"စိတ်မပျက်ပါနဲ့ မမလေးရယ်၊ ကိုမှူးသည်ပတ်ဝန်းကျင်မှာ ကိုမှူးသိနေရင်တော့ တစ်ယောက်မဟုတ်တစ်ယောက်ကတော့ သိမှာပါ" ခင်နှောင်းက "တို [illegible]သွားရှာရအောင်"





ကားကို မောင်းထွက်ပြီး နှစ်လမ်းကျော်လောက်မှာ မဟော်တ ကားကိုရပ်လိုက်သည်။ ကားမောင်းရင်းနှင့်လည်း မဟော်မျက်လုံးကို အလုပ်ပေးထားရ၏။ ယောက်ျားလေး အုပ်စုမြင်တိုင်း အကြည့်ရဲရဲနှင့် ကြည့်ရသည်ကို ကိုယ့်စိတ်ကိုယ်ပင် အံ့ဩယူရလောက်သည်။

"မမလေး ကားပေါ်ကပဲ ထိုင်နေ၊ ခင်နှောင်း ဟိုဘက်ဝိုင်းတွေထဲက စုံစမ်းမယ်"

"နေ... သိပ်ပြင်မှုန်းနေပြီ"

ရပ်ကြည့်ပြီး မမရဲ့ ခင်နှောင်းက ကိုမှူးနဲ့ မမလေး

"ကိုင်းဆိုရင်သာ အတူတူ [illegible]

[illegible] ဖြောင့်သွားရအောင်"

[illegible] မမပျော်ပါသည်။ အချစ်နှင့်ပတ်သက်ပြီး [illegible] တွေ၊ အင်အားတွေများစွာ ဖြစ်ပေါ်[illegible] ကိုယ်အံ့ဩရ၏။

ခင်နှောင်း အရှာကြီး[illegible] ဆိုင်လေးဆီသို့အကြည့်က ရောက်သွားရပြန်သည်။

အရိပ်ရှောင်မပြင် မမြင်ရ။

အတော်ကြာလေးကြာတော့ ခင်နှောင်းပြန်ရောက်လာသည်။ ခင်နှောင်း၏ နဖူးစပ်မှာ ချွေးစတွေသီးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမလေးရယ်၊ ကံမကုန်ရင် ပြန်ဆုံကြမှာပါ"

"စုံစမ်းလို့ မရဘူးလား"

"မသိကြဘူး မမလေး"

"ဒါဆို မင်းဆက်မှူး ဒီပတ်ဝန်းကျင်မှာ မနေတာ သေချာပါပြီပဲ၊ ကိစ္စတစ်ခုနဲ့တာမွေ ရောက်လာတာ ဖြစ်ချင်ဖြစ်မှာပါ၊ အလုပ်ဝင်နေပြီ ဆိုတာလည်း နင့်ကို ညာပြောတာနေမှာပါ၊ စိတ်ညစ်တယ်ဟယ်၊ ရန်ကုန်မှာ သူသွားစရာ နေရာမရှိဘူး၊ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ခိုကပ်နေရှာသလား မသိဘူး"

"အဲသလောက် ပူပန်မှုကြီးရင် မမလေးကိုမှူးကို နှင်မထုတ်သင့်ပါဘူး၊ ခုတော့ အားလုံးထဲမှာ မမလေး က ပိုပြီး စိတ်ဆင်းရဲရနေရပြီမို့လား"

မယော် ဘာစကားမှ ပြန်မပြောတော့။

အပြန်မှာ စိတ်နှလုံးညှိုးချုံးရမှုက ပျော်ရွှင်မှုကို ဆိတ်သုဉ်းသွားစေသည်။ ခင်နှောင်းကိုလည်း အလာတုန်းကလို စကားတွေ ဖောင်ဖွဲ့မပြောဖြစ်တော့။

နေ့လည်စာနှင့်ညနေစာကို ဟုတ်တိပတ်တိ မစားတော့ မေမေက သူမကို အကဲခတ်သလို ကြည့်သည်။ ညကျတော့လည်း တော်တော်နှင့်အိပ်မပျော်။





ဩော်… မိမိ၏ နှုတ်ထွက်စကား တစ်ခွန်းအတွက် မင်းဆက်မှူး ဘဝက ကတိမ်းကပါးဖြစ်ခဲ့ရင်…

ဟုတ်ပါတယ်…

တရားခံဟာ မိမိပါပဲ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



လှလွှာလေးနဲ့ငွေဖီလာ ၊ကောဇာကြွာလိုနှင့် ဖီမိမိ ...ငဲကြည်

...ခိုရင့်ဖိုးချိုးပလေးမိလိုက လဝလ နှုမ္မကလေးဒိုဓ

...ယလပါလိုလှ

၊ပ်ပမိမိ လလမ်းရှာလ

☆ ☆ ☆

[ ၄၀ ]

ရိုးသားခြင်းနှင့် ကြိုးစားခြင်းများသည် ဘဝအတွက် အဓိပ္ပါယ်မဲ့သွားရပြီလား...။

သူ့အံကို တင်းတင်းကြိတ်ထားဆဲမှာ အန်ကယ်ရန်ကြီး အောင် ဗျာယာခတ်နေ၏။

ဒေါ်ခင်မင်းသက်ဆီ ဖုန်းဆက်သည်။

အမိန့်ကို စောင့်ယူသည်။

တစ်ဖက်မှ ဆင့်လာသည့်အမိန့်ကြောင့်ထင်၏။ အန်ကယ် ရန်ကြီးအောင် မျက်စိမျက်နှာ ပျက်နေသည်။

"ဟုတ်ကဲ့ ဒေါ်ခင်မင်းသက်၊ ကျွန်တော် အခုပဲ ရဲစ ခန်းကို ဖုန်းဆက်အကြောင်းကြားပါ့မယ်"

သူ့ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။





ယလမ်းသွားလှမ့်ကြောစိတ္တာ မြန်အနှ်လွှန်းပြီးဟုသွှင်၏။

နိူက ဖေယ်ဟုတ်ဆဲ လေခွံယပ်ဟု ခံလောခယလနိုင

နိူက ရုပ်ဆင်ညီတဆူ ဆူ့မခြေကြက်ပါလှူ။ ဂိုဂံလခ

"ယခုမိုးအချိန်ယိုညည်းချူ၏ ရှိမှတ်မျိုးချူးကို အပ်လာမည့် ပုဒ်မ များကဘေ်းဒါးဆောင်ကေသရွမှာမည်ဖြစ်ကြောင်းဘိုးကိုင်းလိ"

"အဲဒီနေ့က ကတာရမ်းတဲ့ ကိုညီမောင် မြခါင်းမူး ဆ ဂလအကဲ့ယိုဆိုနိုး ဖုနာက်ခံနှုတ်ကိုကြိုတယ် ကျွန်တော့်မှာ ဦးနိုဒေ ထူတန်ရှိမယ့်ယုံကြည်စိတ္တုါး သိန်းမိုး ကျွဲကိုဖြ ကျွန်တော့် ပယောဂ လုံးဝမပါဘူး အန်ကယ်အောင်ပြ လေးလောကျွန်တော့်မှာ ဓားစာချောင်စိတ်နဲ့ အလွဲသုံးစားလုပ်တဲ့ ဆိုးစိတ်လျှော်ရှိဘူး၊ ငါမခံပါခ ၀ွှယနခဲကိုခွဲ့နူးခံထ ခွဲ့ရေ ကိုလီါးမင်း စိတ်ရှိစေခဏဖုန်းကို သူ့မြတ်ယ် မင်းဆက် ပြောခဲ့ဂမူးရုယ် ဒါတွေမတော့ ဒါခံမင်းဆက်ကိုဆုံးဝ မတော်ရှိ မခံဘူး၊ မင်းနဲ့ညီမောင် ရှိစခြောက်မျိုးကြိုတယ်နာခ ဆိုပြဲမြဲနှုပ်ဆောက်စသိုလို့ လုံး၊ စွစ်ခွဲသွားပါဓဖွေ

"ညီမောင်နဲ့လှဆောင်တော" ...ပြီ

ပြောခဲ "သူတို့ ထွက်ပြေးနေကြတယ်" ဂိုဂံလခန်ကူ"

"သူတို့ ထွက်ပြေးပေမယ့် ကျွန်တော် ထွက်မပြေးဘူး အန်ကယ်အောင်၊ ကျွန်တော့်ဘက်က အမှားမှ မလုပ်ခဲ့ ဘူး။ ကျွန်တော် ညီမောင့်ကို စာနာစိတ်နဲ့ ကူညီခဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် တရားခံဘဝ ရောက်ရမယ်ဆိုရင် ရပါတယ် အန်ကယ်အောင် လုပ်သင့်တာဆက်လုပ်ပါ၊ ကျွန်တော့်ကို မယုံကြည်တဲ့စိတ်နဲ့တော့ မကြည့်ပါနဲ့၊ ကျွန်တော်ထွက် မပြေးပါဘူး၊ ဒီခုံမှာ ထိုင်နေပါ့မယ်"

"ငါကိုတော့ နားလည်ပေးပါကွာ၊ ဒေါ်ခင်မင်းသက်ရဲ့ ညွှန်ကြားချက်နဲ့ ငါလုပ်ရတာပါ"

အန်ကယ် ရန်ကြီးအောင်က ရဲစခန်းကိုဖုန်းဆက် အကြောင်းကြားသည်။ မကြာမီ ရဲများ ရောက်လာပြီး စခန်းသို့ သူ့ကို ခေါ်သွားသည်။

စခန်းရောက်တော့ တာဝန်မှူးရှေ့မှာ မျက်နှာထားတင်းတင်းနှင့်ထိုင်နေသည့် ဒေါ်ခင်မင်းသက်ကို သူတွေ့ရ၏။

အားကိုးမဲ့သည့် အဖြစ်မျိုးဝယ် သူ ဘဘမောင်ကို အရင်ဦးဆုံးမြင်သည်။ ရေနစ်နေသူ သူ့အတွက် ဘဘမောင်သည် ကောက်ရိုးတစ်မျှင် မြက်တစ်ပါပဲ။

သူစခန်းမှူးကြီး၏ မျက်နှာကို ခပ်ဝေဝေလေး ကြည့်လိုက်ပြီး...

"ကျွန်တော့်ကို အခွင့်အရေး တစ်ခုတော့ ပေးပါ ခင်ဗျာ"

"ဘာအခွင့်အရေးလဲ မောင်မင်းဆက်မှူး"

"ကျွန်တော် ဖုန်းခဏလောက် ဆက်ပါရစေ"





"ဘယ်ကို ဆက်မှာလဲ"

"ကျွန်တော် ဘဘဆီပါ၊ စွဲထားတဲ့ ပြစ်မှုအတွက် ကျွန်တော် ရဲစခန်းရောက်နေတယ်ဆိုတာကို ကျွန်တော့် ဘဘ သိသင့်ပါတယ်"

"နာမည်နဲ့ ဖုန်းနံပါတ်ပြော"

သူက နာမည်နှင့်ဖုန်းနံပါတ် ပြောပြသည်။

စခန်းမှူးကြီးက ဂဏန်းကွက်တလေးများကို လက်နှင့်အသာဖိနှိပ်ပြီး...

"ဦးမျိုးမောင် ရှိပါသလား ခင်ဗျာ"

"... ... ..."

"ခဏ ကိုင်ထားပါနော်"

စခန်းမှူးက သူ့လက်ထဲသို့ ဖုန်းခွက်ကို လှမ်းပေးသည်။ ဒေါ်ခင်မင်းသက် သူ့လှုပ်ရှားမှုကို စူးစိုက်ကြည့်နေ၏။

"ဘဘမောင် ကျွန်တော် မင်းဆက်မှူးပါ"

"... ... ..."

"ကျွန်တော် (          )ရဲစခန်းကို ရောက်နေတယ် ဘဘ"

"... ... ..."

"ကျွန်တော် အလုပ်လုပ်တဲ့ ကုမ္ပဏီရဲ့ သူဌေးက ငွေငါးသိန်းတွာမှုနဲ့ ကျွန်တော့်ကို ရဲစခန်းတိုင်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"… … …"

ကျွန်တော် အလိုသိစားလည်း

"… … …"

"ဟုတ်ကဲ့ ဘာဘာ"

သူ ဖုန်းခွက်ကို အသာပြန်ချလိုက်သည်။

"ဟော့… သူ့ကို အချုပ်ထဲ ထည့်ထားလိုက်ကြ… ဒေါ်ခင်မင်းအေးကို ကျွန်တော့်ကို အမှုနဲ့ပတ်သက်ပြီး အကျိုးအကြောင်းပြောပါ ခင်ဗျာ" … …

ရဲသားနှစ်ယောက်က သူ့ကို အချုပ်ခန်းထဲ ခေါ်သွားသည်။ … မျှော်လင့်မထားသည့် နေရာ။

အိုး… အမှန်တရားဆိုတာ ရှိပါသေးတယ်။



# [ ၄၁ ]

"သမီးလည်း ရဲစခန်းကိုလိုက်မယ် ဖေဖေ"

"မလိုက်ပါနဲ့ သမီးရယ်၊ ဖေဖေရယ်၊ သမီးမေမေရယ် ပဲသွားပါ့မယ်"

"ဟင့်အင်း… ဟင့်အင်း… မင်းဆက်မှူး သည်လို အဖြစ်မျိုးရောက်သွားတာ သမီးကြောင့်ဖေဖေ၊ သမီး သူ့ကိုနှင်မထုတ်ရင် ကေသရီခြံမှာ သူ့ဘဝလေး အေးအေးချမ်းချမ်း ရှိနေမှာ၊ သမီး သူ့ကိုတွေ့ချင်တယ်"

တားရ၍လည်းရမည် မဟုတ်သည်ကို ဦးမျိုးမောင်သိသည်။

"တဲ… ဒါဆိုလည်း လိုက်ခဲ့တော့ သမီး"

တားကို ဦးမျိုးမောင် ကိုယ်တိုင်မောင်းသည်။

မြေနီကုန်းမီးပွိုင့်မှာ အနီရောင် အချက်ပြသဖြင့် ဦးမျိုးမောင်တ ကားဘရိတ်ကို အသာနင်းဖိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်မှူးမှာ သူတို့ ရဲစခန်းတိုင်ရလောက်အောင် နိမ့်ပါးတဲ့ အကျင့်စာရိတ္တမရှိပါဘူး"

ဦးမျိုးမောင်က နံဘေးမှာ ဇနီးဖြစ်သူ ဒေါ်မေမေသွင်တို့ ပြောသည်ကို မဟော်က ကြားဝင်ပြီး..

"သူတို့ မတရား စွပ်စွဲကြတာပါ ဖေဖေ၊ မင်းဆက်မှူးက မခိုးတတ်ဘူး၊ မဝှက်တတ်ဘူး၊ လိမ်ညာပြီးလည်း မပြောတတ်ဘူး"

ဒေါ်မေမေသွင် ပြုံးလိုက်သည်ကို ကားနောက်ခန်းမှာ ထိုင်နေသည့် မဟော် မသိ။ ဦးမျိုးမောင်ကတော့ ဒေါ်မေမေသွင်ဘက် အသာလေးလှည့်ပြီး ပြုံးပြလိုက်သည်။

မှိုင်းမှ မီးစိမ်းပြသည်နှင့် ဦးမျိုးမောင်က ကားကို မောင်းထွက်သည်။ ရဲစခန်းသို့ ရောက်သောအခါ ရဲစခန်းဝင်း၏ ညာဘက်ခြမ်းမှာ ကားကို ရပ်လိုက်ပြီး မိသားစုသုံးယောက် ကားပေါ်မှ ဆင်းလိုက်ကြ၏။

ဦးမျိုးမောင်က ဦးဆောင်ပြီး ရဲစခန်းအတွင်းသို့ ဝင်ခဲ့သည်။

စခန်းမှူး ရုံးခန်းသို့ရောက်သောအခါ ခွင့်ပန်ပြီး ရုံးခန်းထဲသို့ လှမ်းအဝင်...

"ဟင်... ဆရာနဲ့မမသွင်"

စခန်းမှူး ရှေ့ထိုင်ခုံမှာ ထိုင်နေရာမှ ဒေါ်ခင်မင်းသက်က ဆတ်ခနဲထပြီး ဒေါ်မေမေသွင်၏ လက်ကို ဖြေးဖက်သည်။





"ဟဲ့... နင်နွဲ့ယဉ် မဟုတ်လား"

"ဟုတ်တယ်လေ မမသွင်၊ မမသွင် နွဲ့ယဉ်ကို မှတ်မိတယ်နော်၊ ဝမ်းသာလိုက်တာ၊ မမသွင်ရယ်၊ ဆရာက နည်းနည်း ဝလာတာကလွဲပြီး ရုပ်မပြောင်းဘူး"

ဒေါ်ခင်မင်းသက်၏ ဝမ်းသာအားရ ဖြစ်နေဟန်။

ဒေါ်မေမေသွင်က စိန်ရွှေရတနာများနှင့် သူဌေးရုပ်ပေါက်နေသော နွဲ့ယဉ်ခေါ် ဒေါ်ခင်မင်းသက်ကို စေ့စေ့ကြည့်ပြီး...

"နင်... ရဲစခန်းမှာ ဘာလာလုပ်တာလဲ နွဲ့ယဉ်"

"ပြောပဲ မပြောချင်တော့ပါဘူး၊ မမသွင်ရယ်၊ ကုမ္ပဏီမှာ ခန့်ထားတဲ့ ကောင်လေးလေ၊ ငွေငါးသိန်း အလွဲသုံးစားလုပ်လို့ အမှုလာဖွင့်ရတာ"

"ဟဲ့... အဲဒီကောင်လေး နာမည်က ဘယ်သူလဲ"

"မင်းဆက်မှူးတဲ့၊ အခု အချုပ်ထဲမှာလေ"

"ဘုရား... ဘုရား... အားလုံးမှားကုန်ပါပေါ့လား"

မဟော်ကတော့ အံ့အားတသင့်နှင့်ရင်တဖိုဖို ဖြစ်နေသည့် ခင်နှင့်မိခင် ဖြစ်သူကို နားမလည်နိုင်စွာ ကြည့်နေသည်။

"ဘာတွေ မှားကုန်တာလဲ မမသွင်၊ မမသွင်ပြောတာတွေ နွဲ့ယဉ် နား မရှင်းဘူး"

"မင်းဆက်မှူးက တခြားလူ မဟုတ်ဘူး၊ နင့်သား နွဲ့ယဉ်၊ နင့်သား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

ဒေါ်ခင်မင်းသက် မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။ အနေအထားကို သုံးသပ်မိသော စခန်းမှူးကြီးက...

"အင်း... ကျွန်တော်တော့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ အဖြစ်အပျက်လေး တစ်ခုကို ကြုံတွေ့ရပြီ ထင်ပါရဲ့၊ ကဲ... ထိုင်ကြပါခင်ဗျာ၊ ရဲစခန်းဖြစ်ပေမယ့် စကားကို အေးအေးချမ်းချမ်း ပြောဆိုနိုင်ကြပါတယ်"

အကျိုးအကြောင်း အားလုံးကို ဒေါ်မေမေသွင်က ဦးဆောင်ပြီး ပြောပြသည်။ ဒေါ်ခင်မင်းသက် ပါးစပ်အဟောင်းသားဖြစ်နေစဉ်တွင် ဦးမျိုးမောင်က...

"ရွာသိမ်ရွာငယ်လေး တစ်ခုမှာ အမှတ်မထင်တွေ့ပြီးဆက်အောင်တို့ သားအဖကို ရန်ကုန်ကို ခေါ်လာခဲ့တာ သားလေးကို ပညာတတ်တစ်ယောက် ဖြစ်စေချင်လွန်းတဲ့ ဆက်အောင်၊ သားလေးအတွက် ငွေစုမယ်ဆိုပြီး သူကြိုက်နှစ်သက်တဲ့ အရက်ကို သူ့သားအတွက် စွန့်လိုက်ရှာတယ်၊ မင်းဆက်မှူး ဆယ်တန်းအောင်တော့ သူ့သားလေး ဂုဏ်ထူးတွေနဲ့အောင်တယ်ဆိုတာတောင် သိ မသွားရှာပါဘူးကွယ်၊ သူ့သားအတွက် စာမေးပွဲအောင်ဖို့ ဘုရားစင်ရှေ့မှာ ထိုင်ဆုတောင်းရင်း ဝေဒနာကို ရုတ်တရက် ခံစားလိုက်ရရှာတာပါပဲ၊ ဆရာတို့ ကြိုးစားပြီး သူ့အသက်ကို ကယ်ခဲ့ပေမယ့် သူ့သားကို ဆရာ့လက်ဝကွက်အပ်ပြီး အသက်ထွက်သွားရှာတယ်"





ဦးမျိုးမောင် စကားအဆုံးမှာ ဒေါ်ခင်မင်းသက် မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးများ ပိုးပိုးပေါက်ပေါက် ကျလာသည်။ မျက်ရည်အရွဲသားနှင့် စခန်းမှူးကြီးအား မော့အကြည့်မှာ စခန်းမှူးကြီးက...

"ကဲ... ဆရာကျော်ဇင်နဲ့ ကိုသန်းလှ၊ မင်းဆက်မှူးကို အချုပ်ထဲက ထုတ်ခဲ့ပါဗျာ"

မင်းဆက်မှူးကို အချုပ်မှထုတ်သည်။

ရုံးခန်းအဝရောက်တော့ မင်းဆက်မှူးက ဦးမျိုးမောင်ကို မြင်ဖက်သည်။

"ဘဘ... ဘဘ... ကျွန်တော်လေ သူများပစ္စည်းဆိုရင် အပ်တိုတစ်ချောင်းတောင် မပြစ်မှားခဲ့ပါဘူး ဘဘရယ်"

"မောင်မှူး"

"ဘဘ"

"မေ့လိုက်ပါတော့ကွယ်၊ ဟောဒီ မန္တလေးယဉ်ခေါ် ခင်မင်းသက်ဟာ မင်းရဲ့ ကုမ္ပဏီပိုင်ရှင်သူဌေး မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"နားမရှုပ်ပါနဲ့ကွယ်၊ သူများတွေအတွက် ပြည့်ဖြိုးအောင် ကုမ္ပဏီရဲ့သူဌေးမကြီး ဖြစ်ပေမယ့် မင်းရဲ့အလုပ်ရှင်သူဌေး မဟုတ်ပါဘူး"

"ဘာဘာ ဘာတွေ ပြောနေတာလဲဟင်"

"မင်းအဖေ ဆက်အောင်ရဲ့ မိန်းမ၊ မင်းရဲ့အမေမို့လို့ ဘာဘာ ဒီစကား ပြောတာပေါ့ လူကလေးရယ်"

"ဟင်..."

သူ့ရင်မှာ အမျိုးအမည် မသိသော ဝေဒနာတွေ ခံစားနေရဆဲ ဒေါ်ခင်မင်းသက်က မင်းဆက်မှူး၏ လက်ချောင်းလေးများကို ဖျစ်ဆုပ်ကိုင်ပြီး...

"သားရယ် မင်းမေမေပါကွယ်၊ ကိုယ့်သားအရင်းကို အချုပ်ထဲထည့်တဲ့ မေမေ့ကို သားစိတ်နာသွားပြီလား"

ဒေါ်ခင်မင်းသက်၏ မိခင်တစ်ယောက်၏ ထွေးဖက်မှု အကြင်နာတွေ။

မျက်ရည်စက်တွေမှာ သားအတွက် မေတ္တာတရားတွေ ပါဝင်နေသည်ကို ဒေါ်ခင်မင်းသက် နားလည်ပါသည်။

ရဲစခန်းမှ ပြန်ထွက်လာတော့ မင်းဆက်မှူးက မပေါ်၏ မျက်နှာကို မဝံ့မရဲကလေး ကြည့်သည်။





မပေါ်၏ မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းရစ်နေ၏။

"ဆရာနဲ့မမသွင်"

"ဘာလဲ နွဲ့ယဉ်"

"သားကို နွဲ့ယဉ် ခေါ်သွားတော့မယ်နော်"

"နင့်သားပဲ နွဲ့ယဉ်ရယ်၊ နင့်သားကို နင်ခေါ်တာ ဆရာတို့ တားပိုင်ခွင့် မရှိပါဘူး"

"ကျွန်မသားနဲ့ စကားတွေ တဝကြီးပြောချင်လို့ပါ"

"နင့်အရိပ်အောက်မှာ ရှိတော့မယ့် နင်ရဲ့ရင်သွေးပဲ နွဲ့ယဉ်ရယ်"

ဒေါ်ခင်မင်းသက်က မင်းဆက်မှူးလက်ကို ဆွဲပြီးကားဆီ လျှောက်ခဲ့သည်။

ကားနားအရောက်မှာပင် မင်းဆက်မှူးက...

"ဘာဘာမောင်"

"ဘာလဲ လူကလေး"

"ကြီးကြီးမေနဲ့မပေါ်"

ဒေါ်မေမေသွင်နှင့်မပေါ်က မင်းဆက်မှူး မျက်နှာကို ယှင်းအကြည့်မှာ...

"ကျွန်တော် ကေသရီကို ဘယ်တော့မှ မမေ့ပါဘူး"

ရှိုက်သံတစ်ခု ပွင့်ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ အကြည့်တွေ မပျောက်ဆီ ရောက်သွား၏။

ဒေါ်ခင်မင်းသက် အပါအဝင် ဦးမျိုးမောင်နှင့် ဒေါ်မေမေ သွင်တို့၏ မျက်နှာတွင် အဓိပ္ပါယ် သက်ရောက်မှုရှိသော အပြုံးများ ဝင်းလက်သွားပါသည်။

☆ ☆ ☆



[ ၄၂ ]

ညနေ၏ လေပြေက ခပ်မှျင်းမှျင်းလေး တိုက်ခတ်သည်။

လှည်းကူးအလွန် လယ်ကွင်းနဘေး ကားလမ်းပေါ်မှာ အားရပ်ထားပြီး ကားကိုကျောမှီရင်း...

"မေမေဟာ အဖေအရက်သောက်လို့ အဖေ့ကို စိတ်နာပြီး စွန့်ခွာသွားပေမယ့် အဖေ့အပေါ်မှာ သစ္စာကြီးရှာပါတယ် မပျော်"

"အထောက်အထားက"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နောက်အိမ်ထောင်မပြုဘူးလေ၊ ကံအားလျော်စွာ မေမေ့ကြီးတော်ဆီက အမွေရလိုက်ပြီး ဘဝကို ထက်ထက်မြက်မြက်နဲ့ ရုန်းကန်တာ၊ မေမေက ပြောတယ် သားအဖေ အရက်သမားကြီးကို နောင်ကျဉ်အောင်ဆိုပြီး သားတန်းလန်းနဲ့ ထားခဲ့တာပါတဲ့။ မေမေ စီးပွားရေး အဆင်ပြေတော့ သားတို့ သားအဖကို လိုက်ရှာပါတယ်တဲ့၊ ကံတရားအပြောင်းအလွဲတွေကြောင့် မဆုံကြရတာပါတဲ့၊ သားအဖေ အပေါ်မှာ သစ္စာကြီးခဲ့လို့လည်း မေမေကုမ္ပဏီ ထူထောင်တော့ သားအဖေရဲ့အမည် 'အောင်' ဆိုတဲ့ နာမည်ပါအောင် "ပြည့်ဖြိုးအောင်" ကုမ္ပဏီလို့ အမည်ပေးခဲ့တာပါတဲ့"

"အင်း...ဦးလေးဆက်အောင် အသက်ထင်ရှားရှိနေသေးရင် ဘယ်လောက်များ ဝမ်းသာရှာမလဲ မသိဘူးနော်"

"ပြီးဆုံးသွားတာတွေကို မလွမ်းချင်တော့ပါဘူး မဟော်ရယ်၊ ခု...မဟော်ကိုခေါ်ပြီး ထွက်ခဲ့တာက မဟော်ကို တရားဝင် ချစ်ခွင့်ပန်ဖို့ပါ"





ကွင်းပြင်ပေါ်မှာ မျိုင်းတစ်အုပ် ဖုံ့သန်းနေသည်ကိုမြင်သည်၊ ကျေးလက်၏ ညနေခင်းအလှက ပိုမိုပီပြင်လာ၏။

"ပြည့်ဖြိုးအောင် ကုမ္ပဏီပိုင်ရှင် သူဋ္ဌေးရဲ့သား မင်းဆက်မှူးကို မချစ်ဘူး၊ ကေသရီခြံကြီးရဲ့ အလုပ်သမား ကားမောင်းသမား မင်းဆက်မှူးကိုပဲ ချစ်တယ်"

"အဲဒီအတွက် ဆုံးဖြတ်ပြီးပါပြီ မဟော်"

"ဘာကိုဆုံးဖြတ်ပြီးတာလဲ"

"မေမေ့ဆီမှာလည်း မနေဘူး၊ ပြည့်ဖြိုးအောင် ကုမ္ပဏီကိုလည်း မအုပ်ချုပ်ဘူး၊ ကေသရီခြံကြီးကို ပြန်လာပြီးတော့ ဒါရိုင်ဘာအလုပ်ကိုပဲ လုပ်တော့မယ်"

"အပိုစကားတွေ မပြောနဲ့နော်"

"ဘဝကို မမေ့တတ်သလို မဟော်ကိုလည်း မမေ့ဘူး၊ တစ်ခုတော့ ရှိတယ်"

"ဘာကိုလဲ"

"ဘဘမောင်နဲ့ကြီးကြီးမေက ကိုယ်မြန်ဝင်မယ့် အလုပ်ကို လက်မခံရင်တော့ 'ပြည့်ဖြိုးရတနာ' ခြံကြီးက မေမေ့ဆီကို မဟော်ကို ခေါ်သွားရမှာပဲ"

မဟော်ထံမှ မျက်စောင်းလှဲ့လှဲ့ကလေး ဖြာကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာခံယူရင်း မဟေဟ်မျက်နှာကို စူးစိုက်ကြည့်ဆဲမှာ လေပြေတစ်ချက်က ဝှေ့ရမ်းသွား၏။

ဩော်...နဖူးပေါ် ပဲကျလာသည့် ချစ်သူ၏ ဆံစလေးများကို တရားဝင်လက်နှင့် သပ်တင်ခွင့်ကို သူရရှိပါပြီ။

ရွှင်လန်းချမ်းမြေ့ပါစေ
မောင်သာမြည့်



www.burmeseclassic.com